www.burmeseclassic.com

# ပွံ့ဒိုင်း

## ကမ္ဘာဦးကတည်းက ပွင့်တဲ့ပန်း



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဥ်သူ | - | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | ဖေဖော်ဝါရီလ၊ ၂၀၁၅ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | - | TZH |
| အဖုံးဖလင် | - | KABAOO |
| အတွင်းဖလင် | - | အေဇက် |
| တည်းဖြတ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | - | ဒေါ်ခင်မမ |
| မျက်နှာဖုံးပုံနှိပ် | | Happy Colour Printing<br>အမှတ် ၁၂၂၊ ၅၁ လမ်း(အလယ်)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဦးသန့်ဇင်ထွန်း<br>ကြယ်ပွင့်စာပေ (၀၀၁၇၈)<br>အမှတ် (၄၄-တီ)၊ မြေညီထပ်၊<br>၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ပဥ္စမံဒီဇိုင်း

ကမ္ဘာဦးကတည်းက ပွင့်တဲ့ပန်း / ပဥ္စမံဒီဇိုင်း - ရန်ကုန်။
ကြယ်ပွင့်စာပေ၊ ၂၀၁၅။

၁၇၇ - စာ။ ၁၃ စင်တီမီတာ × ၂၀ စင်တီမီတာ

(၁) ကမ္ဘာဦးကတည်းက ပွင့်တဲ့ပန်း


ဤဝတ္ထုသည် လူမှုရေးပရဟိတလုပ်ငန်းများ ဆောင်ရွက်နေသူအားလုံးကို ရည်ရွယ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မထင်ထားဘဲ

ရုပ်ရှင်၊ ဗွီဒီယိုဆန်ဆန်

ဇာတ်ကွက်မျိုးက

အမှန်းမီးတောက်ကို

ပန်တီးဖြစ်စေပါစေပါသလား။

## အခန်း (၁)

ဒီနေ့မှ သူတို့တစ်တွေ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်း မသိပါ။ ပရယ်တီကယ်လုပ်ဖို့ကလည်း နေ့လယ်မှဆိုတော့ မနက်ပိုင်းအခန်းထဲမှာ ကျောင်းတက်ပြီး ထမင်းစားချိန်ရောက်မှပဲ ကင်တင်းကို ထွက်လာခဲ့တော့တယ်။ ကိုယ့်ဖက်က ကင်တင်းမှာ မထိုင်ချင်တာနဲ့ အင်္ဂလိပ်စာအဆောင်ဖက်က Mr Poem ဆိုင်ကို ထွက်လာခဲ့တယ်။ သူငယ်ချင်းမတွေမပါဘဲ တစ်ယောက်တည်းထိုင်ပြီး စားရသောက်ရမှာ အတော်တော့ပျင်းခြောက်ခြောက်နိုင်သားလို့။ ဒါပေမယ့် သံမြသာ စဉ်းစားမိပါရဲ့။ တစ်ခါတလေ တစ်ယောက်တည်း အေးအေးလူလူ စားရသောက်ရတာလည်း ကောင်းတာပေါ့လို့။ သူငယ်ချင်းမတွေနဲ့ လေကြောမရှည်ဘဲ ကိုယ့်ဖာသာကိုယ် တစ်ယောက်တည်း အေးအေးလူလူ အရသာဇိမ်ခံစားရုံပဲလို့။

Mr Poem စားသောက်ဆိုင်နားရောက်တော့ သံမြသာ စိတ်ပျက်ချင်သလိုတောင် ဖြစ်သွားတယ်။ ဩော် . . . ကျောင်းသားတွေများ စတုဒီသာပေးသလား မှတ်ရတယ်။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ပေးဝယ်စားရတာတောင် ထိုင်ခုံစားပွဲတွေမှာ ကြပ်ကြပ်သပ်သပ်နဲ့ စားနေရတာ အသံဗလံတွေကဆူနဲ့ နားတွေ မညည်းကြဘူးလား မသိပါ။

သံမြသာကတော့ နေ့လယ်စာစားမယ်ဆိုပေမယ့် မနက်က အိမ်

www.burmeseclassic.com



မှာ ထမင်းကြော်စားလာတာ နည်းနည်းများသွားလို့ ထမင်းတော့ မစားတော့ဘူး တစ်ခြားဟာပဲ စားတော့မယ်လို့ ဆုံးဖြတ်ပြီး Mr Poem ဆိုင်ထဲဝင်လာခဲ့တယ်။

ဆိုင်ထဲရောက်မှ သံမြသာ သက်ပြင်းချနိုင်တော့တယ်။ ဆိုင်ထောင့်က စားပွဲဝိုင်းနှစ်ဝိုင်းမှာ တစ်ဝိုင်းမှာက ကျောင်းသားတစ်ယောက် ထိုင်နေပြီး သူ့ရှေ့က စားပွဲမှာက လွတ်နေလို့ပါ။ ကျောင်းသားတော်တော်များများက ဆိုင်ရှေ့က စားပွဲဝိုင်းတွေမှာပဲ ထိုင်နေတော်မူကြလို့ တော့ဇူးတောင် တင်မိနေပါသေးတယ်။

စားပွဲထိုးကောင်လေးကို ပဲပလာတာတစ်ပွဲနဲ့ နက်စ်ကော်ဖီတစ်ခွက်မှာလိုက်ပြီး လာချပေးတော့ သူငယ်ချင်းတွေက ဖုန်းဆက်ချင်ဆက်မှာပဲလေဆိုပြီး ဟမ်းဖုန်းကို ကျောင်းစာအုပ်တွေ ထည့်ထားတဲ့ School Bag ထဲကထုတ်ပြီး စားပွဲပေါ်တင်ထားရင်းက ပဲပလာတာကို လက်နဲ့ တို့ပြီး စားနေမိတယ်။

BURMESE CLASSIC

❑

ထည်ဝါ ဒီ Mr Poem ဆိုင်ထဲမှာ ရောက်နေတာ နာရီဝက်ရှိပြီ။ အေးသိန်းနဲ့ ပစ်ကြီးတို့နှစ်ယောက်က ဘယ်'လိမ့်'နေကြသလဲ မသိ။ ခက်တာက ဒီနှစ်ယောက်က ကိုယ့်ထမင်းကိုယ်စားပြီး တက္ကသိုလ်တစ်ခုလုံးမှာရှိတဲ့ သတင်းအချက်အလက်တွေကို မေဂျာပေါင်းစုံက စုဆောင်းပြီး တိုယ်တိုင်သတင်းယူ၊ ကိုယ်တိုင်ဖြန့်ချိနဲ့ ဆိုးတော့မဆိုးပါ။ သူတို့နှစ်ယောက် ဒီနှစ်ကုန်လို့ဘွဲ့ရရင် သူတို့ဝါသနာနဲ့သူတို့မို့ ဂျာနယ်လစ်လုပ်မလား ဒါမှမဟုတ် MRTV 4 ကနေ ခဏခဏကြော်ငြာထိုးနေတဲ့ MMDC သင်တန်းတက်ပြီး ရုပ်သံဌာနတွေမှာ လုပ်မလား၊ အဆင်ပြေမှာ သေချာတယ်။ အေးသိန်းဆို ပန်းချီပါဆွဲတာဆိုတော့ ပိုအဆင်ပြေလိမ့်မယ်လို့။

သူငယ်ချင်းနှစ်ယောက်အကြောင်းကို စဉ်းစားရင်း Mr Poem ဆိုင်အပေါက်ဝကို မျှော်မျှော်ကြည့်ရတာလည်း ကားဂိတ်မှာ ရည်းစား





မလာသေးလို့ လာနိုးနိုးနဲ့ မျှော်ရတဲ့အတိုင်းပဲ။ ဒီအထဲမှာ ရှေ့ကလွတ်နေတဲ့ စားပွဲမှာ ကျောင်းသူတစ်ယောက်က ဝင်ထိုင်ပြီး ပလာတာမှာစားနေလို့ သူ့ခေါင်းကိုကျော်ကျော်ပြီး ဆိုင်ပေါက်ဝဖက်ကို ကြည့်ကြည့်နေရတာ အထာတော့ မကျသေးပါဘူးလို့။

ငှဲ့ထားတဲ့ ရေနွေးကို သောက်လိုက်ချိန်မှာပဲ ဟမ်းဖုန်းမြည်သံကြားလို့ အသံက ကိုယ့်ဖုန်းသံမဟုတ်လို့ ဘယ်ကဖုန်းသံလဲဆိုတာ ကြည့်မိလိုက်တော့ ရှေ့စားပွဲဝိုင်းက စားပွဲခုံမှာ ပလာတာစားနေတဲ့ ကျောင်းသူချထားတဲ့ ဖုန်းဖြစ်နေတယ်။ အဲဒီပလာတာစားနေတဲ့ ကျောင်းသူခမျာ လက်နှစ်ဖက်နဲ့ ပလာတာကို တစ်ဖက်ကကိုင်၊ တစ်ဖက်ကဖဲ့ပြီး ပဲနယ်ထားတာကို ပလာတာအဖတ်နဲ့ တို့စားနေတာဆိုတော့ လက်နှစ်ဖက်က မအားတဲ့ပြင် အားပြန်ရင်လည်း ဖုန်းကိုင်တဲ့အခါ လက်မှ ပလာတာက ဆီတွေပေမှာ အမှန်ပဲ။ အဲဒီကျောင်းသူ တယ်လီဖုန်းဘယ်လိုကိုင်လေမလဲလို့ စာနာမိရင်းက ထည်ဝါက အဲဒီရှေ့က စားပွဲဆီသွားလိုက်ပါတယ်။

❑

"ကျွန်တော် ခင်ဗျားရဲ့ဟမ်းဖုန်းကို ကိုင်ထားပေးမယ်၊ ခင်ဗျားလက်မှာ ဆီတွေနဲ့ဆိုတော့ ဖုန်းမှာ ပေကုန်မှာစိုးလို့၊ ကဲ . . . ပြောတော့"

သံမြသာ ရုတ်တရက်ကြီးဆိုတော့ ကြောင်သွားပါတယ်။ သူမနောက်စားပွဲမှာရှိနေတဲ့ ကျောင်းသားက သူမရှိတဲ့စားပွဲဆီ ရောက်လာပြီး အသံမြည်နေတဲ့ ဟမ်းဖုန်းကို ခလုတ်ဖွင့်လိုက်ပြီး ပြောရင်းက သံမြသာ နားဝနားမှာ သူ့လက်နဲ့ ဖုန်းပြောဖို့ ကိုင်ထားပေးပါတယ်။

သံမြသာလည်း ထူပူသွားပြီး အဲဒီကျောင်းသားကို ဘာပြန်ပြောရမှန်းမသိပါ။ စားနေတဲ့ ပလာတာကို လတ်စသတ်လိုက်ပြီး လက်သုတ်ဖို့တောင် အချိန်မရဘဲ ဘယ်သူဆက်တာလဲလို့ နားထောင်တော့ သူငယ်ချင်းမတွေက ဖုန်းဆက်တာပါ။

"သံမြသာ ငါတို့ အလှပြင်ဆိုင်ရောက်နေတယ်၊ ဒီနေ့ကျောင်း

www.burmeseclassic.com



မလာဖြစ်တော့ဘူး၊ ပရယ်တီကယ်အချိန် နင့်ဟာသာလုပ်တော့"

"အေး! . . . အေး! . . ."

ချိချိစုတို့တစ်တွေ တတ်လည်းတတ်နိုင်တယ်လို့။ ဒီနေ့ကျောင်း မတက်ဘူးဆိုတာ မနက်ကတည်းက ဖုန်းဆက်လျှင်ပြီးတဲ့ကိစ္စကို။ အခု တော့ စားနေရင်းတန်းလန်း ဖုန်းဆက်ရတယ်လို့။ ဒါထက် ပိုဆိုးတာက သူမလက်ပေနေလို့ ဟမ်းဖုန်းကို သူမနားနားမှာ ကိုင်ထားပေးတဲ့ ကျောင်း သားကြောင့်ပါ။ မသိသူတွေကတော့ အဲဒီကျောင်းသားနဲ့ သမီးရည်းစား လို့ ထင်ကြမှာပဲလို့။ ရုပ်ရှင်ဗွီဒီယိုတွေထဲက ဇာတ်ဝင်ခန်းလိုမျိုး အဖြစ် သည်းနေတယ် ထင်ကြမှာပဲလို့။

"ရပြီ . . . ဖုန်းကိုချလိုက်တော့"

သံမြသာက တစ်ရှူးဗူးထဲက တစ်ရှူးကို ထုတ်ယူလိုက်ပြီး ဆီတွေ ပေနေတဲ့ လက်ကိုသုတ်ရင်းက ပြောလိုက်တယ်။ ပြီးတော့ ပါးစပ်တွေ ဘာတွေပါ သုတ်လိုက်ပြီး တစ်ရှူးစကို အမှိုက်ခြင်းထဲ ထည့်လိုက်တယ်။ ပိုက်ဆံအိတ်ထဲက ပိုက်ဆံကို ထုတ်လိုက်ပြီး စားပွဲထိုးကို ခေါ်ပါတယ်။

"ဒီဘက်ဝိုင်းရယ်၊ ပြီးတော့ ဟိုဘက်က စားထားတာပါ ယူလိုက် ဝါ"

"ဟာ . . . မလုပ်ပါနဲ့ . . . မယူပါနဲ့၊ ကျွန်တော့်ဟာသာ ကျွန်တော် ပေးမယ်"

ထည်ဝါက အတင်းငြင်းတာကို သံမြသာက မခိုးမခန့်ပြုံးလိုက် ပြီး . . .

"မရဘူး . . . ကျွန်မပေးမယ်၊ ရှင် . . . ကျွန်မလက်မှာ ဆီတွေ ပေနေလို့ ဖုန်းကိုင်ပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်မက ယောက်ျားတစ်ယောက်ကို ကျေးဇူးတင်ရမှာမျိုးကို မှတ်တမ်းမတင်တတ် ဘူး"

ထည်ဝါ တော်တော်ဒေါသထွက်သွားပါတယ်။ ဒီကျောင်းသူက တော့ လက်ထဲငွေငါးထောင်တန်ကိုင်ပြီး သူ့ကိုစော်ကားနေပြီလို့။

"အစ်မ . . . ကျွန်တော်ဘာလုပ်ရမလဲ၊ ဒီအစ်ကိုစားတာကို ယူ





ရမှာလား၊ မယူရဘူးလား"

သံမြသာပေးလိုက်တဲ့ ငွေငါးထောင်တန်ကို ကိုင်ထားတဲ့ စားပွဲ ထိုးက သံမြသာကိုကြည့်လိုက်၊ ထည်ဝါကိုကြည့်လိုက်နဲ့ ဖြစ်နေပါတယ်။

"လုံးဝမယူနဲ့နော်၊ ကိုယ့်ဟာသာကိုယ်ပေးမယ်"

"ဒါဆိုလည်း ပြီးရောဗျာ၊ အစ်ကိုနဲ့ အစ်မက ဘာခေါင်းစားသလဲ မမေးနဲ့၊ ရှုပ်နေတာပဲ"

စားပွဲထိုးကောင်လေးက ပါးစပ်က သူပြောချင်တာပြောပြီး ထွက် သွားပါတယ်။

"ဪ . . . ဒီမှာ . . . ခင်ဗျားကို ကျွန်တော်တစ်ခုတော့ ပြော ပါရစေ၊ ကျွန်တော်မှ မဟုတ်ဘူး၊ အခြားယောက်ျားလေးတစ်ယောက် ယောက်ကို စောစောကပြောတဲ့ စကားလုံးမျိုးတွေ ခင်ဗျားမပြောမိပါ စေနဲ့၊ မထင်မှတ်လို့ ကူညီမိတာမျိုးကို ပြောရလေရယ်ဆိုပြီး ခင်ဗျားကို ဝက်ပက်စက်စက် ယောက်ျားပါးစပ်နဲ့ ပြောသွားလိမ့်မယ်ဆိုတာ မှတ် ထားပါ၊ ဘာလဲဗျာ . . . ကူလည်း ကူညီရသေးရဲ့"

ထည်ဝါက သံမြသာနားကနေ ထွက်သွားပြီး သူထိုင်နေကျခုံမှာ ပြန်ထိုင်လိုက်ကာ ရေနွေးတစ်ခွက်ကို ငှဲ့သောက်လိုက်ပါတယ်။

စားပွဲထိုးကောင်လေးက သံမြသာဆီ ပြန်ရောက်လာပြီး ပြန် အမ်းတဲ့ငွေကို လာပေးပါတယ်။ သံမြသာလည်း စားပွဲထိုးပေးတဲ့ ပိုက်ဆံ ထဲက ငွေတစ်ထောင်တန်တစ်ရွက်ကို ဖယ်လိုက်ပြီး ကျန်တဲ့ပိုက်ဆံတွေ ပိုက်ဆံအိတ်ထဲ ပြန်ထည့်၊ ချထားတဲ့ ဟမ်းဖုန်းကို ကောက်ယူလိုက်ပြီး ထည်ဝါထိုင်နေတဲ့ စားပွဲဝိုင်းဆီ သွားလိုက်တယ်။

"ရှင့်ဟာသာ ထင်ချင်သလိုထင်၊ သတ်မှတ်ချင်သလိုသတ်မှတ် ပါ . . . ရှင်ကူညီတဲ့အတွက် ရှင့်တန်ဖိုးပဲ"

"ခင်ဗျား! . . . ခင်ဗျားဗျာ!"

သံမြသာက ပိုက်ဆံတစ်ထောင်တန်ကို ထည်ဝါထိုင်နေတဲ့ ယော ဖက်ရည်စားပွဲဝိုင်းပေါ် ချလိုက်ပြီး ဆိုင်ထဲက ထွက်သွားတာကို ထည်ဝါ က အံ့အားတသင့်ဖြစ်သလိုမျိုး လှမ်းအော်ပြောပေမယ့် အချည်းအနှီးသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရပါတယ်။

ထည့်ဝါတွေးမိပါတယ်။ ဒီကျောင်းသူနဲ့တော့ ပွဲက ဒီမှာတင် ပြီးဦးမှာ မဟုတ်ဘူးလို့။

❑ ❑ ❑

စာနာ၊ ထောက်ထား

သနား၊ ကရုဏာပန်းတွေပွင့်မယ့်

မေတ္တာပန်းပင်များ

ကမ္ဘာအနှံ့ပေါက်ရောက်စေသား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အားလုံးက ထည်ဝါ့စကားကို နားထောင်ပြီး ဝိုင်းဟားကြပါတယ်။ ဒီအထဲမှာ ပစ်ကြီးက အဆိုးဆုံး။ ဒါတောင် အေးသိန်းမသိသေးလို့။ ဒီကောင်ကလည်း ပန်းချီပြပွဲမှာ သူ့ပန်းချီကားတွေပါ ပြရမယ်ဆိုလို့ ပစ်ကြီးပြောပုံအရ မနက်ကတည်းက အိမ်မှာ ပန်းချီဆွဲနေတာ ကျောင်းတောင်မတက်ဖြစ်ဘူးတဲ့။

ဒီနေ့ညအစည်းအဝေးတောင် ဒီကောင်ရောက်မလာသေးလို့ သူ့ကိုထိုင်စောင့်ရင်း မနက်က ကျောင်းကကိစ္စကို ပြန်ဖေါက်သည်ချနေမိပါတယ်။ အိမ်ရှင်ဖြစ်တဲ့ ကိုကြီးကျော်ကတော့ ထည်ဝါတို့သူငယ်ချင်းတွေနဲ့ ရပ်ကွက်ထဲက လူငယ်တွေ တစ်လကို ငွေကျပ်နှစ်ထောင်နှုန်းနဲ့ စုဆောင်းထည့်ဝင်ထားတဲ့ ယခုလအတွက် ငွေစာရင်းကို စစ်နေပါတယ်။

ကိုကြီးကျော်အနေနဲ့ ငွေစာရင်းကို မစစ်လို့က ဘယ်ရမလဲ။ သူက စာရင်းကောငွေပါကိုင်ဖို့ ပူးတွဲတာဝန်ယူထားရတာပါ။ အခွန်ဦးစီးဌာနက အရာရှိဖြစ်တော့ ဒါမျိုးတွေက ကိုကြီးကျော်အဖို့ ကျွမ်းကျင်ပြီးသားပါ။

ထည်ဝါတို့တစ်တွေက 'နှလုံးလှ' ဆိုပြီး လူမှုရေးပရဟိတအဖွဲ့လေးတစ်ဖွဲ့ ဖွဲ့ထားပါတယ်။ သူငယ်ချင်းတွေနဲ့ ရပ်ကွက်ထဲက ကျောင်း





သားလူငယ်တွေကော ဘွဲ့ရသူတွေကော ဝန်ထမ်းလူငယ်တွေကော ဒါ့အပြင် ဟိုဘက်ရပ်ကွက်က လူငယ်တွေပါ ပါဝင်ကြပါတယ်။ အသင်းဝင်တစ်ယောက်ကို တစ်လငွေကျပ်နှစ်ထောင်ကောက်ပြီး ရတဲ့ငွေကို ဘဏ်မှာအပ်ထားပါတယ်။ ဆင်းရဲချို့တဲ့တဲ့ ကျောင်းသားတွေ၊ မရှိနွမ်းပါးသူတွေ ဆေးကုဖို့လိုတဲ့အခါ၊ နာရေးဖြစ်တဲ့အခါမျိုးတွေ အခြားသော အရေးကြီးလို့ ကူညီမှရတဲ့ကိစ္စမျိုးတွေမှာ ကူညီဖို့ ရည်ရွယ်ခဲ့တာပါ။ တစ်လတစ်ခါ ဘာကိုလှူဒါန်းရမယ်၊ ကူညီရမယ်ဆိုပြီး အဖွဲ့ဝင်တွေ တွေ့ဆုံတဲ့အခါမှာ ဆုံးဖြတ်သလို အရေးပေါ်လာရင်လည်း အရေးကြီးသလို လှူဒါန်းပါတယ်။ အဖွဲ့ဝင်အားလုံးက လူငယ်တွေချည်းပဲဖြစ်ပြီး အသက်ကြီးတဲ့သူဆိုလို့ ကိုကြီးကျော်သာရှိတဲ့အတွက် သူ့ကိုပဲ ဥက္ကဋ္ဌကော၊ အတွင်းရေးမှူးကော၊ ဘဏ္ဍာရေးမှူးရာထူးပါ ပေးထားပါတယ်။ အဖွဲ့ဝင်တွေဆိုတ်ရာက ကိုကြီးကျော်ရဲ့နေအိမ်ပါပဲ။ အမေရယ်၊ သူရယ် နှစ်ယောက်ထည်းရှိပြီး အိမ်ကလည်း ကျယ်၊ လူကလည်း ရှင်းတာမို့ အသင်းကိစ္စမျိုးပြောကြဆိုကြတဲ့အခါ အဆင်ပြေလေရဲ့။

"ထည်ဝါ . . . စောစောက ငါစာရင်းတွေလုပ်လို့ ဝင်မဆွေးနွေးသာ မင်းနဲ့ကျောင်းကင်တင်းမှာ ဖုန်းကိစ္စကြောင့် တွေ့ရတယ်ဆိုတာ ဒါက ဝတ္ထုသီအိုရီအရပြောရရင် Campus Stories တွေပါ။ အခုလည်း ရှိမယ်၊ နောင်လည်း ရှိမယ်၊ ဒီအကြောင်းက အကြီးကြီးမှမဟုတ်တာ၊ ငါတို့လုပ်တဲ့ နှလုံးလှလူမှုရေးကိစ္စသာ ခေါင်းထဲထည့်စမ်းပါ၊ ငါတို့အမှားတစ်ချက်လုပ်လို့က ငါတို့ကို စောင့်ကြည့်နေတဲ့သူတွေက ပါးစပ်အချိန်ကိုက်ဗုံးတွေ ဖေါက်ခွဲကြမယ်ဆိုတာ ပြောမနေနဲ့၊ အဲဒါကို မင်းရဲ့မှီမိုရီထဲမှာ ထည့်ထားဦး"

ဒီလိုပြောလာမယ်လို့ ထည်ဝါသဘောပေါက်ပြီးသား။ စောစောကတည်းက ကိုကြီးကျော်တစ်ယောက် ဘာမှဝင်မပြောကတည်းက စကားလုံးတွေ စီနေပြီဆိုတာ။ ကိုကြီးကျော်မှာ ထူးခြားချက်က အဲဒါပါပဲ။ စကားကို လိုရင်းမပြောဘဲ စီကာပတ်ကုံးနဲ့ ဝေ့ဝိုက်နေလို့ပါ။ ဒါကြောင့်လည်း ဒီလူကြီး လူပျိုကြီးဖြစ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးကျော် . . . ခင်ဗျားလည်း မပြောနဲ့၊ အေးသိန်းကိုလည်း စောင့်မနေနဲ့တော့၊ ကျွန်တော်တို့အဖွဲ့ရဲ့ အစီအစဉ်ကို ပြောမယ်"

ပစ်ကြီးက သူ့လက်ထဲမှာ ကိုင်ထားတဲ့ ဂျာနယ်တစ်စောင်ရဲ့ အလယ်စာမျက်နှာကို လှန်လိုက်တယ်။

"ဟောဒီဂျာနယ်ထဲမှာ တွေ့လား၊ အဲဒါ ညောင်တန်းဖက်က နာဂစ်မိထားတဲ့ စာသင်ကျောင်း၊ ဒီနေ့ထိ ဘယ်သူမှ ကျောင်းကိုလာမလှူလို့ ကျောင်းမဆောက်နိုင်ဘူး၊ မူလတန်းကျောင်းသားရှစ်ဆယ်လောက်ရှိတယ်၊ စာသင်ဆောင်တွေက ကိုယ့်အိမ်က အိမ်သာလောက်တောင် မကောင်းဘူး . . . တွေ့လား၊ အမိုးမရှိ အကာမရှိနဲ့ ကလေးတွေအတွက် သိပ်လိုအပ်နေတာက စာအုပ်စာတမ်းတွေပဲ၊ လှူချင်ရင် ဆက်သွယ်ရမယ့် လိပ်စာပါတယ်၊ အဲဒီကို သွားလှူမယ်"

ကိုကြီးကျော်က ပစ်ကြီးလက်ထဲက ဂျာနယ်ကိုယူပြီး ကြည့်လိုက်ပါတယ်။

"ပစ်ကြီး မင်းပြောတာ ဟုတ်တယ်၊ နိုင်ငံတော်ကလည်းကွာ . . . အရှေ့တောင်အာရှအားကစားပွဲကျတော့ သိန်းထောင်ပေါင်းများစွာ အကုန်ကျခံပြီး လုပ်နေတယ်၊ ဒီလိုပညာရေးတွေမှာကျတော့ ဂျာနယ်တစ်စောင်မှာ ဖတ်တုန်းက ဘတ်ဂျက်နှစ်ရာခိုင်နှုန်းပဲ သုံးတယ်တဲ့၊ အရှေ့တောင်အာရှမှာ ရွှေတံဆိပ်ဆုရလို့ နိုင်ငံဂုဏ်ဆောင်မှာထက် ပညာရေးကို အဖက်ဖက်က ဖြည့်ဆည်းပေးလို့ ပညာရေးမှာ ထူးချွန်ပြီး နိုင်ငံတော်ကြီးကို တန်ဖိုးမြှင့်တင်ပေးမယ့်လူထက် ဘယ်ဟာတန်ဖိုးရှိလဲကွာ၊ စဉ်းစားကြည့်စမ်း၊ ဆရာဝန်တစ်ယောက်၊ ကျောင်းဆရာတစ်ယောက်ရဲ့တန်ဖိုးနဲ့ တူမလား"

တစ်ခါတစ်လေတော့လည်း ကိုကြီးကျော်ဆီက ထိုစကားလုံးမျိုးတွေ ပွင့်ထွက်လာတတ်ပါတယ်။

"ဒီလိုဆို ကိုကြီးကျော်၊ ကျွန်တော်နဲ့ထည်ဝါ ဖုန်းဆက်ပြီး စီစဉ်တာရှိတာ စီစဉ်မယ်၊ စာအုပ်နဲ့ ခဲတံနဲ့ ပိုက်ဆံပါလှူတာပေါ့"

ပစ်ကြီးစကားကို အဖွဲ့ဝင်တွေ ဘယ်သူမှ မငြင်းပါ။ ကိုယ့်ထ





တော့ အရိပ်အာဝါသအောက်မှာ ပညာရှာဆဲ၊ ရှာခဲ့၊ ဖြစ်ခဲ့ပေမယ့် စောစောက ဂျာနယ်ထဲက ဖော်ပြတဲ့ စာသင်ကျောင်းက ကလေးတွေရဲ့ဘဝကိုတော့ အားလုံးက စာနာသနားနေကြတာက အမှန်ပါပဲ။

❑

အင်္ကျီအဝတ်အစားဟောင်းများကို မီးပူထိုးသူက ထိုး၊ ဝယ်လာသော မုန့်များကို သူ့ဟာနှင့်သူ ခွဲနေသော ချိုချိုစု၊ မျိုးမျိုးသွယ်၊ ခင်သန်းဆင့်နှင့် အခြားသော သူငယ်ချင်းတွေက သူ့ဟာနှင့်သူ အလုပ်ရှုပ်နေကြတယ်။

သံမြသာကတော့ ဖုန်းနဲ့လာမယ့် တနင်္ဂနွေနေ့ကိစ္စကို ဖုန်းဆက်ဖို့လို့ ပိုက်ဆံဝါးဖို့ အင်္ကျီအိတ်ကပ်ထဲနှိုက်လိုက်တာ ပိုက်ဆံမရှိတော့ပါ။

"ဒုက္ခပါပဲ . . . ပိုက်ဆံကလည်း ဝါးပါမယ်ဆိုကာမှဟာ မရှိတော့ဘူး"

"သံမြသာ . . . နင့်ပိုက်ဆံကိစ္စက အသာထားဦး၊ ဖုန်းဆက်တာဘာတဲ့လဲ"

ချိုချိုစုက မုန့်ထုတ်တွေကို ထပ်နေရင်းမှ မေးလိုက်တော့ . . .

"အဲဒီမိဘမဲ့ပရဟိတကျောင်းက ကလေးတွေက တနင်္ဂနွေနေ့မှာ ဘာသင်တန်းမှမရှိဘူး၊ အားတယ်တဲ့"

"ကဲပါ . . . သံမြသာရေ . . . ငါ နင့်အကြောင်းသိလို့ ပိုက်ဆံယူထားတယ်"

ချိုချိုစုစကားဆုံးတော့ မျိုးမျိုးသွယ်က သူမပိုက်ဆံအိတ်ထဲကနေ ပိုက်ဆံဖူးကို ပေးလိုက်ပါတယ်။

"Thank you ဒါကြောင့်လည်း ငါ့သူငယ်ချင်းတွေကို ချစ်နေတာ"

သံမြသာက မျိုးမျိုးသွယ်ပေးတဲ့ ပိုက်ဆံဖူးကိုဖေါက်ပြီး ပိုက်ဆံတစ်ခုကို စက္ကူပတ်ခွာပြီး ပါးစပ်ထဲထည့်လိုက်ရင်းက ပိုက်ဆံအနှစ်ကို သေ

www.burmeseclassic.com



သေချာချာဖေါက်ပြီး အကျီအိတ်ထဲထည့်လိုက်တယ်။

"သံမြသာတို့ကတော့ ဘာမှမဟုတ်တဲ့ စက္ကူကအစသိမ်းပြန်ပြီ"

သံမြသာပြုံးမှုပုံကိုကြည့်ပြီး ခင်သန်းဆင့်က ပြောတော့ . . .

"ဒါကတော့ လူတစ်ဖက်သားက ကိုယ့်အကြိုက်ကို သိတတ်လို့ ပေးတာကို ကိုယ်က အသိအမှတ်ပြုပေးရမှာပေါ့၊ ငါ့အကျင့်နည်း သိသား နဲ့၊ ငါက သူများဖေါက်ဆောင်ပေးတဲ့ ပစ္စည်းတွေဆို အမှတ်တရသိမ်းတတ် တယ်ဆိုတာ"

သံမြသာက ခင်သန်းဆင့်စကားကို ပြန်ဖြေပြီးတဲ့အချိန်မှာ သံမြ သာတို့ ခေါင်းရင်းသုံးအိမ်ကျော်က လက်ထောက်ကထိက ဒေါက်တာဘွဲ့ ကျမ်းပြုနေတဲ့ မမသင်းရောက်ချလာပါတယ်။

"ဟော . . . လူတောင် စုံနေကြပြီပဲ၊ အံမယ် . . . ပစ္စည်းတွေ ကလည်း လှူဖို့ အစုံပါပဲလား၊ မမသင်းတောင် ပြောထားသေးတယ် ကျောင်းက မိတ်ဆွေတွေ၊ ဆရာ၊ ဆရာမတွေကို ကလေးအဝတ်အစား အဟောင်းတွေရှိရင် လှူပါလို့၊ လှူမယ်တဲ့ ဒီတစ်ခါမရလည်း နောက် တစ်ခါပေါ့"

မမသင်းက သူ့ဝသီအတိုင်း ရောက်ရောက်ချင်း ပြောရင်းဆို ရင်းက လက်ထဲမှာ ကိုင်ထားတဲ့ စာရင်းစာအုပ်ကို ချလိုက်ပါတယ်။

"တို့တစ်တွေ အခုဖွဲ့ထားတဲ့ လူမှုရေးအဖွဲ့ထဲကို မမသင်းရဲ့ သူငယ်ချင်းမရဲ့ညီမတွေ၊ မောင်တွေကလည်း လစဉ်ကြေးလည်း ထည့် မယ်၊ မမသင်းတို့အဖွဲ့လည်း ဝင်မယ်၊ သူတို့လည်း အားတဲ့အချိန် လူမှုရေး ကိစ္စတွေ ပါဝင်ချင်လို့တဲ့"

"ကောင်းတာပေါ့ မမသင်းရယ်၊ အဖွဲ့ဝင်အင်အားတောင့်တာ ပေါ့"

ခင်သန်းဆင့်က ဝမ်းသာအားရပြောရင်းက ခေါက်ထား၊ မီးပူ ထိုးထားတဲ့ အကျီတွေကို ပလပ်စတစ်အိတ်တွေထဲ အကျီ၊ ဘောင်းဘီ တစ်ထည်ချင်းစီထည့်နေပါတယ်။

"သံမြသာတို့ရေ . . . ကလေးတွေအတွက် ဒီတစ်ပတ်ငွေငါး





သောင်းလောက်တော့ လှူလို့ရတယ်"

မမသင်းက စာရင်းစာအုပ်ကို လှန်လိုက်ပြီး ကြည့်ရင်းက ပြော ပါတယ်။

"ကောင်းတာပေါ့ . . . မိဘမဲ့ကလေးတွေအတွက် နောက်ရက် တွေမှာ ဘုန်းကြီးကျောင်းက မုန့်တွေဘာတွေ သူတို့ကျောင်းတက်တဲ့အခါ ယူပေးလို့ ရတာပေါ့"

"သံမြသာရေ . . . ပြောလို့ပြောတာ မဟုတ်ဘူး၊ တို့လိုလူမှုရေး အဖွဲ့တွေဘာတွေမျိုးဖွဲ့ဖို့ လူငယ်တွေ တော်တော်စိတ်ဝင်စားလာကြပြီ၊ တစ်နေ့က MRTV 4 က ဂိမ်းအစီအစဉ်မှာတောင် ဆုငွေရရင် ဘာလုပ် မလဲဆိုတော့ ခေတ်ဆန်ဆန်ဝတ်ထားတဲ့ 'လန်း'တဲ့ပုံစံနဲ့ ကောင်လေးက အဲဒီရတဲ့ပိုက်ဆံကိုမသုံးဘဲ ပရဟိတလူမှုရေးအသင်းဖွဲ့ဖို့ မတည်မယ်တဲ့၊ ဘယ်လောက်ကောင်းလဲ"

မျိုးမျိုးသွယ်စကားကို နားထောင်နေတဲ့ မမသင်းက သူကြည့် နေတဲ့ စာရင်းစာအုပ်ကို ပိတ်လိုက်တယ်။

"အဲဒါ သိပ်ကောင်းတာပေါ့ကွဲ့၊ လူငယ်လေးတွေဟာ ဘီယာ ဆိုင်၊ အရက်ဆိုင်၊ chatting တွေမှာ အချိန်ကုန်ခံငွေကုန်ခံ၊ ဘဝပျက် ခံဘဲ ဒီလိုလူမှုရေးစိတ်မျိုးတွေရှိတာက တိုင်းပြည်အတွက် ဆုလာဘ် တစ်ခုပဲလေ၊ မမသင်းတို့ အခုလို လူမှုရေးလုပ်တယ်ဆိုတာ မင်းတို့တစ် တွေ အတန်းပညာသင်တာမျိုးနဲ့ မတူဘူးဆိုတာ ခွဲခွဲခြားခြားသိရမယ်၊ အတယ်တော့ ပညာသင်တယ်ဆိုတာ တရုပ်ပညာရှိကြီး 'မိန်းရှပ်'ရဲ့စကား နဲ့ပြောရရင် ဘာမှမဟုတ်ဘူး၊ ပျောက်ဆုံးသွားတဲ့ နှလုံးသားကို လိုက်ရှာ တာ အခုလို မရှိနွမ်းပါးတဲ့သူတွေကို လှူဒါန်း၊ အားပေးနှစ်သိမ့်တာက အရေးတကြီးထားတာက ပညာရှိကြီး 'ကွန်ဖြူးရှပ်'ရဲ့ လူသားချင်းစာနာ ထောက်ထားတဲ့ ကိုယ်ချင်းစာတရားကို တန်ဖိုးမြှင့်တင်ပေးတာကွဲ့"

"မမသင်းရာ . . . အဲဒါမျိုးက မြတ်စွာဘုရားရှင်လည်း ဟောခဲ့ တာပဲ၊ မမသင်းက ဒဿနိကဗေဒဆရာမဆိုတော့ အတွေးအခေါ်ပညာ ရှင်နဲ့ ဥပမာပေးတာက ဟုတ်ပါတယ်၊ ဒါပေမယ့် ဘုရားဟောတဲ့ ပိုစော

www.burmeseclassic.com



ပါတယ်"

သံမြသာက မမသင်းအကြောင်းကို သိပြီးသား။ သည်လိုမှမပြောလို့က သံမြသာတို့အိမ်ထဲမှာ မမသင်းနှုတ်ဖျားကနေ ဂရိတို့၊ ပြင်သစ်တို့သာမက ရုရှား၊ အိန္ဒိယ ကမ္ဘာ့နိုင်ငံပေါင်းစုံက အတွေးအခေါ်တွေအကြောင်း လွင့်ထုတ်မှာမို့လို့ပါ။

အဲဒီနောက်တော့ တနင်္ဂနွေနေ့သွားရောက်မည့် ဘုန်းကြီးကျောင်းမှ မိဘမဲ့ကလေးများကိစ္စကို ဘယ်သူက ဘာလုပ်ရမည်ဆိုသည့် တာဝန်တွေကို ခွဲကြပါတော့သည်။

ဒီလိုလူမှုရေးတွေလုပ်ဖို့ စတင်အကြံပြုသူ မမသင်းကတော့ ပြောနေကြတာကိုကြည့်ပြီး ကျေနပ်မဆုံးပါပဲ။

❑ ❑ ❑



မိုးရေစက်တွေကြောင့်
အမုန်းမိုးတောက်
ငြိမ်းပြီထင်ကာမှ
မီးတောက်က
ဘာကြောင့်များ
ထလောင်ကျွမ်းရပါလိမ့် !!!

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အစက ဒီလိုကို မထင်ထားပါ။ ရန်ကုန်ရာသီဥတုကို မယုံတာလည်း ပါတာပေါ့လေ။ မိုးက မရွာဘူးထင်တယ်ဆိုပြီး ထီးကိုရှုပ်လို့ ကားထဲမှာထားခဲ့တယ်။ သံမြသာကို ထူးတယ်ပဲ ပြောရမလားမသိ။ မိန်းကလေးဖြစ်ပြီး ခေါက်ထီးကိုင်ရမှာကို တကယ်ပျင်းလို့ သူငယ်ချင်းတွေသာမက အိမ်မှမိဘနှစ်ပါးကလည်း ပြောတာခဏခဏပင်။ မတတ်နိုင်ပါ။ ကိုယ့်စရိုက်၊ ကိုယ့်ဓလေ့လေးကိုတော့ ကိုယ်နှင့်ပတ်သက်သူတွေ သတိရစေဖို့ ဒါလေးတစ်ခုတော့ ထိန်းသိမ်းရမည်လို့။ အဲဒီလို ထိန်းသိမ်းလို့လည်း ကျောင်းလွှတ်တော့ စာသင်ဆောင်ကနေအထွက် မိုးကမရွာသေးပါ။ ဒီနေ့မှ ကားကို ချိုချိုစုက စာသင်လို့ပြီးခါနီးတစ်ချိန်မှာ မြို့ထဲသွားစရာရှိလို့ ကျန်သည့်သူငယ်ချင်းမနှစ်ဦးကိုခေါ်ပြီး ယူသွားပါတယ်။ သံမြသာကတော့ Paper 4 ကို သိပ်မရလို့ နောက်ဆုံးတစ်ချိန်တက်ဖို့ ကျန်ရစ်ခဲ့တယ်။ ထီးကတော့ ချိုချိုစုမောင်းယူသွားတဲ့ ကားထဲပါသွားပြီ။ ချိုချိုစုတလည်း ဒီနေ့မှ ကားကိုမယူလာ။ ပြီးမှ သံမြသာအိမ်ကို ကားပြန်လာပို့မည်တဲ့။

ထို့ကြောင့် သံမြသာအဖို့ ကားငှားပြီးတော့ အိမ်ပြန်ဖို့သာရှိတယ်လို့ဆိုပြီး ဘွဲ့နှင်းသဘင်လမ်းမကြီးဖက်ကို ခပ်သုတ်သုတ် လျှောက်လာ





တဲ့အချိန်မှာပဲ မိုးက မထင်မှတ်ဘဲ ရွာချပါတယ်။ ဆိုင်ဆိုင်၊ မဆိုင်ဆိုင် စိတ်ထဲကနေ မေတ္တာပို့မိရင်း မိုးခိုဖို့ကားဂိတ်ဖက်ကို ပြေးသွားမိတယ်။

ထည်ဝါထင်တော့ မထင်ထားပါ။ သေချာတာက ဟိုကျောင်းသူဆိုတာပါပဲ။ ဆိုင်ထဲမှာ သူ့ကို 'ဘု'တောတောသွားသူ။ ထီးမပါလို့လားသိ။ ကားဂိတ်ဆီကို မိုးခိုဖို့ ပြေးနေတာ မိန်းကလေးကျောင်းသူဖြစ်ပြီး ရုပ်ပျက်တဲ့ မြင်ကွင်းဖြစ်နေလို့ မတတ်နိုင်ဘူး ဖြစ်ချင်ရာဖြစ်ဆိုပြီး အဲဒီကျောင်းသူနောက် ပြေးလိုက်လိုက်ပါတယ်။

"ဒီမှာ . . . ဒီမှာ . . . ရော့ . . . ကျွန်တော့်ထီးဆောင်းသွားဒီအတိုင်းချည်း မပြေးပါနဲ့၊ လူကြည့်လို့ မကောင်းဘူး"

"ဩော် . . . ရှင်ပါလား"

သံမြသာက သူမနောက်ကနေ တစ်စုံတစ်ယောက်က ပြေးလိုက်လာရင်းပြောလို့ လှည့်အကြည့်မှာ ထည်ဝါ့ကို မြင်လိုက်ရလို့ပါ။

"အံ့သြတာ နောက်မှအံ့သြ၊ တော်ကြာ . . . ခင်ဗျားတစ်ကိုယ်လုံး မိုးရွှဲသွားမယ်"

ထည်ဝါက ပြောပြောဆိုဆိုနှင့် ထီးကို သံမြသာလက်ထဲ အတင်းထည့်လိုက်ပါတယ်။ ဒီတစ်ခါတော့ သံမြသာက မငြင်းပါ။ ထည်ဝါပေးတဲ့ထီးကိုယူပြီး ဆောင်းလိုက်ပါတယ်။

"မိန်းကလေးဆိုတာ မိန်းမတို့ဣန္ဒြေအရ မပြေးရဘူးဗျ၊ ကျောင်းစာမကြီးဝိသာခါကို သိမှာပေါ့၊ မိုးရေထဲမှာမပြေးဘဲ တည်တည်ငြိမ်ငြိမ်လမ်းလျှောက်လို့ သူ့ကိုမေးတဲ့အခါ သူက မိန်းမဆိုတာ ဣန္ဒြေရှိရတယ်၊ ပြေးလို့ချော်လဲမယ် တစ်ခုခုဖြစ်ရင် ရုပ်ဆင်းအင်္ဂါချို့ယွင်းသွားရင် ခင်ပွန်းကောင်းဘယ်ရမလဲတဲ့၊ ပြီးတော့ ဟိုဟာလုန်၊ ဒီဟာလုန်ဖြစ်ကုန်ရင် အရှက်တကွဲဖြစ်မယ်တဲ့၊ ဒါကြောင့် မိန်းကလေးဣန္ဒြေကိုထိန်းပြီး မိုးဘယ်လောက်ရွာရွာ လမ်းလျှောက်တာ တည်ငြိမ်ရတယ်တဲ့၊ အဲဒါသိလား"

သံမြသာ တော်တော်စိတ်ညစ်သွားပါတယ်။ ထီးဆောင်းထားတဲ့သူမဘေးနားကနေလိုက်ပြီး ပါးစပ်က ဆရာကြီးလိုလို၊ ဘာလိုလိုနဲ့ စာရားတွေ လာဟောပြနေလို့ပါ။ သူ့ထီးယူဆောင်းမိတာ မှားပြီလားအသိပါလို့။

www.burmeseclassic.com



"ရှင်က ထီးငှားပြီး ကျွန်မကိုဖွဲ့တာလား၊ ရှင်ပြောပုံအရဆို လေယာဉ်ပျံနဲ့ဗုံးတွေ ကျဲရင်ကော၊ ဘာလဲ . . . လှယဉ်ကျေးမယ်ပြိုင်ပွဲထဲကလို လမ်းလျှောက်ရမှာလား။ ရှင်နော် . . . ကျွန်မမိုးရေတွေ ရွှဲမှာစိုးလို့ ရှင်ထီးပေးတာ ဆောင်းမိတာ၊ ဒါကျွန်မဘဝမှာ ပထမဦးဆုံးပဲ၊ အခွင့်ရေး ရတယ်ဆိုပြီး မှို့ချိုးမျှစ်ချိုးလာမဖွဲ့နဲ့၊ ကျွန်မအကြောင်း မသိသေးဘူးထင်တယ်"

ထည်ဝါရယ်ချင်သလို ဖြစ်သွားပါတယ်။ ထီးဆောင်းထားတဲ့ သံမြသာဆိုတဲ့ ကျောင်းသူဘေးကနေလိုက်ပြီး စကားလုံးတွေ 'ဖွဲ့'လွှတ်တာ ဟိုက ရင်ဘတ်ထဲတန်းထိလို့ မိုးရေထဲမှာ ဒေါသတွေက ဆွေ့ဆွေ့ခုန်နေပါတယ်။

ထည်ဝါ မီးအရှိန်ကို ထပ်မြှင့်ရပါဦးမယ်။

"ကျွန်တော့်ထီးထားခဲ့ပြီ၊ အပူဒဏ်၊ မိုးဒဏ်ကို ရင်ဆိုင်ရတိုင်း ကျွန်တော့်အစား ကျွန်တော့်ထီးလေးက ခင်ဗျားကို အရိပ်ပေးပါလိမ့်မယ်။ ကာကွယ်ပေးလိမ့်မယ်ဗျာ၊ သွားပြီဗျို့"

"ဒီမှာ ရှင့်ထီး! . . . ရှင့်ထီး!"

ထည်ဝါ့စကားကြောင့် ဒေါသထွက်သွားတဲ့ သံမြသာက ထီးကို ဆောင်းထားရင်း သူမနားက ထွက်သွားတဲ့ ထည်ဝါ့ကို အော်ပြောပြီး ထီးပြန်ပေးဖို့ခေါ်ပေမယ့် ဟိုက လှည့်မကြည့်ဘဲ ထွက်သွားတာကို သံမြသာမကျေမနပ်နဲ့ ခြေထောက်ဆောင့်မိပါတယ်။ ခြေထောက်နဲ့ မိုးရေထိသံက ဂီတသံလိုမျိုး ဖြစ်နေတာကိုတောင် အာရုံမခံစားနိုင်ခဲ့တော့ပါ။

❑ ❑ ❑



ပိုလျှံနေတဲ့ မေတ္တာတွေကို
လိုနေသူတွေ ဆီဖြည့်တင်းပေးရတာ
ဒီလိုမေတ္တာတွေ ထုံကူးခြင်းဖြင့်
လူ့တာမှာလူ့ရွာကြီး
မြဟ္မစိုတရားတွေနဲ့
အလှဆုံးပန်းချီကားဖြစ်နေမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ရှေ့ကနေပြီး ဦးဆောင်မောင်းနှင်နေတဲ့ကားက ဘုန်းကြီးကျောင်းဝင်းထဲကို ကွေ့ဝင်လိုက်တယ်။ အဲဒီကားနောက်ကနေ သံမြသာရဲ့ဖခင် ဦးရွှေတောင်မောင်းနှင်တဲ့ကားက နောက်ကနေ လိုက်ဝင်လာပါတယ်။ ကားသံတွေကြောင့်လားမသိ၊ ဘုန်းကြီးကျောင်းထဲက အရွယ်စုံကလေးငယ်တွေ ပြေးထွက်လာကြပါတယ်။ သူတို့မျက်နှာတွေမှာ သူတို့လိုချင်တာ တစ်စုံတစ်ခုကိုရလို့ ကျေနပ်သွားတဲ့ပုံစံမျိုး ဖြစ်နေပါတယ်။ သံမြသာတို့အဖွဲ့တွေ ကားနှစ်စီးပေါ်က ဆင်းလာတဲ့အခါ ကလေးငယ်တွေက သူတို့ဆီပြေးလာပြီး သူတို့ရဲ့လက်တွေကို ကိုင်လိုက်ကြပါတယ်။

"မမ . . . သားတို့ ဘာသယ်ပေးရမလဲ"

"မမကြီး . . . သမီးတို့ ဘာသယ်ပေးရမလဲ"

ကလေးငယ်တွေက တစ်ယောက်နဲ့တစ်ယောက် အလုအယက် ပြောဆိုနေပါတယ်။

"သယ်ရမယ် . . . သယ်ရမယ် . . . အားလုံးသယ်ရမယ်"

သံမြသာအပါအဝင် ပရဟိတလှုမှုရေးအဖွဲ့ဝင်တွေက ပြန်ပြောရင်း ကားနှစ်စီးထဲက ပစ္စည်းတွေကို သယ်ချပြီး ပေးလိုက်ပါတယ်။ ကလေးငယ်တွေက တစ်ယောက်ချင်းစီနိုင်သလောက် ဘုန်းကြီးကျောင်းထဲကို





ဝင်သွားကြပါတယ်။

ကလေးငယ်တွေခမျာ မုန့်တွေ၊ အဝတ်အစားတွေကိုကြည့်ပြီး သူတို့စားရတော့မယ်၊ ဝတ်ရတော့မယ်ဆိုတာ သိလို့ထင်ပါရဲ့။ သူတို့မျက်လုံးတွေက အရောင်တောက်ပရွှန်းလက်လို့ နေပါတယ်။

"ဒကာကြီးကော ဒကာမတွေပါ ကျောင်းထဲကို လာကြပါ"

ကျောင်းထိုင်ဆရာတော်က ဦးရွှေတောင်နဲ့ သံမြသာတို့အဖွဲ့ဝင်တွေကို ကျောင်းထဲကို ခေါ်လိုက်ပါတယ်။ ကျောင်းထဲကိုရောက်တော့ ပစ္စည်းတွေကို စနစ်တကျပုံထားပြီး ကလေးငယ်တွေက ညီညာစွာ အတန်းလိုက်ထိုင်နေကြပါတယ်။

"ကဲ . . . ဒကာတို့၊ သင့်တော်သလိုသာ ဝေပေးပေတော့"

ကျောင်းထိုင်ဆရာတော်က စကားကို တိုတိုတုတ်တုတ်ပဲ မိန့်ပါတယ်။

သံမြသာတို့တစ်တွေလည်း စီစဉ်ထားတဲ့အတိုင်း ကလေးငယ်တွေကို ပါလာတဲ့ပစ္စည်းတွေကို အညီအမျှခွဲဝေပေးတာ ကလေးငယ်တွေက သူတို့လက်ထဲမှာ ကိုင်ထားတဲ့ မုန့်တွေကိုကြည့်နေတာ တစ်ခါမှမမြင်ဘူး၊ မတွေ့ဘူးတဲ့ အတိုင်းပါပဲ။ ခပ်ဝဝနဲ့ ကလေးငယ်တစ်ဦးကတော့ ချောကလက်ဗူးကိုဖေါက်ဖို့ ဟန်ပြင်နေတာ ကျောင်းထိုင်ဆရာတော်က မျက်စောင်းထိုးလိုက်မှ သူလုပ်နေတာကို ရပ်လိုက်ပါတယ်။

"ကဲ . . . ဆုတောင်းပေးလိုက်ဦး၊ ပြီးမှ မုန့်တွေကို စားကြ၊ အကုန်လည်း မစားနဲ့ . . . သိမ်းထားဦး၊ အားလုံးအညီအမျှဝေပေးတာ ကိုယ်ကစားလို့ ကုန်သွားပြီ၊ သူများက သိမ်းထားလို့ စားချင်တဲ့အခါမှ ဒုက္ခရောက်နေမယ်"

ဆရာတော်မိန့်ကြားတဲ့ စကားအဆုံး ကလေးငယ်တွေက မုန့်ထုတ်တွေကိုဖေါက်ပြီး စားသူကစား၊ တစ်ချို့ကလည်း မုန့်ချင်းလဲသူလဲ၊ တစ်ချို့ကလည်း ပေးထားတဲ့ အဝတ်အစားတွေကို လက်နဲ့ပိုက်ထားရင်း ဟိုချရမလို၊ ဒီချရမလိုနဲ့ဖြစ်နေလို့ နေပါတယ်။

"ဒယ်ဒီ့သမီးတို့တော့ ကုသိုလ်တွေ တော်တော်ရပြီ၊ သမီးတို့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း . . . အခုတလေးတွေ ဘယ်လောက်ပျော်နေကြသလဲ၊ သူတို့မှာမရှိတဲ့ ရေတော့တဲ့ နွေးထွေးမှုကို သမီးတို့တွေက တဒင်္ဂဖြည့်ဆည်းပေးတာ၊ ဘယ်လောက်ကြည်နူးဖို့ ကောင်းသလဲ"

ဦးရွှေတောင်က ကလေးတွေ စားနေတာကိုကြည့်ပြီး သံမြသာကို တျေနပ်ပီတိဖြစ်တဲ့လေသံနဲ့ ပြောပါတယ်။ ဦးရွှေတောင်သာမက အပျိုကြီးမမသင်းခမျာလည်း ကလေးငယ်တွေကြားထဲ ရောက်နေပြီး ကလေးငယ်တွေကို မုန့်ထုတ်တွေ ဖောက်ပေးပြီး ကိုယ်တိုင်ခွံ့ကျွေးနေပါတယ်။

"ဒယ်ဒီ . . . မမသင်းကို ကြည့်ပါဦး၊ သူ့လို အခြားဆရာမတွေက ဒီလိုတနင်္ဂနွေနေ့မျိုးမှာ ကျူရှင်တွေ အသကုန်သင်နေတဲ့အချိန် မမသင်းက အဲဒီဝင်ငွေတွေရဖို့ ဂရုမစိုက်ဘဲ လူမှုရေးလုပ်နေတာ၊ မမသင်းတိုလည်း လေးစားဖို့ ကောင်းတယ်"

"ဒါကတော့ သမီးရယ် . . . လူတစ်ယောက်မှာ ခံယူချက်တစ်မျိုးစီ ရှိကြတာပဲ၊ သမီးကလည်း အဲဒါမပြောနဲ့ . . . အခု သမီးတို့လှူတဲ့ ဒီကလေးငယ်တွေမှာကော အခုကတည်းက သူတို့အနာဂတ်တွေအတွက် ခံယူချက်ကြီးကြီးမားမားထားတဲ့သူက ဒယ်ဒီထင်တယ်၊ လက်ချိုးရေလို့ရမယ်"

"ဘယ်လိုဖြစ်လို့ လက်ချိုးရေတွက်လို့ ရတယ်လို့ ပြောရတာလဲ"

ဖခင်ဖြစ်တဲ့ ဦးရွှေတောင်ရဲ့စကားကို နားမလည်လို့ သံမြသာက မေးမိပါတယ်။

"သမီးကလည်း ဒီကလေးငယ်တွေက တစ်ယောက်နဲ့တစ်ယောက် မွေးဖွားလာတဲ့ သန္ဓေချင်းက တူတာမှမဟုတ်တာ၊ သူတို့မိဘတွေရဲ့ မျိုးရိုးဗီဇက အမျိုးမျိုးပဲလေ၊ ဒါပေ့ သမီးရယ် . . . ကြိတ်လို့ဆီမဖြစ်တဲ့ မြေပဲတွေလည်း အများကြီးရှိတာပဲ၊ အေး . . . အဲဒီထဲမှာ ကြိတ်ပြီး အမွှေးရနံ့ပြည့်စုံတဲ့ မြေပဲစိအချို့လည်း ပါမှာပေါ့၊ နေဦး သမီး"

ဦးရွှေတောင်က စကားစကို ဖြတ်လိုက်ရင်း ရပ်ထားသော ကားဆီသို့သွားကာ ဘာသွားယူသလဲမသိ။ လက်ထဲမှာ ပစ္စည်းတစ်ခုကိုင်ပြီး





ပြန်ရောက်လာပါတယ်။

"သမီး . . . ဒီကိုထွက်လာတာ သမီးစားတဲ့ ဗီကေဝယ်ဖို့ မေ့လာတယ် မဟုတ်လား၊ အဲဒါကို ဒယ်ဒီသိလို့ မနေ့ကတည်းက ကြိုဝယ်ထားတာ . . . ရော့"

"ဒယ်ဒီက သိပ်ပြီး အကွက်မြင်တာပဲ၊ ဟုတ်တယ် ဒယ်ဒီ . . . သမီး ဗီကေဝယ်မှုမဝယ်ရသေးတာ"

သံမြသာက ဦးရွှေတောင်ပေးတဲ့ ဗီကေဗူးကို ယူလိုက်ပါတယ်။

"ကဲ . . . သမီး . . . ကလေးတွေဆီသွားလိုက်ဦး၊ ဒယ်ဒီကျောင်းထိုင်ဆရာတော်နဲ့ စကားသွားပြောလိုက်ဦးမယ်"

ဦးရွှေတောင်က ကျောင်းထိုင်ဆရာတော် ထိုင်တော်မူနေရာနားသို့သွားပြီး ဆရာတော်နဲ့ ကလေးငယ်တွေအကြောင်းကို မေးမြန်းပြောဆိုနေပါတယ်။

သံမြသာတို့အဖွဲ့တွေကတော့ ကလေးငယ်တွေ မုန့်စားလို့ပြီးတဲ့အခါမှာ ဗွီစီဒီသီချင်းခွေတွေဖွင့်ပြီး ကလေးငယ်တွေနဲ့အတူတူ သီချင်းတွေဆိုလိုက်၊ ကလေးငယ်တွေနဲ့အတူ ကစားနည်းမျိုးစုံကို ကစားလိုက်နဲ့ ဘုန်းကြီးကျောင်းဝင်းတစ်ခုလုံး ဆူညံလို့နေပါတယ်။

"နောက်တစ်ခါလည်း လာဦးနော်"

"သားသားတို့အတွက် မုန့်တွေ ဝယ်လာနော်"

"သမီးတို့ဆီ ထပ်လာဦးနော်"

ညနေစောင်းတော့ အိမ်ကိုပြန်ဖို့ ကားပေါ်တက်တဲ့အခါမှာ ကလေးငယ်တွေက နှုတ်ဆက်ရင်း သူတို့နဲ့ တစ်နေ့လယ်စာ ဆော့ကစားရတာ အချိန်တိုအတွင်းမှာ သံယောဇဉ်တွယ်လို့လားမသိ၊ မျက်ရည်လေးတွေဝိုင်းပြီး သူတို့ဆန္ဒလေးတွေ ဖော်ထုတ်ကြပါတယ်။

သံမြသာတို့ကကော။ မျက်ရည်လေးတွေ ဝဲလို့ပါပဲ။ သူတို့နဲ့ ကိုယ်တို့နဲ့ အပြန်အလှန်မေတ္တာထုံကူးမှုကိုတော့ ဘာနဲ့မှဝယ်ယူလို့ မရနိုင်တာ အမှန်ပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်တွေ မရှောင်နေပါတော့
အကုသိုလ်မဖြစ်အောင်
နေ့စဉ်ဘယ်လိုစောင့်စည်းရပါ့မလဲ !!!

## အခန်း (၅)

ထည်ဝါတို့ဆီရောက်လာသော အချက်အလက်များအရဆို နာရေးက ဒီအိမ်ပဲ ဖြစ်ရမယ်လို့။ ဒီရပ်ကွက်မျိုးမှာ ဒီလိုအဆောက်အဦ မျိုးလည်း ရှိပါလားလို့တောင် တွေးမိပါသေးတယ်။ ရပ်ကွက်ထဲမှာ လူချမ်း သာတွေပေါပြီး ရပ်ကွက်အစွန် မီးရထားလမ်းနားမှာကျတော့ ကျူကျော် တဲတွေက အစီအရီ။ အိမ်တော်တော်များများက တဲလို့တောင် မခေါ်ရက် စရာ။ အိမ်အမိုး၊ အိမ်အကာတွေကို ဝါးထရံမကာနိုင်၊ ဓနိမမိုးနိုင်ဘဲ ဘယ်ကနေ ဘယ်လိုရလာသလဲမသိသည့် ဗွီနိုင်းကြော်ငြာဘုတ်များနှင့် အိမ်တွေကို ကာရံမိုးထားအလှဆင်ထားလို့ပါ။ ကျွန်းမာရေးရှုထောင့်က ကြည့်လျှင်လည်း ဘယ်လိုနည်းနှင့်မှ အဆင်မပြေ။ အိမ်သာတွေက ကပ် နေပြီး အနံ့အသက်ကလည်း ပေါင်းစုံလှသဖြင့် "တန်ဖိုးကြီးကြီးပေးဝယ်ရ တဲ့ ကမ္ဘာကျော်ရေမွှေးနံ့တွေနဲ့ တစ်ထပ်တည်းရယ်" လို့ ရယ်စရာပြောရ လောက်ပင်။

အခု နာရေးကိစ္စနဲ့ရောက်လာတဲ့ အိမ်ကတော့ ခေါင်းရင်းမှာ အဲဒီတာမရှိပါ။ ဆာလာအိတ်အဟောင်းတွေနဲ့ ဟိုကာဒီကာ ကာထားပါ တယ်။ အမိုးကလည်း ဓနိတွေက ကွက်တိကွက်ကျားဖြစ်နေပြီး ဒေတ်မှုံ ရွှေညီပုံပါတဲ့ ဗွီနိုင်းကြော်ငြာကို ဖောက်ထိုးမိုးထားတာ အထယ်၍များ



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်က လူပျိုပေါက်ကောင်လေးသုံးယောက် ညအိပ်မပျော်တဲ့အခါ ဝတ်မှုံရွှေရည်မျက်နှာလေးကို ကြည့်ပြီးမှ အိပ်စက်ဖို့ မိုးထားလေလား မသိ။ အိမ်ခြေရင်းကျတော့လည်း အကာက ကျို့တို့ကျဲတဲ။ ဝါးကြမ်းခင်းတွေကလည်း နင်းလိုက်လျှင် လေဒီဂါဂါတီးဝိုင်းက တီးခတ်တဲ့ သံစဉ်တွေတောင် သနားသွားနိုင်ပါတယ်။ အိမ်တွင်းအလှဆင်မှုကလည်း ခေါင်းရင်းခြေရင်းမှာ ပလပ်စတစ်ကြိုးတွေနဲ့ သွယ်တန်းပြီး အဝတ်အစားဟုခေါ်ဆိုနိုင်လောက်ရုံသာရှိတဲ့ အရုတ်အထည်အချို့ကို စတိုးဆိုင်မှာ ချိတ်ဆွဲပြသထားသလိုမျိုး ချိတ်ထားပါတယ်။ ဧည့်ခန်းမရှိ၊ ထမင်းစားခန်းမရှိ၊ ဘာအခန်းမှမရှိဘဲ ဧည့်ခန်းကော၊ ထမင်းစားတာရော၊ အိပ်စက်တာပါ တစ်နေရာတည်းကို အချိန်အကန့်အသတ်လိုက် သုံးစွဲထားတာကိုတော့ ချီးကျူးစရာပင်။ ဒီထက်ပိုချီးကျူးရမှာက ဒီတဲကိုဆောက်တဲ့ လက်သမားဖြစ်ပါတယ်။ ခနော်နီ၊ ခနော်နဲ့ ဒီတဲလေးကို ဆောက်ပြီးကတည်းက မပြင်ဆင်ဘဲ မိသားစုဝင်ဆယ့်ငါးယောက်က ဆယ်နှစ်နီးပါးနေနိုင်အောင် ဘယ်လိုကျွမ်းကျင်အတတ်ပညာမျိုးနဲ့ တည်ဆောက်ခဲ့သလဲဆိုတာပါပဲ။

ဒီနာရေးကို ကွယ်လွန်သူစျာပနအတွက် ထည်ဝါတို့ ‘နှလုံးလှ’ လူမှုရေးအဖွဲ့က လှူဒါန်းဖို့ ကိုကြီးကျော်ရဲ့မိတ်ဆွေ ကိုတင်မြက လာအသိပေးတာပါ။ မိသားစုကများပြီး အမှိုက်ပုံမှာ အမှိုက်ကောက်သူနေ့စားပန်းရံလုပ်ရတဲ့ အဲဒီမိသားစုမှာ ကွယ်လွန်သူက အသက်ခြောက်ဆယ်နီးပါး နာတာရှည်ရောဂါသည်ပါ။ ဆေးမြီးတိုလေးရွှေနဲ့ ကုသသောက်သုံးရင်း နာတာရှည်ရောဂါက တစ်ဖက်၊ ဆင်းရဲနွမ်းပါးတဲ့ ရောဂါက တစ်ဖက်နဲ့ ကွယ်လွန်တော့ ဘာဆက်လုပ်ရမှန်းမသိဖြစ်လို့ ကိုကြီးကျော်ဆီလာအကူအညီတောင်းတာ သက်သေအထောက်အထားခိုင်လုံလို့ ကူညီဖို့ဆုံးဖြတ်လိုက်တာပါ။

အရင်ဆုံး သေစာရင်းတွေဘာတွေ လုပ်ခိုင်းပြီး နာရေးကူညီမှုအသင်းကို ဖုန်းဆက်ပြီး ရုပ်ကလပ်ကို သယ်သွားခိုင်းရပါတယ်။ နာရေးကူညီမှုအသင်းကလည်း ကွယ်လွန်သူရဲ့ မိသားစုအနေအထားကိုကြည့်ပြီး ငွေကြေးလျှော့သွားပါတယ်။





ထည်ဝါတို့အဖွဲ့ကလည်း ငွေကျပ်တစ်သိန်း နာရေးမြေကျဖို့ကူညီထောက်ပံ့မယ်လို့ ဆုံးဖြတ်ပြီး ရောက်လာပါတယ်။

“ဒီအိမ်က သက်ဆိုင်သူအုပ်ထိန်းသူ ဘယ်သူလဲ”

အိမ်ခေါင်းရင်းခန်းမှာထိုင်တဲ့ ကိုကြီးကျော်က အိမ်ရှင်တွေကို မေးလိုက်ပါတယ်။

“ကျွန်မပါ . . .”

“ဟဲ့ . . . ငါပါ၊ နင်မဟုတ်ပါဘူး”

“ဘာမဟုတ်ရမှာလဲ၊ သေတဲ့ကိုမြင့်ရဲ့မိန်းမက ကျွန်မပဲဟာ၊ အဒေါ်မှ မဟုတ်တာ”

ဘာတွေဘယ်လိုဖြစ်ကုန်သလဲ မသိပါ။ အဒေါ်ကြီးတစ်ယောက်နှင့် အဘွားကြီးတစ်ဦးက တစ်ယောက်နဲ့တစ်ယောက် အလုအယက်ဖြေကြပါတယ်။

“အဒေါ်တို့ကို ကျွန်တော်မေးတာက သေဆုံးသူနဲ့ပတ်သက်တဲ့ သက်ဆိုင်သူကို ပြောတာပါ၊ အဲဒီသက်ဆိုင်သူကို ကျွန်တော်တို့က နာရေးမြေကျဖို့ လှူဒါန်းငွေပေးရမှာမို့ပါ”

ကိုကြီးကျော်က ရှင်းပြတော့ လူငယ်တစ်ဦးက အဒေါ်ကြီးကို ပြောပါတယ်။

“အမေ . . . ဘာမှဂရုမစိုက်နဲ့၊ အမေက အဖေ့မိန်းမပဲဟာ၊ အဖေမရှိတော့ရင် အမေက အမိကပဲဟာ”

“အစ်ကိုကြီး . . . ကျွန်တော့်အမေနဲ့ လုပ်စရာရှိတာလုပ်ပါ”

ထည်ဝါအနေအထားကို အကဲခတ်လိုက်ကတည်းက ဒီနာရေးအိမ်မှာ ဟိုးယခင်ကတည်းက အိမ်တွင်းစစ် နေ့စဉ်ဖြစ်သွားပုံရမယ်ဆိုတာ ကွယ်လွန်သူရဲ့မိသားစုဝင်တွေရဲ့ မျက်နှာအနေအထားကိုကြည့်ပြီး သိလိုက်ပါတယ်။

“ကျွန်တော်တို့ နှလုံးလှအဖွဲ့က ငွေတစ်သိန်းကို နာရေးမြေကျဖို့ကိစ္စအတွက် လှူပါတယ်၊ ငွေလက်ခံပေးပါ”

ကိုကြီးကျော်က ငွေကျပ်တစ်သိန်းကို ကွယ်လွန်သူရဲ့ဇနီးဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ကို ပေးလိုက်ပါတယ်။ အဲဒါကို စောစောက အဒေါ်ကြီးနဲ့စကားများတဲ့ အဘွားကြီးက မနာလိုတဲ့ပုံစံမျိုးနဲ့ ကြည့်နေရင်းက . . .

"ဒီပိုက်ဆံတွေကိုင်ပြီး မိသောင်း . . . နင်လုပ်ချင်တာ လုပ်လို့ မရဘူး၊ နင့်လင်မသေခင်တုန်းက ငါ့ဆီက ပေးပါဦး တစ်ထောင်၊ နှစ်ထောင်နဲ့ ငါ့ဈေးဗန်းထဲက ပေးထားတာတွေ ရှိသေးတယ်၊ သုံးသောင်းလောက် ရှိတယ်ဟဲ့"

"ဒေါ်သိန်း . . . အဲဒီလိုမှပြောနဲ့လေ၊ အခုသေတာက ဒေါ်သိန်းရဲ့မောင်အငယ်ဆုံးလေ၊ အဲဒီတုန်းက ငါ့မောင်နေမကောင်းတာ မကြည့်ရက်လို့ဆိုပြီး လိုလိုချင်ချင်နဲ့ပေးပြီးမှ အခုပိုက်ဆံမြင်တော့မှ ဒီစကားမပြောပါနဲ့"

"ဟဲ့ . . . မိသောင်းပြောတာ မဟုတ်ဘူး၊ မှန်တာကိုပြောတာ၊ ငါ့အိမ်မှာလည်း မိသားစုတွေ ပြုလိုက်နေသေးရဲ့"

"ဘာပြုလိုက်လဲ . . . ဒီအိမ်ဆောက်တာ ကျွန်မတို့ပိုက်ဆံတွေလည်း ပါတယ်၊ အတူတူနေကြတာပဲ . . . အခုနာရေးက ဘယ်လောက်ကုန်မှန်း မသိဘူး၊ အရေးထဲ ပိုက်ဆံမက်နေသေးတယ်"

ငွေတစ်သိန်းကိုမြင်ပြီး လောဘဇောတွေ ဘယ်လိုတက်လာသလဲမသိ။ စကားလုံးတွေက ငယ်ကျိုးငယ်နာတွေ ဖော်ကုန်ကြပါတယ်။

"အဒေါ်တို့ တော်ကြပါ။ ကွယ်လွန်သူက နေ့တောင်မကူးသေးဘူး၊ ကျွန်တော်တို့ရဲ့ စေတနာတွေကို ဝေဒနာမလုပ်ကြပါနဲ့၊ မေတ္တာတရားနဲ့ ရောက်လာတဲ့ စာနာပေးတဲ့ လူတွေကို ရင်ဝကိုတော့ မကန်ပါနဲ့ဗျာ၊ ကျွန်တော်တို့စေတနာတွေ တောင်ကျနေရထဲ မျှောသွားတော့မယ်ဗျာ"

"ကိုကြီးကျော်ကလည်းဗျာ၊ လှူပြီးပြီ မဟုတ်လား၊ ဘာပြောနေတာလဲ . . . သွားမယ်"

အရိပ်အခြေအနေကိုမကြည့်ဘဲ ပြောချင်ရာပြောနေတဲ့ ကိုကြီးကျော်ကို သတိပေးရင်း ငွေတစ်သိန်းလှူပြီးလို့ သူ့ဖာသာသူ ဖြစ်ချင်တာဖြစ်ဆိုပြီး နာရေးအိမ်ကလူတွေကို နှုတ်ဆက်ရင်းက အမြန်ပြန်လာရပါတယ်။





နောက်ဆိုလျှင်တော့ လှူတာကို သေချာစိစစ်ရမယ်ဆိုတာကို အစည်းအဝေးမှာ တင်ပြရပါဦးမယ်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

ပျံ့ကျဲနေတဲ့ အမှုန်းတွေကို
အိတ်ပေါက်ကြီးထဲ
ပြန်ပြန်ထည့်နေရတာ
ဘယ်တော့များမှ ပြီးမလဲမသိ၊

## အခန်း (၆)

ကံများကောင်းချင်လို့လား မသိပါ။ ဒီနေ့မှ နောက်ဆုံးအချိန်က ရှိသလို ပစ်ကြီးနဲ့ အေးသိန်းတို့လည်း အတန်းကမရှိလို့ Mr Poem ဘာထိုင်ရင်းက မနက်စာကို စားမိတယ်။ ထမင်းစားချိန်မှရောက်လာရင် နေရာက မလွယ်မှာ သေချာတယ်။ အခုတောင် ဆိုင်ထဲမှာက လူကပြည့် နေပြီ။ ဆိုင်အပြင်ဖက်မှာလည်း ခုံတွေက ပြည့်နေတာပဲ။ ပထမတော့ ဆိုင်အပြင်ဖက်မှာ ထိုင်ဦးမလို့ပါပဲ။ တော်ကြာ . . . မိုးတွေဘာတွေ ရွာလာရင် ထီးတွေမိုးထားပေမယ့် စားတုန်းသောက်တုန်း မိုးပက်ရင် စားရတာ ဇိမ်မရှိမှာပဲလို့တွေးပြီး ဆိုင်ထဲမှာပဲ သုံးယောက်သား ကောင်း ကောင်း'ဆွဲ'နေမိတယ်။

"အေးသိန်း . . . မင်းတို့ပန်းချီပြပွဲက ဘယ်တော့လဲ"

"ရွှေ့အပတ်ထဲမှာကွ၊ လောကနတ်မှာ လုပ်မှာ၊ ပန်းဆိုးတန်း ဘလေ"

"သိပါတယ် . . . အေးသိန်းရာ၊ မင်းကလည်း ရန်ကုန်သားတွေ ပါကွ၊ အဲဒီလောက် မအပါဘူး"

အေးသိန်းစကားကြောင့် ထည်ဝါက သူ့ကိုတောသားလို သဘော ထားပြောတာကို ပြန်ဝေဖန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အေးသိန်း . . . ငါက မင်းလိုပန်းချီမဆွဲတတ်ရင်သာ နေမယ်၊ ဟိုစပ်စပ်၊ ဒီစပ်စပ်တော့ သိတယ်ကွ၊ ဒီမင်းတို့ ပန်းချီပြပွဲလုပ်တဲ့ လောကနတ်ပန်းချီပြခန်းဆိုတာ ဆရာပေါ်ဦးသက်တို့ စခဲ့တာပဲဟာ၊ နာမည်ကြီး ပန်းချီဆရာမှန်ရင် လောကနတ်မှာ ပန်းချီပြပွဲလုပ်ဖူးမှကွ၊ အခုတော့ မင်းလည်း နာမည်ကြီးတော့မှာ၊ အေးသိန်းပြပွဲပြီးရင် ငါ့ကို ပန်းချီကား တစ်ကား အမှတ်တရလက်ဆောင်ပေးရမယ်နော်"

"ဒါပဲ ထည်ဝါ၊ လူတော်လူတတ်များများက မင်းလိုပဲ ပန်းချီကားဆို ဝယ်ဖို့ထက် အလကားတောင်းဖို့ပဲ သိတယ်၊ ပန်းချီကားတစ်ချပ်ဖြစ်ဖို့ဆိုတာ လွယ်တယ်ထင်နေကြတယ်၊ အရောင်တွေနဲ့ စာသားတွေမပါဂိုတမပါ၊ လှုပ်ရှားမှုမပါတာကို အသက်ဝင်အောင် ဖန်တီးရတာ လွယ်တာမှတ်လို့၊ အဲဒါကို တန်ဖိုးထားတွေးသူတွေကတော့ မင်းလိုမျိုး ပန်းချီကားကို အလကားတောင်းမှာမဟုတ်ဘူး၊ တန်ဖိုးတစ်ခုထားပြီး အဲဒီပန်းချီကားကိုဝယ်ပြီး ဧည့်ခန်းမှာ အလှဆင်မှာကွ"

အေးသိန်းတစ်ယောက် သူ့ပန်းချီပညာရပ်နဲ့ပတ်သက်ပြီး ထည်ဝါ့စကားကြောင့် သူ့ရင်ထဲက ပန်းချီအပေါ် ထားရှိတဲ့ ခံယူချက်တွေ ပွင့်အန်ထွက်ကျလာပါတယ်။

"အေးပါ . . . အေးသိန်းရာ၊ ငါက စကားအဖြစ်ပြောတာပါ၊ စိတ်ချ . . . မင်းတို့ပန်းချီပြပွဲမှာ လာကြည့်ပြီး ကြိုက်ရင် ဝယ်ရမှာပေါ့ကွ"

"ဒါမျိုးလုပ်စမ်းပါ ထည်ဝါရာ၊ ငါ့သူငယ်ချင်းဖြစ်ပြီး မင်းမည့်စမ်းပါနဲ့"

ထည်ဝါက အေးသိန်းအခုထက် ဒေါသဖြစ်ပေါက်ကွဲမှာ စိုးတဲ့အတွက် အေးသိန်းအကြိုက် အလိုက်အထိုက်ပြောလိုက်လို့ အေးသိန်းကျေနပ်သွားပါတယ်။ ဘာစကားမှ မပြောတော့ဘဲ သွားကြားထိုးလို့နေလေရဲ့။

ဒီနေရာမှာ ဘာစကားမှမပြောဘဲ 'ပစ်ကြီး'တစ်ယောက် စားပြီးသောက်ပြီး ငြိမ်ချက်သားကောင်းကောင်းနဲ့ တစ်ဆိုင်လုံးကို စူးစမ်းတဲ့အကြည့်နဲ့ လိုက်ကြည့်နေပါတယ်။

"ဟေ့ကောင် ပစ်ကြီး . . . တစ်ဆိုင်လုံး မင်းဘာရှောက်ကြည့်





နေတာလဲ၊ မင်းမျက်လုံးတွေက အငြိမ်မနေပါလား"

"ငါ သွားပြီးစဉ်းစားမိလို့ပါ ထည်ဝါရာ"

"လုပ်စမ်းပါဦး ပစ်ကြီးရ . . . ဘာစဉ်းစားမိတာလဲ၊ သိရတာပေါ့ကွာ"

"ဒီလိုပါကွာ . . . ရာသီဥတုက မိုးအုံ့ပြီး တစ်နေ့လုံး အေးမြမြလေးဖြစ်နေတာတောင် ဒီဆိုင်ထဲမှာ စားနေသောက်နေတဲ့သူတွေကော ဆိုင်အပြင်ဖက်က စားပွဲဝိုင်းမှာ ထိုင်နေတဲ့သူတွေပါ အနွေးထည်အင်္ကျီတွေ တစ်ယောက်မှ မဝတ်ကြဘူးကွာ"

ပစ်ကြီး ဘာကိုဆိုလိုမှန်းမသိလို့ မေးမိသူထည်ဝါကော နားထောင်နေသူ အေးသိန်းပါ နားလည်ရခက်နေပါတယ်။

"ပစ်ကြီးရာ . . . မင်းစကားက ဘာကိုပြောချင်တာလဲ၊ ဝေ့နေတာပဲ၊ ဒဲ့သာပြောစမ်းပါ"

ထည်ဝါက စိတ်မရှည်ဘဲ ပြောတော့မှ . . .

"ငါ့အစ်မက အင်္ကျီရောင်းတဲ့ဆိုင်ဖွင့်ထားတာ မင်းတို့လည်းသိတာပဲ၊ သူက ပြောတယ်၊ သူ့ဆိုင်မှာ အနွေးထည်တွေ တင်ထားတာလုံးဝမရောင်းရဘူးတဲ့၊ ဒီတော့ အနွေးထည်အင်္ကျီနောက်ထပ် ထပ်မတင်တော့ဘူးတဲ့၊ ငါ့အစ်မပြောတာ ဟုတ်တယ်ကွ၊ ဒီက ကျောင်းသားတွေတောင် အနွေးထည်မှမဝတ်တာ၊ မရောင်းရတာ မဆန်းဘူးလို့ တွေးမိလို့ပါ"

'ပစ်ကြီး'ဆိုတဲ့ကောင်က အဲဒီလိုမျိုး တစ်ခါတလေ မဆီမဆိုင်အာမျိုးကို ထထကြောင်တတ်ပါတယ်။

"ပစ်ကြီး . . . မင်းရဲ့အစ်မဆိုင်က အနွေးထည်တွေ ရောင်းကောင်းတာ မဝယ်တဲ့လူတွေကို အပြစ်မတင်နဲ့၊ ကမ္ဘာကြီးကို အပြစ်တင်၊ ကမ္ဘာကြီးက တစ်နေ့ထက်တစ်နေ့ ပိုပြီးပူနွေးလာလို့ ပူသထက်ပူနေတာ အနွေးထည်မပြောနဲ့ ဝတ်ထားတဲ့အင်္ကျီတောင် ချွတ်ပစ်ချင်စိတ်ပေါက်နေတာ၊ အနွေးထည်သာ ဝတ်ရမယ်ဆိုရင်တော့ ပူလောင်တဲ့ နွေရာသီမှာ အိပ်နေတုန်း ကိုယ့်မိန်းမက ကိုယ့်ကိုလာဖက်ထားပြီး ထပြီးခြေထောက်နဲ့ကန်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ယောက်ျားလိုမျိုး ဖြစ်သွားမှာပဲ”

ထည်ဝါက စကားပြောရင်းက ဆိုင်အပြင်ဖက်ကို ကြည့်နေစဉ်မှာ တစ်စုံတစ်ယောက်ကို မြင်လိုက်ရလို့ ဟမ်းဖုန်းကို အမြန်ထုတ်လိုက်ပြီး . . .

“အေးသိန်း . . . ငါ့ကို ဘာမှမမေးနဲ့၊ အခု ဆိုင်ရှေ့အပေါက်ဝမှာ မတ်တပ်ရပ်နေတဲ့ ကျောင်းသူလေးယောက်ထဲက ဒုတိယမြောက်ကျောင်းသူကို ဒီဖုန်းနဲ့ ဓါတ်ပုံရိုက်လိုက်၊ မသိစေနဲ့နော်၊ ဟော့ကောင် ငါတို့ရှေ့ဝိုင်းက ကျောင်းသူတွေ ထသွားပြီ . . . တွေ့လား၊ သူတို့မပါအောင်ရိုက် . . . မြန်မြန်ရိုက်”

အေးသိန်းလည်း ထည်ဝါ့ဘာသဘောနဲ့ လုပ်ခိုင်းတာမှန်းမသိလို့အူကြောင်ကြောင်ဖြစ်ရင်းက ဟမ်းဖုန်းကို ယူလိုက်ပြီး ထည်ဝါပြောတဲ့အတိုင်း ဓါတ်ပုံအရိုက်ခံရတဲ့ ကျောင်းသူမသိအောင် ပုံသုံးပုံလောက်အမြန်ခိုးရိုက်လိုက်ပါတယ်။ ဒါမျိုးကတော့ အေးသိန်းတို့က လက်သွက်ပြီးသားဆိုပြီး သူ့ကိုယ်သူ စိတ်ထဲကနေ ကျေနပ်နေမိပါတယ်။

❑

သံမြသာ ဗိုက်က တော်တော်ဆာနေပြီ။ ကိုယ့်စာသင်ဆောင်ဖက်က ဆိုင်တွေမှာ မစားချင်လို့ ဒီဘက်ကို သူငယ်ချင်းတွေနဲ့ ထွက်လာမှပဲ Mr Poem ဆိုင်က လူကအပြည့်။ အပြင်ဖက်က စားပွဲခုံတွေမှာနေရာလွတ်မရှိလို့ ဆိုင်ထဲကို လိုက်ကြည့်တော့လည်း စားပွဲဝိုင်းတွေကလူအပြည့်ပါပဲ။

ဟော . . . တော်ပါသေးရဲ့။ စားပွဲဝိုင်းတစ်ဝိုင်းက စားပြီးသောက်ပြီးသွားလို့ ထထွက်သွားတာ တစ်ခြားလူတွေဦးမှာစိုးလို့ အဲဒီစားပွဲဝိုင်းကိုအပြေးနေရာသွားဦးလိုက်ပါတယ်။ မြန်မာနိုင်ငံမှာ ဘတ်စ်ကားပေါ်မှာထိုင်စရာနေရာပဲ လုရမယ်ထင်တာ၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ပေးဝယ်စားရတဲ့အခါမှာတောင် နေရာဦးရပါသေးလားလို့ မဆီမဆိုင် သံမြသာတွေး





နေမိပါသေးတယ်။

“ချိုချိုစု . . . မှာစရာရှိတာ မြန်မြန်မှာဟယ်”

သံမြသာက ထိုင်ခုံမှာ ဝင်ထိုင်လိုက်ရင်း ချိုချိုစုကို မှာခိုင်းလိုက်ပါတယ်။ တစ်ဆက်တည်းဆိုသလို ဘေးဘီကို ကြည့်လိုက်ရင်း . . .

“ဩော် . . . သူနဲ့တွေ့မှ တွေ့ပြန်ပြီ”

သံမြသာက မထင်မှတ်ဘဲ တစ်စုံတစ်ယောက်ကို မြင်လိုက်ရလို့အံ့အားသင့်သလို၊ စိတ်တိုသလို ဖြစ်သွားရင်းက . . .

“နင်တို့မှာထား . . . ငါပြန်လာခဲ့မယ်”

“သံမြသာ . . . နင်ပဲ ဗိုက်တွေ အရမ်းဆာတယ်ဆို၊ အခု ဘယ်သို့ဖြစ်သွားရတာလဲ”

ထိုင်နေရာက ချက်ချင်းထသွားတဲ့ သံမြသာကို နားမလည်နိုင်ဘဲ မျိုးမျိုးသွယ်ကပြောရင်း ချိုချိုစုကို စားဖို့မှာခိုင်းပါတယ်။

❑

မထင်ဘဲမြင်လိုက်ရလို့ ထည်ဝါက စောစောက အေးသိန်းကိုဟမ်းဖုန်းနဲ့ ဓါတ်ပုံခိုးရိုက်ခဲ့တဲ့ အမျိုးသမီးတော့ ပြဿနာပဲလို့။ ဒီအမျိုးသမီးနဲ့ ထိုင်တာပြုတာ ထိုင်ခုံကို ကြည့်မထိုင်ဘူးလားမသိ။ စောစောကထသွားတဲ့ဝိုင်းက ကြွေအိုးသောက်သွားတယ်ထင်ပါရဲ့။ စားပြီးသောက်ပြီးသွားတဲ့ ပန်းကန်တွေကို သိမ်းယူသွားတာ အချဉ်ရေခွက်က ခုံမှာမှောက်ကျန်ခဲ့တာကို စားပွဲထိုးက မသိတဲ့အပြင် နောက်ထပ်လာထိုင်တဲ့သူနဲ့ပြဿနာဖြစ်တဲ့ ကျောင်းသူအုပ်စုကလည်း ဘယ်လောက်တောင်ဆာတာသလဲမသိဘူး။ သူများစားသွားတဲ့ စားပွဲခုံကို မရှင်းရသေးတာတောင် မစောင့်နိုင်ဘဲ အတင်းဝင်ထိုင်ပါတယ်။ ပိုဆိုးတာက သူနဲ့ပြဿနာဖြစ်ခဲ့ဖူးတဲ့ ကျောင်းသူပါပဲ။ အောက်မကြည့် ဘာမကြည့်နဲ့ ထိုင်ချတာသူ့ထမီနောက်မှာ အချဉ်ရည်တွေ ပေမှာကို မသိတဲ့အပြင် သူ့ကိုကြည့်ပြီးထွက်သွားတာ ဒီကျောင်းသူရဲ့ထမီနောက်ကို မြင်တဲ့သူတွေဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်မှိုးထင်ရင် ဒီကျောင်းသူအမျိုးသမီးတော့ အရှက်ရချည်ရဲ့လို့ တွေးမိရင်း တစ်ခုခုလုပ်မှလို့ ဆုံးဖြတ်လိုက်ပါတယ်။

“ပစ်ကြီးနဲ့ အေးသိန်းခဏကွာ”

ထည်ဝါဆိုင်ထဲကနေ စောစောက ကျောင်းသူနောက်ကို လိုက်ခဲ့ပါတယ်။ အဲဒီကျောင်းသူအမျိုးသမီးက သူဝတ်ထားတဲ့ ထမိနောက်က အချဉ်ရည်ပေနေကာကိုမသိဘဲ ဘာတွေများ အရေးကြီးလို့ ခြေလှမ်းတွေလှမ်းနေသလဲမသိ။ ကျောင်းသားအချို့ ဝိုင်းကြည့်နေတာ သဘောမပေါက်ဘူးလား မသိပါ။ အဲဒီအမျိုးသမီးထမိနောက်မှာ ပေနေတာကို အမိပွါယ်ကောက်လွဲမှာက အမှန်ပါ။

“ဒီမှာ . . . ဒီမှာ . . . ရော့ . . . ကျွန်တော့်အင်္ကျီကို ခင်ဗျားရဲ့ထမိမှာပတ်လိုက်”

ထည်ဝါက တီရှပ်ကိုအောက်ခံထားပြီး ကြယ်သီးမတပ်ဘဲ အပေါ်ကဝတ်ထားတဲ့ ရှပ်အင်္ကျီလက်တိုကိုချွတ်ပြီး ထမိနောက်မှာ အချဉ်ရည်တွေပေနေတဲ့ ကျောင်းသူကို ပေးလိုက်ပါတယ်။

“ရှင် . . . ကျွန်မနောက်ကိုလိုက်ပြီး ဘာလာပေးပြန်ပြီလဲ၊ ရှင်မပေးနဲ့ဦး၊ ရှင့်ကို ရှင့်ရဲ့ဟာ ပြန်ပေးရမယ်၊ ကျွန်မနောက်လိုက်ခဲ့”

သံမြသာက တော်တော်ဒေါသထွက်သွားပါတယ်။ အဲဒီကျောင်းသားကို တွေ့လိုက်ရလို့ ဒေါသဖြစ်ပြီး ဟိုတစ်ခါမိုးရွာတုန်းက သူပေးတဲ့ထီးကို သူနဲ့တွေ့ရင် ပေးမယ်ဆိုပြီး ကားထဲမှာ ထားထားတာ သွားယူတုန်း အဲဒီကျောင်းသားက နောက်ကနေလိုက်လာပြီး သူ့ရှပ်အင်္ကျီကိုချွတ်ပြီး ဘာဖြစ်လို့ သူမထမိမှာ အင်္ကျီကိုပတ်ခိုင်းရတာလဲ စဉ်းစားမရပါ။

“ဒီမှာ အမိ . . . ခင်ဗျား ဒေါသထွက်ချင်ရင် နောက်မှထွက်အခု ကျွန်တော့်အင်္ကျီကို ခင်ဗျားရဲ့ထမိမှာ ပတ်လိုက်ပါ”

“လာပြန်ပြီ . . . ဘာဆိုင်လို့ ကျွန်မရဲ့ထမိမှာ ရှင့်ရဲ့အင်္ကျီပတ်ရမှာလဲ၊ ဘာလဲ . . . ရှင်က ကျေးဇူးထပ်တင်ခံချင်ပြန်ပြီလား”

ထည်ဝါက သူ့ကို ဒေါသသံပါပါနဲ့ ရန်တွေ့မလိုပြောဆိုနေတဲ့ သံမြသာကို ကြည့်လိုက်ပြီး . . .





“ခင်ဗျား . . . ကျွန်တော့်ကို ရန်တွေ့ချင် နောက်မှတွေ့၊ ခင်ဗျားရဲ့ထမိနောက်မှာ ဘာတွေပေနေသလဲသိလား။ ခင်ဗျားတို့က ဆိုင်ထဲဝင်လာပြီး ဘာမှမကြည့်ဘဲ ဝင်ထိုင်တော့ ခင်ဗျားထိုင်တဲ့ခုံမှာ ပထမထိုင်သွားတဲ့လူတွေ စားသွားတဲ့ထဲက အချဉ်ရည်ခွက်ကို စားပွဲထိုးက ပန်းကန်တွေနဲ့ သိမ်းသွားတာ အချဉ်ရည်ခွက်က မှောက်ကျပြီး ခုံမှာပေနေတာ၊ ခင်ဗျားက မမြင်ဘဲ ထိုင်ချ၊ ပြီးတော့ ထထွက်သွားတာ၊ ခင်ဗျားရဲ့နောက်မှာ အချဉ်ရည်ပေနေတာ တစ်ခြားလူတွေ တစ်မျိုးမြင်မှာစိုးလို့ ကျွန်တော်က ကျွန်တော့်အင်္ကျီကို လိုက်ပေးတာ . . . သိပြီလား၊ ရော့ . . . ဒီအင်္ကျီမြန်မြန်ပတ်လိုက်”

“ရှင် . . . ရှင်ပြောတာ တကယ်နော်”

“ဟာဗျာ . . . ဒါနောက်စရာလား”

“အမယ်လေးလေး . . . သွားပါပြီ . . . သွားပါပြီ၊ ပေး . . . ပေး . . . အင်္ကျီ”

သံမြသာက ထည်ဝါ့လက်ထဲက အင်္ကျီကို အမြန်ယူပြီး ထမိမှာပတ်လိုက်ပါတယ်။

“ကျွန်တော့်အင်္ကျီကို ခင်ဗျားပြန်ပေးမနေနဲ့တော့ ခင်ဗျားဖာသာလုပ်ချင်တာလုပ်၊ အကောင်းဆုံးက ခင်ဗျားကျောင်းလာတာ ထမိအပိုထည်း ပါမှာမဟုတ်ဘူး၊ ဒီတော့ အိမ်ကိုပြန်ပြီး ထမိလဲတာ အကောင်းဆုံးပဲ”

“ကျွန်မ သိပါတယ်၊ ရှင် . . . ဆရာကြီးမလုပ်ပါနဲ့၊ ဒါပဲမဟုတ်လား . . . ကျွန်မသွားမယ်”

ထည်ဝါ့နားကနေ ထည်ဝါ့ရဲ့ရှပ်အင်္ကျီကို ထမိမှာ ပတ်ဝတ်ထားတဲ့ သံမြသာက ဒေါသဖြစ်သလိုမျိုး ရှက်ရှက်နဲ့ ရန်တွေ့ရင်းက အနီးကနေထွက်သွားပါတယ်။

ထည်ဝါက သူ့နားကနေထွက်သွားတဲ့ သံမြသာကိုကြည့်ရင်း မိန်းမတွေများ ယောကျ်ားလေးတွေက အမြင်မတော်လို့ ကူညီတာမျိုးကိုတောင် ကျေးဇူးမတင်ချင်နေ၊ အသိမှတ်တောင် မပြုနိုင်တာကတော့



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့မွေးရာပါဗီဇတွေလား မသိပါဘူးဆိုပြီး စိတ်ထဲကနေ ပြောရင်းက Mr Poem ဆိုင်ဆီ ပြန်လာခဲ့ပါတယ်။

ပစ်ကြီးနဲ့ အေးသိန်းက ထည်ဝါ့ကို ဆိုင်ရှေ့လမ်းမထိပ်ကနေ စောင့်နေပါတယ်။

"ထည်ဝါ . . . ငါတို့ပိုက်ဆံရှင်းလိုက်ပြီ၊ မင်းက ဘယ်လိုဖြစ်လို့ ကောက်ခါငင်ကာ ထသွားရတာလဲ"

ပစ်ကြီးက ဘာမှနားမလည်သလိုမျိုးဖြစ်လို့ မေးပါတယ်။

"ပြောရရင်တော့ဗျာ၊ လာကွာ . . . ငါတို့အတန်းဖက်ပြန်သွားရင်းက ပြောပြမယ်"

ထည်ဝါက ပစ်ကြီးနှင့် အေးသိန်းကို သူသင်ကြားနေတဲ့ အင်္ဂလိပ်စာ,စာသင်ဆောင်ဖက်ကို ခေါ်လာရင်း ဖြစ်သမျှအကြောင်းကို ပြောပါတယ်။

"ထည်ဝါ . . . မင်းနဲ့ အဲဒီကျောင်းသူက ကုလားကားထဲက ဇာတ်ဝင်ခန်းကျနေတာပဲ၊ မင်းကွာ . . . ဖြစ်လိုက်ရင်တော့လား အသည်းအသန်ချည်းပဲ"

ပစ်ကြီးက ထည်ဝါစကားအဆုံးမှာ မှတ်ချက်ချစကားဆိုတာကို ဘာမှပြန်မပြောဘဲ စောစောတုန်းက ရုတ်တရက် ရှက်သွားတဲ့ပုံစံကို သူ့မျက်လုံးထဲမှာ ပြန်လည်မြင်ယောင်နေမိပါတယ်။

အဲဒီကျောင်းသူနဲ့တွေ့တိုင်း သူ့ကို မုန်းတီးဖွယ် စကားလုံးတွေက ဘယ်တော့များမှ မုန်းသံသယတွေ ပြေလေမလဲဆိုတာ ထည်ဝါအဖို့ မပြောတတ်တော့ပါ။

❑ ❑ ❑



ကမ္ဘာတည်စမှစလို့

'အမုန်း'ကို

ဘယ်သူကများ

စတင်တီထွင်

ပန်တီးလိုက်ပါလိမ့် !!!

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

တက္ကသိုလ်မှာ ဖြစ်ပျက်တဲ့ကိစ္စကို ရှက်ရှက်နဲ့တွေးရင်းက ကာ
ကိုအမြန်နှုန်းဘယ်လောက်တောင် မောင်းမိလေသလဲတောင် မသိပါ
တော်ပါသေးရဲ့လို့။ ကားအမြန်နှုန်းနဲ့မောင်းတာ ယာဉ်ထိန်းရဲလှည့်ကင်
နဲ့မတွေ့လို့သာ တွေ့လို့ကတော့ လိုင်စင်သိမ်းခံရလို့ သွားရွေးရ၊ ဒဏ်ငွေ
ဆောင်ရနဲ့ အလုပ်ရှုပ်မှာ အမှန်ပဲ။ သံမြသာအနေနဲ့ ဖြစ်ခဲ့တဲ့ကိစ္စမှာ
သူမကို အကျီလာပေးတဲ့သူကို 'ကော'ခဲ့မိတာ မှားများမှားသလားမသိ
ပါလို့။ ပြီးတော့ သူမဗိုက်ဆာဆာနဲ့ အောက်မကြည့်ဘာမကြည့် ထိုင်ခဲ့
မိတာကိုက ကိုယ့်အမှားရယ်ပါပဲလို့။ သူမထမီနောက်မှာ ပေနေစွန်းထင်
နေတဲ့ ငရုပ်ဆီအချဉ်ရည်တွေကိုကြည့်ပြီး မြင်တဲ့သူတွေက ဘယ်လိုများ
သူမကိုထင်လေပြီး အတင်းများတုတ်လေမလားမသိ။ ဒီထက်ဆိုးမှာ
Mr Poem ဆိုင်မှာ ကျန်ခဲ့တဲ့ သူငယ်ချင်းမသုံးဦးပါပဲ။ ဘာမပြောညာ
မပြောပဲနဲ့ ထွက်သွားတာ အခုချိန်ထိ ပြန်မရောက်သေးတာကို စိုးရိမ်ပြီး
ဟိုရှာဒီရှာများ ရှာနေမလားမသိပါ။ သူတို့မှာ ဖုန်းတွေရှိရဲ့သားနဲ့ ဖုန်း
မဆက်တာ ဘာသဘောများလဲ မသိတော့။ အိမ်ရောက်လို့ ထမီတွေဘာ
တွေ အဝတ်အစားတွေလဲပြီးမှ ဖြစ်ကြောင်းကုန်စင်ကို သံတော်ဦးထ
တော့မယ်လို့။ ဒါပေမယ့် ဖုန်းကလည်း ဆက်လို့မဖြစ်သေးပါဘူး။ သူ





...တန်းတက်ဖို့များတယ်။ ဒါကြောင့် သူမဆီကိုလည်း ဖုန်းမဆက်တာ
...ရှာပဲဆိုတာ သေချာတယ်လို့။

"သမီး . . . ကျောင်းပြန်တာ စောလှချည်လား၊ ဘယ်လိုဖြစ်လို့
...မီမှာ ရှပ်အကျီလက်တိုပတ်ထားရတာလဲ"

အိမ်ရောက်တော့ ကားပေါ်ကနေဆင်းပြီး အပြေးအလွှား အိမ်
...ဝင်လာတဲ့ သံမြသာကို ဧည့်ခန်းမှာ ဂျာနယ်ဖတ်နေတဲ့ ဦးရွှေတောင်
... မေးလိုက်ပါတယ်။

"နောက်မှ ပြောပြမယ် ဒယ်ဒီရေ ငါးမိနစ်ပဲစောင့်"

အိန္ဒြေကျော်ဇင်တစ်ယောက် တီဗွီကြော်ငြာထဲက သရုပ်ဆောင်
...လိုမျိုး လက်ငါးချောင်းထောင်ပြရင်းက သံမြသာတစ်ယောက် အိမ်
...ထပ်ကို ပြေးတက်သွားတာ ဦးရွှေတောင်က မျက်စိတစ်ဆုံးလိုက်ကြည့်
... ဂျာနယ်ကို ပြန်ဖတ်နေပါတယ်။

သံမြသာကတော့ အခန်းထဲရောက်ရောက်ချင်း ထမီမှာ ပတ်ဝတ်
...တဲ့ ရှပ်အကျီကို ကုတင်ပေါ်ပစ်တင်လိုက်ပြီး ထမီအမြန်လဲကာ ကြည့်
...မှ ကျောင်းမှာတုန်းက သူ့ကိုအကျီလိုက်ပေးတဲ့သူ ဒါကိုမြင်လို့ တစ်
...တွေတစ်မျိုးထင်ချင်လည်း ထင်လောက်နိုင်တာကိုးလို့။ အဝတ်
...လဲပြီး ကုတင်ပေါ်ပစ်ချထားတဲ့ ရှပ်အကျီကို ပြန်ခေါက်ပြီး သူမ
...တဲ့ခေါင်းအုံးနားမှာ ထားလိုက်ပါတယ်။ ပြီးတော့ ထမီကို ချက်ချင်း
...ဖို့ မစန်းတင့်ကိုခေါ်ပေးပြီး ဧည့်ခန်းထဲ လာခဲ့ပါတယ်။

"ဒယ်ဒီကို ပြောပါဦး သမီးရဲ့၊ ဘယ်လိုဖြစ်လာတာလဲလို့"

"ဒယ်ဒီရေ . . . အဖြစ်ကတော့ မသိရင် ဒေါသထွက်ဖို့လည်း
...။ ရှက်ဖို့လည်းကောင်း လိုက်တာဆိုတာ၊ ဒါမျိုးက သမီးနမော်
...လို့ ဖြစ်ရတာ"

"မှန်တာပေါ့ . . . သမီးရယ်၊ အဲဒီ မတော်တဆဂရုမထားမှုဟာ
...တို့ လူ့အဆောက်အအုံမှာ သိပ်အရေးကြီးတယ်၊ အဲဒီဂရုမထားမှု
...လူ့အဖွဲ့အစည်းကြီးတစ်ခုတောင် ပျက်စီးသွားနိုင်တာပဲ၊ သမီးလည်း
...ဲ တိုင်တန်းနစ်သဘောကြီးကို ဘယ်သူကမှ တည်ဆောက်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



[illegible]ထင်ခဲ့သလဲ၊ ဒါပေမယ့် လုံခြုံရေးဂရုစိုက်အားနည်းမှုကြောင့် [illegible]နဲ့တိုက်မိပြီး သင်္ဘောကြီးနစ်မြုပ်သွားတာ လူတွေသေကြတာပဲ [illegible] ဒါကြောင့် ဒယ်ဒီသင်္ဘောကပ္ပတိန်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့ကာလမှာ တာဝန်ကျဘယ်ဝန်ထမ်းသင်္ဘောသားပဲဖြစ်ဖြစ်၊ အရာရှိပဲဖြစ်ဖြစ် အမြဲသတိပေးရတယ်"

သံမြသာရဲ့ဖခင်ဦးရွှေတောင် သူ့အလုပ်မှာ ဘယ်လောက်တာဝန်ကျေသလဲဆိုတာ သင်္ဘောမလိုက်တော့ဘဲ အနားယူတာတောင် နိုင်ငံခြားကုမ္ပဏီတွေက ပြန်လည်တာဝန်ထမ်းဆောင်ဖို့ခေါ်တာ ခဏခဏပင်။ ဦးရွှေတောင်က သံမြသာမိခင်ဖြစ်သူ ကလေးအထူးကုဆရာဝန်ဒေါ်ပန်းဝတ်မှုန်ကို ဆေးရုံကိုကြိုပို့၊ အပြင်ဆေးခန်းတွေမှာ ဆေးကုသတဲ့အခါလိုက်ပို့နဲ့ အဲဒီတာဝန်ကိုပဲ ကျေနပ်လို့နေပါတယ်။

သံမြသာက သူ့ဖခင်စကားဆုံးတော့ ကျောင်းကဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကိုပြောပြတာ စိတ်ဝင်တစားနားထောင်ပါတယ်။

"သမီးပြောပုံအရ သမီးက အဲဒီကျောင်းသားကို မမုန်းပါဘူး။ သမီးဘဝမှာ မတွေ့ကြုံဘူးတဲ့ အတွေ့အကြုံမျိုးတွေ့ရလို့ သမီးအမုန်းအရာက တစ်မျိုးပြောင်းသွားတာပါ၊ သမီးတို့ဇာတ်လမ်း မပြီးသေးဘူးနော်"

ဦးရွှေတောင်က စကားဆက်မပြောတော့ဘဲ ဖတ်လက်စဂျာနယ်ကို ဆက်ဖတ်လိုက်ပါတယ်။ စောစောတုန်းက သူမအခန်းထဲမှာ ထားခဲ့တဲ့ သူများရှပ်အင်္ကျီပါ လျှော်ပေးရဦးမှာပါလားလို့ တွေးမိကာ ဧည့်ခန်းထဲကနေ အိမ်ပေါ်ထပ်ကို သွားလိုက်ပါတယ်။ တော်ကြာ အင်္ကျီပြန်ပေးမှ အဲဒီလူက သူ့အင်္ကျီဘာဖြစ်တယ်ညာဖြစ်တယ်ဆိုပြီး 'ချေး'များမှာစိုးလို့ပါ။

❑ ❑ ❑



ကမ္ဘာကြီးမှာဗျာ
ပန်းကလေးတွေပွင့်သလို
ကောက်ပဲဆိုင်တွေ အများကြီးဖွင့်သလို
တောလုံးပွဲတွေလည်း ရှိတာပါပဲလေ ...။
ဝတ်မှုံရွှေရည်ကြော်ငြာရိုက်လည်း ရိုက်ပေါ့။
စီရော်နယ်ဒိုပင်နယ်တီမဝင်တာလည်း ဘာဖြစ်လဲဗျာ။
လူတော်တော်များများကတော့
ကိုယ်လုပ်ချင်တာကော မလုပ်ချင်တာပါ
လုပ်နေကြတာပဲ မဟုတ်လား။
ဟုတ်ကဲ့ပါ ...
ကျောက်ဆောင်ဦးဂူနံရံတွေပေါ်က
ပန်းချီလက်ရာများကို မြစ်များစံလို့
ပန်းချီပြပွဲတွေ
ခေတ်အဆက်ဆက်ဖြတ်သန်းလာတာ
ကျွန်တော်တို့ကမ္ဘာ
ဘယ်လောက်များနေချင်စရာကောင်းလဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

လောကနတ်ပန်းချီပြခန်းထဲမှာ ပန်းချီပြပွဲကို လာရောက်ကြည့်သူ ပရိသတ်က နေ့လယ်ခင်းမို့ လူအနည်းငယ်ရှင်းနေပါသည်။ အေးသိန်းနဲ့ သူ့မိတ်ဆွေပန်းချီဆရာတွေ ပူးပေါင်းပြသတဲ့ 'FREEDOM' ပန်းချီပြပွဲကို ဒီနေ့နောက်ဆုံးပြသတဲ့နေ့မှပဲ ထည်ဝါတစ်ယောက်ကြည့်မိပါတယ်။ အရင်ဆုံးပန်းချီပြပွဲမလာခင် မိဘမဲ့ကလေးတွေကိုလှူဖို့ စာအုပ်၊ ခဲတံတွေ၊ ဘောပင်တွေ မြို့ထဲမှာ အရင်သွားဝယ်ရပါသေးတယ်။ အဲဒါတွေဝယ်ပြီးမှပဲ ပန်းဆိုးတန်းဖက်ကို ထွက်လာမိတာပါ။

ပန်းချီပြပွဲက ရိုးရာသရုပ်မှန်ပန်းချီကော ခေတ်လွန်မော်ဒန်ပန်းချီတွေပါ ရောနှောပြသထားပါတယ်။ အေးသိန်းကိုမေးတော့ ပန်းချီဆရာတွေနဲ့ အပြင်ထွက်သွားတယ်ဆိုလို့ ဝေ့တဲ့ ပန်းချီကတ်တလောက်ကို လက်ကကိုင်ရင်း ထည်ဝါတစ်ယောက် ပန်းချီကားတွေကို တစ်ကားချင်း အရသာခံကြည့်နေမိပါတယ်။ အေးသိန်းရဲ့ပန်းချီကားကလည်း ဒီပြပွဲမှာ သုံးကားပြသထားပါတယ်။ ရိုးရာနဲ့မော်ဒန်ကို အေးသိန်းက အချိုးကျ ဆွဲထားတဲ့ သူ့ပန်းချီကားသုံးကားထဲမှာ 'သန္တရသ'ဆိုတဲ့ ပန်းချီကားကို ထည်ဝါသဘောကျမိပါတယ်။

အရောင်နုလေးတွေ သုံးထားပြီး စမ်းချောင်းလေးရယ်၊ တေးဆို





နေတဲ့ ငှက်ကလေးရယ်၊ တောရိုပ်တောင်ရိပ်တွေရယ်၊ ပန်းပင်လေးတွေနဲ့ ကြည့်လိုက်ရင် ရင်ထဲအေးမြသွားပါတယ်။ မြန်မာနိုင်ငံမှာ နောက်ဆိုလျှင် ဒီလိုသဘာဝအလှတရားတွေရှိမှ ရှိနိုင်တော့ပါ့မလားလို့။ အခုဆို မြစ်ဆုံ ကိစ္စတို့၊ တောပြုန်းတာတို့၊ သဘာဝအလှတရားတွေရှိတဲ့ နေရာတွေမှာ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ရွှေရှာ၊ သဘာဝဓါတ်ငွေ့လုပ်နဲ့ သဘာဝအလှတွေက ပျက်သုန်းမယ့်အရေးဖြစ်ပေါ်နေလို့ပါ။

"ငါ့တူ . . . မင်းက ဒီပန်းချီကားကို ရပ်ကြည့်နေတာ အန်ကယ့်စိတ်ထင် မိနစ်နှစ်ဆယ်ကျော်လောက်ရှိမယ်ထင်တယ်၊ ငါ့တူက ဒီပန်းချီကားကို ဘာတွေသဘောကျနေလို့လဲ"

အဝတ်အစား သေသေသပ်သပ်ဝတ်ထားပြီ ထည်ဝါရဲ့ဖခင် ဦးလှကျော်နဲ့ သက်တူရွယ်တူလောက်ရှိမယ့် ဦးလေးကြီးတစ်ယောက်က အေးသိန်းရဲ့ပန်းချီကားကိုကြည့်ပြီး စဉ်းစားခန်းဝင်နေတဲ့သူ့ကို မေးလိုက်လို့ပါ။

"ဒီပန်းချီကားက ကျွန်တော့်သူငယ်ချင်းဆွဲတာပါ၊ ဒီကောင့်ကို အထင်သေးထားတာ၊ ဒီပန်းချီကားကို သေသေချာချာ ကြည့်မိတော့မှပဲ စဉ်းစားရင်းတွေးရင်းက သူ့ကိုလေးစားချင်စိတ်တောင် ပေါက်မိတယ် အန်ကယ်ရဲ့"

"ဟုတ်လားကွ၊ ဪ . . . ဒီပန်းချီကားက ငါ့တူသူငယ်ချင်းဆွဲတာကိုး၊ လုပ်စမ်းပါဦးကွာ . . . အန်ကယ်လည်း မင်းရဲ့အမြင်ကို သိရတာပေါ့၊ ဒီပန်းချီကားကို ငါ့တူက ဘယ်လိုမြင်လို့လဲ၊ ဪ . . . အန်ကယ့်ကို အန်ကယ်မိတ်ဆက်ပေးရဦးမယ်၊ အန်ကယ့်နာမည်က ဦးရွှေတောင်၊ အလုပ်ကတော့ သင်္ဘောကပ္ပတိန်အငြိမ်းစားပေါ့ကွာ၊ မိန်းမကို အကြိုအပို့လုပ်နေရသူပေါ့၊ အခုတောင် ဂျာနယ်ထဲမှာ ဒီပန်းချီပြပွဲသတင်းဖတ်ရလို့ ရောက်လာတာ၊ ပန်းချီကားလေးဘာလေး တစ်ကားလောက်ဝယ်ပြီး အိမ်ဧည့်ခန်းနံရံမှာ ချိတ်မလားလို့"

"ဟုတ်ကဲ့ . . . အန်ကယ်၊ ကျွန်တော့်နာမည်က ထည်ဝါပါ၊ မိဘတွေကတော့ အဖေကတော့ K Group ဆိုပြီး သူ့မိတ်ဆွေတွေနဲ့ ဆောက်

www.burmeseclassic.com



လုပ်နေကုမ္ပဏီဖွဲ့ထားပါတယ်"

"ဟ . . . ငါ့တူရဲ့အဖေ K Group က နာမည်ကြီးပဲဟာ၊ ကဲ . . . စောစောက ပန်းချီကားအကြောင်း ပြောပါဦးကွာ"

ဦးရွှေတောင်ဆိုသော လူကြီးက ကမ္ဘာပတ်ပြီး သဘော်ကပွတ်ခိန် လုပ်ကာ လူပေါင်းစုံနှင့် ဆက်ဆံလာရလို့လားမသိ၊ ပြောပုံဆိုပုံတပြုအမူ တွေက နိုင်ငံတကာဆန်တယ်ဆိုတာ စိတ်ထဲကနေ ထည်ဝါမှတ်ချက်ချမိ ပါတော့တယ်။

"ဒီပန်းချီကားကိုကြည့်ရတာ ရင်ထဲမှာ စိတ်ချမ်းမြေ့အေးချမ်း တယ်လေ၊ သဘာဝရဲ့အလှတွေပေါ့ အန်ကယ်ရယ်၊ ဒါကြောင့် ကျွန်တော့် သူငယ်ချင်းက သန္တရသလို့ ပေးထားတာလား မသိဘူး၊ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ သဘာဝတရားတွေနဲ့ လှပြီးနေနေတာ မကြာခင်မှာ သဘာဝအလှတရားတွေ ကွယ်ပျောက်တော့မလားလို့၊ အန်ကယ်ပဲ စဉ်း စားကြည့်လေ . . . မြစ်ဆုံကိစ္စတို့ သဘာဝတရားလှပနေတဲ့ နေရာတွေကို ကျော်ဖြတ်ပြီး သဘာဝဓါတ်ငွေ့တူးဖော်တာတွေ၊ ရွှေရှာတာတွေ၊ အခြား သော စီးပွားရေးနဲ့ပတ်သက်လို့ စက်မှုဇုန်လုပ်မှာတွေ စသဖြင့်ပေါ့၊ ရှေ့ လာမယ့် အချိန်ကာလတွေမှာ မြန်မာနိုင်ငံရဲ့သဘာဝတရားတွေကို မကွယ် ပျောက်ဖို့အတွက် အခုကတည်းက သက်ဆိုင်ရာက ပါးစပ်ပြောမဟုတ်ဘဲ လက်တွေ့လုပ်ဆောင်သင့်ပြီ၊ တဖြည်းဖြည်းနဲ့ သစ်တောတွေ ပြုန်းတီးလာ တာ ကြည့်ပါလား၊ အရင်လက်ထက်က သစ်တောတွေကို ကုမ္ပဏီတွေ လက်ထဲ ကိုယ့်လူကိုယ်ပေးခဲ့တာ၊ ဟိုကလည်း ပိုက်ဆံရဖို့ တွေ့သမျှအကုန် ခုတ်ပစ်တာ၊ သစ်တောကို ပြုပြင်ထိန်းသိမ်းရမှန်းမသိ၊ ကိုယ်ကြီးပွားဖို့ လုပ်သွားကြတာ၊ အဲဒီလူတွေက သဘာဝတရားကို ဖျက်ဆီးတဲ့သူတွေပဲ၊ ပြောတော့ သူတို့လောက် နိုင်ငံချစ်တာ ပြောမနေနဲ့"

"ငါ့တူရဲ့အယူအဆကိုတော့ အန်ကယ်ကြိုက်သွားပြီ၊ ငါ့တူမှာ နိုင်ငံရေးအမြင်ရှိတာပဲ"

"နိုင်ငံရေးအမြင်တော့ မဟုတ်ပါဘူး အန်ကယ်ရယ်၊ နိုင်ငံသား တစ်ယောက်အနေနဲ့ ဒီလောက်တော့ ကိုယ်နေတဲ့နိုင်ငံရဲ့ သဘာဝတရား





အလှကိုတော့ မပျောက်ပျက်အောင် ခုခံကာကွယ်ပြောဆိုခွင့်ရှိတာပေါ့"

မတတ်နိုင်ပါ။ ထည်ဝါကတော့ စိတ်ထဲရှိတာ ပြောချလိုက်တာ တို့ ဦးရွှေတောင်က နားထောင်ရင်း အတော်လေးစားသွားပါတယ်။

"လာကွာ . . . ငါ့တူနဲ့အန်ကယ် တစ်ခြားပန်းချီကားတွေ ကြည့် ရအောင်"

ဦးရွှေတောင်က ထည်ဝါကို လက်ဆွဲခေါ်ကာ ပြသထားတဲ့ ပန်း ချီကားတွေကိုကြည့်လိုက် ဝေဖန်လိုက်နှင့် နောက်ဆုံးမှာ ဘုန်းကြီးနှင့် ကိုရင်လေးများ ဆွမ်းခံထွက်တဲ့ ပန်းချီကားတစ်ချပ်ကို ဦးရွှေတောင်က ဝယ်ပါတယ်။

"အန်ကယ် . . . ဘယ်ကိုလိုက်ပို့ပေးရမလဲ၊ ကျွန်တော့်မှာ ကား ပါတယ်လေ"

လောကနတ်ပန်းချီပြခန်းကနေ ဦးရွှေတောင်နဲ့အတူတူ ပြန်ဖို့ ထွက်လာတဲ့ ထည်ဝါက သူရပ်ထားတဲ့ ကားနားရောက်တော့ မေးလိုက် ပါတယ်။

"ကျေးဇူးပဲ ငါ့တူ၊ အန်ကယ့်မှာ ကားပါတယ်၊ စာပေဗိမာန်ရှေ့ မှာ ရပ်ထားတယ်"

ထည်ဝါက ကားတံခါးသော့ကိုဖွင့်ဖို့ လုပ်နေတုန်းမှာ ဦးရွှေတောင် က ကားထဲကို အကဲခတ်ရင်း . . .

"ငါ့တူ မောင်ထည်ဝါ၊ ကားထဲမှာ ဗလာစာအုပ်တွေကော ခဲတံ တွေကော ဘောပင်တွေကော များလှချည်လား၊ ဘာလဲ . . . စာရေး ဆရာယာဆိုင်ဖွင့်ထားလို့လား"

"မဟုတ်ပါဘူး အန်ကယ်ရ၊ ဒါတွေက လှူဖို့ပါ၊ ကျွန်တော်တို့ သူငယ်ချင်းတွေက နှလုံးလှဆိုပြီး လူမှုရေးပရဟိတအဖွဲ့ဖွဲ့ထားတယ်၊ ဒါတွေက မိဘမဲ့ကလေးတွေကို လှူဖို့လေ"

"ဩော် . . . ဟုတ်လား၊ ကောင်းတာပေါ့ကွာ၊ ရော့ . . . ဒီမှာ လိပ်စာကဒ်၊ မင်းတော့ ခင်သွားပြီ၊ ဖုန်းဆက်နော် . . . တွေ့ကြတာပေါ့"

ထည်ဝါ့စကားနားထောင်နေတဲ့ ဦးရွှေတောင်က အမ်ခုခုတို့



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်သလိုခံစားရင်းမှ လိပ်စာကတ်ကိုပေးပြီး နှုတ်ဆက်ကာ ထွက်သွားပါတယ်။ ထည်ဝါလည်း ပန်းချီပြပွဲမှာ မထင်မှတ်ဘဲ မိတ်ဆွေတစ်ဦးတိုးလာလို့ ကျေနပ်နေမိပါတယ်။

□

"ဒယ်ဒီ . . . ဒီနေ့ ပန်းချီပြပွဲသွားကြည့်တယ်ဆို၊ ပန်းချီကားကော ဝယ်ဖြစ်လား"

Sky Net ကနေ နိုင်ငံခြားသတင်းကိုကြည့်နေတဲ့ ဦးရွှေတောင်ကို သံမြသာက အနားရောက်လာရင်းမှ မေးပါတယ်။

"ဝယ်ဖြစ်ပါတယ် သမီးရယ်၊ ရဟန်းနဲ့ ကိုရင်လေးတွေ ဆွမ်းခံကြွတဲ့ ပန်းချီကားလေ၊ ရှစ်သောင်းတောင် ပေးရတယ်၊ ပန်းချီပြပွဲပြီးရင် လာပို့ပေးမယ်တဲ့၊ ဧည့်ခန်းမှာ ကိုယ်ကိုးကွယ်တဲ့ဘာသာကို စောင့်ရှောက်နေတဲ့ ရဟန်းကိုရင်တွေပုံကို ချိတ်ဆွဲထားရတော့ ကျက်သရေရှိ တင့်တယ်တာပေါ့။ ဩော် . . . သမီးဒယ်ဒီပြောရဦးမယ်"

"ဘာများလဲ ဒယ်ဒီရဲ့"

"ဒီနေ့ပန်းချီပြပွဲမှာ သမီးအရွယ်လူငယ်လေးတစ်ဦးနဲ့တောင် မိတ်ဆွေဖြစ်လာတယ်၊ သူကလည်း သမီးတို့လိုပဲ၊ ပရဟိတလူမှုရေးအသင်းဖွဲ့ထားတာ၊ မိဘမဲ့ကလေးတွေအတွက် စာအုပ်၊ ခဲတံ၊ ဘောပင်တွေ သွားလှူမလို့ ဝယ်လာပြီး ကားထဲထည့်ထားတာ ဒယ်ဒီက စပ်စုလို့ မေးမှ ပြောတာဗျ၊ ဒယ်ဒီတော့ ကျေနပ်တယ်၊ ဒီလိုအချိန်ကာလမျိုးမှာ လူငယ်တွေဟာ တစ်ခြားနေရာတွေမှာ အချိန်မဖြုန်းဘဲ လူမှုရေးကိစ္စတွေမှာ ကိုယ့်ရဲ့အချိန်တွေ ပေးထားတာ သိပ်တန်ဖိုးရှိတာပေါ့၊ ဒါမျိုးက နိုင်ငံခြားမှာတော့ အများကြီးပဲ၊ ဒယ်ဒီတို့ဆီမှာသာ အခုမှအရှိန်ရစပြုလာတာ"

"ဒါကလည်း ဒယ်ဒီရယ် . . . ဒီအလုပ်က သမီးတို့တစ်တွေက တစ်နိုင်တစ်ပိုင်လောက်ပဲ ရှိသေးတာ၊ တစ်ချို့တွေဆို တကယ့်ကို အဖွဲ့အစည်းက ကြီးသလားမမေးနဲ့၊ အတွေးအခေါ်ပညာရှင်ကြီး ဘာထရန်





ရပ်ဆဲလ်ရဲ့ အသက်ရှည်ချင်ရင် လူမှုရေးပရဟိတအကျိုးများများလုပ်၊ အတ္တတွေပျောက်မယ်ဆိုတဲ့ ဒဿနကိုများ စွဲကိုင်ကြသလား မသိဘူး"

"သမီးရယ် . . . လှူတာပဲ၊ လူသားချင်းစာနာတာပဲ၊ ကြီးတာ ငယ်တာ နည်းတာများတာ အဖွဲ့က အဓိကမဟုတ်ပါဘူး၊ ရှိတဲ့ကိုယ့်အဖွဲ့ဝင်တွေ သွေးမကွဲဖို့သာ အရေးကြီးတာ၊ ဒါနဲ့ စကားမစပ် . . . ဒယ်ဒီသိချင်လို့ မေးရဦးမယ်"

"ဘာမေးမလို့လဲ ဒယ်ဒီရဲ့"

"ဩော် . . . သမီးရဲ့ပြဿနာဖြစ်တယ်ဆိုတဲ့ ကျောင်းသားကို သူ့ပစ္စည်းတွေကော ပြန်ပေးပြီးပြီလားလို့ပါ"

ဦးရွှေတောင်အမေးစကားကို နားထောင်ပြီး သံမြသာက ရယ်လိုက်ရင်းက . . .

"အဲဒီကျောင်းသားရဲ့ ထီးနဲ့အကျီကို ကားထဲထည့်ထားပြီး နေ့တိုင်းယူသွားပါတယ်၊ ဒင်းက ပျောက်ချက်သားကိုကောင်းလို့၊ သမီးက အတန်းတက်နေရတော့ ကျောင်းထဲမရှာနိုင်ဘူး၊ ဒီတော့ လုပ်စရာတစ်နည်းပဲရှိတော့တယ်၊ တက္ကသိုလ်ထဲက သစ်ပင်တွေမှာ လော်စပီကာတွေချိတ်ပြီး သူ့ထီးနဲ့အကျီလာယူပါလို့ အော်ရတော့မလို ဖြစ်နေပြီ"

သံမြသာစကားကို နားထောင်နေတဲ့ ဦးရွှေတောင်က ဘာမှတ်ချက်စကားမှမပြောဘဲ ချိတ်ထားတဲ့ ပန်းချီကားကို ကြည့်လိုက်ပြန်ပါတယ်။ ပြီးမှ . . .

"သမီးရဲ့ဘဝမှာ အခုမှ ရင်ခုန်စရာတွေ ကြုံရတော့မှာပါလား။ ငါ့သမီးက အမြဲတမ်းကျောင်းစာနဲ့ အခုပေါင်းတဲ့သူငယ်ချင်းတွေနဲ့ပဲ ပေါင်းရင်း အချိန်ကုန်လာတာဆိုတော့ ဒယ်ဒီထင်ပါတယ်၊ သမီး . . . အဲဒီကျောင်းသားနဲ့ ဆုံတော့ထပ်ဆုံဦးမှာ၊ ဘယ်လိုဆုံမလဲတော့ မသိဘူး။ ဒယ်ဒီထင်မြင်ချက်မျိုး သမီးရဲ့မာမီကိုလည်း မေးကြည့်ပါလား"

"နေပါစေ ဒယ်ဒီရယ်၊ မာမီက သူ့အလုပ်နဲ့သူတောင် မှားတာ၊ မာမီ့ကို နားစေချင်လှပြီ၊ ဒါပေမယ့် မာမီက အရွယ်ကလည်း ရှိသေး၊ ပြီးတော့ မာမီလုပ်တဲ့အလုပ်က အနာဂတ်အတွက် အာနာတွေဖြစ်

www.burmeseclassic.com



တဲ့ ကလေးငယ်တွေကို မဆုံးရှုံးအောင် ကယ်တင်တဲ့ ဆရာဝန်အလုပ်ကို လုပ်နေတော့ သွားပိတ်ပင်ရင် သမီးအပြစ်ရမှာပေါ့၊ ဒါက ဂုဏ်ယူစရာ မဟုတ်ဘူးလား"

ဦးရွှေတောင် ဘာမှမပြောဘဲ သမီးသံမြသာကိုသာ ကျေနပ်တဲ့ အကြည့်နဲ့ ကြည့်မိပါတယ်။ သမီးမှာ ဗိလိုလူသားချင်းစာနာတဲ့ အသိမျိုး ရှိတဲ့ သမီးတစ်ယောက်ကို မွေးဖွားပေးတဲ့ ဇနီးဖြစ်သူဒေါ်ပန်းဝတ်မှုန်ကို ကျေးဇူးတွေ အထပ်ထပ်တင်နေမိလေရဲ့။

❑ ❑ ❑

'ကလီယိုပက်ထရာ'ရဲ့
လျှို့ဝှက်တဲ့အလှကြောင့်
ဖြစ်လိုက်ရတဲ့စစ်ပွဲတွေ
'မာရီလင်မွန်ရိုး'ရဲ့
မျက်နှာပေါ်က ဂမ္ဘီရမှဲ့နက်လေးကြောင့်
ပုံရိုးသယောင်ကျွန်းတွေ
'မနောက်'ကို ဖေါက်ဖျက်မိတာ တော်တော်များမှာ။
အပြစ်လားဗျာ ...
သိပ်စွာတဲ့ နတ်သမီးတစ်ပါးကို
စိတ်ထဲကနေ ကြိတ်မြတ်နိုးမိတာလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ကားကို Lucky seven လက်ဖက်ရည်ဆိုင်ရှေ့မှာ ရပ်လိုက်တယ်။ မနက်ကတည်းက ဘာမှမစားရသေးတော့ ဗိုက်ထဲက တော်တော်ဆာနေပြီ။ အဲဒါက ထည်ဝါတစ်ယောက်တည်း မဟုတ်ပါ။ 'ပစ်ကြီး'လည်း အတူတူပါပဲ။ ဘယ်နှယ့်အားအားရှိ ကိုကြီးကျော်တို့က လျှို့ဖို့ပစ္စည်းဝယ်ခိုင်းပြီဆိုရင် အမြဲတမ်းလိုလို ထည်ဝါ့ကိုပဲ ဝယ်ခိုင်းနေကျ။ တစ်ခါတလေ လောက် ဝယ်ပါဆိုလည်း ပြောမရ။ ဒီနေ့လည်း မင်္ဂလာဈေးမှာ ခြင်ဆေးတွေ သွားဝယ်ရတယ်။ ဝယ်ရတာမှ ခြင်ဆေးတံဆိပ်က အစုံပဲ။ တစ်ဆိုင်ပြီးတစ်ဆိုင် လိုက်ဝယ်ရတာ။ တစ်ချို့ဆိုင်ကရှိပြီး တစ်ချို့ဆိုင်ကမရှိတော့ အခြားတစ်ဆိုင်ဝယ်ရတာပေါ့လေ။

"မောင်ထည်ဝါ . . . လာဟေ့"

"ဟာ . . . အန်ကယ်"

ထည်ဝါမထင်ထားပါ။ ပန်းချီပြပွဲတုနးက မိတ်ဆွေဖြစ်ခဲ့တဲ့ ဦးရွှေတောင်ကိုတွေ့မှပဲ သူ့ကိုလိပ်စာကဒ်ပေးပြီး ဖုန်းဆက်ခိုင်းတာ မဆက်ဖြစ်တာကို အားနာသွားမိပါတယ်။

"ဘယ်ကနေ ဘယ်လိုရောက်လာတာလဲကွ၊ ကဲ . . . ဘာမှာမလဲ . . . မှာလေ"





ဦးရွှေတောင်က ထည်ဝါနဲ့ ပစ်ကြီးကို ထိုင်ခိုင်းလိုက်ပြီး စားပွဲထိုး ခေါ်လိုက်ပါတယ်။

"ဝက်နံရိုးဆီချက်နှစ်ပွဲနဲ့ ကျဆိမ့်နှစ်ခွက်"

ဒါမျိုးကျတော့ ပစ်ကြီးတို့က ဘာသွက်သလဲ မမေးနဲ့။ Menu ာတွေတောင် မကြည့်တော့ဘဲ တန်းမှာလိုက်ပါတယ်။

"အန်ကယ် . . . ဒါက ကျွန်ုတော့်ရဲ့အချစ်ဆုံးသူငယ်ချင်းပစ်ကြီး ညာနောက်ဆုံးနှစ်၊ နာမည်ရင်းက မြင့်မိုရ်၊ ဒါပေမယ့် ဒီကောင် တော့ ပစ်ကြီးပဲခေါ်ရင်း ဒီနာမည်တွင်သွားတာ"

"အေးကွာ . . . မင်းတို့လို လူငယ်တွေနဲ့တွေ့ရတာ ဝမ်းသာတယ် ထည်ဝါရေ . . . အန်ကယ်က မင်းနဲ့တွေ့မယ်လို့ ထင်တောင်မထင် အန်ကယ့်အမျိုးသမီးကို ဆေးခန်းလိုက်ပို့ရင်း လက်ဖက်ရည်သောက် ဝင်ထိုင်တာ၊ ဒီအချိန်ကြီးကျမှ ဘာလဲထမင်းမစားရသေးဘူးလား"

"ဟုတ်တယ် အန်ကယ်ရေ . . . ကျွန်တော်တို့ နှလုံးလှပရဟိတ က ကျွန်တော်တို့ နားမှာရှိတဲ့ ရပ်ကွက်သုံးရပ်ကွက်က နွမ်းပါးတဲ့ တွေ ညဖက်မှာ ခြင်မကိုက်အောင်လို့ ခြင်ဆေးခွေလှူမလို့၊ အဲဒါ လာဈေးမှာ ဖေါက်သည်လာဝယ်တာ၊ ဝယ်ရတာ ခြင်ဆေးက အမျိုး စုံတော့ တစ်ဆိုင်မရတစ်ဆိုင် ဝယ်ရတာပဲ၊ ဝယ်ရတာကတော့ ဆေးခွေအပိုင်းကော ထောင့်ကော စုံနေတာပဲ"

"အမယ်လေး မောင်ထည်ဝါရယ်၊ ခြင်ဆေးခွေက ထောင့်ပဲဖြစ် အပိုင်းပဲဖြစ်ဖြစ် ဘယ်ခြင်ဆေးခွေမဆို မွှန်တာနဲ့ ကြာကြာရှူရင် ဆုပ်ရောဂါဖြစ်တာက အတူတူပါပဲကွာ . . . ဟုတ်ဘူးလား"

ဦးရွှေတောင်က သူ့စကားသူ သဘောကျပြီး ရယ်နေပါတယ်။ အချိန်မှာပဲမှာထားတဲ့ ဆီချက်နှစ်ပွဲရောက်လာလို့ စကားပြန်မပြောနိုင် သေးဘဲ ထည်ဝါကော ပစ်ကြီးပါ ခေါင်းမဖေါ်တမ်းစားနေမိပါတယ်။ လို့တစ်ဝက်လောက်ကုန်မှ ထည်ဝါက . . .

"ခြင်ဆေးခွေတွေက ကြာကြာသုံးရင် အန္တရာယ်ရှိမှန်းတော့ သိပါတယ်၊ ဒါပေမယ့် ဒီရာသီက သွေးလွန်တုပ်ကွေးရာသီဆိုတော့ ကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ သွေးလွန်တုပ်ကွေးဖြစ်မှာစိုးလို့ ကာကွယ်ပေးတဲ့သဘောပါ၊ ကျွန်တော်တို့ မြန်မာလူမျိုးအချို့ရဲ့ မရှိနွမ်းပါးရတဲ့အကဲ ပေါ့ပေါ့တန်တန် သဘောထားတဲ့အတွက် အသက်မဆုံးရှုံးသင့်တဲ့ ကလေးငယ်တွေ မဆုံးရှုံးရအောင်လို့ပါ"

"ဟုတ်တာပေါ့ ငါ့တူ၊ မင်းတို့ရည်ရွယ်ချက် သိပ်ကောင်းတယ်။ ဒီသွေးလွန်တုပ်ကွေးဖြစ်လို့ လွန်မှဆေးရုံကိုရောက်လာပြီး အသက်ဆုံးတဲ့ကလေးတွေ များမှများ၊ ဒါတွေ အန်ကယ်က အသိဆုံးပဲ၊ အန်ကယ့်ဇနီးက ကလေးအထူးကုဆရာဝန်ဆိုတော့ သူတာဝန်ကျတဲ့ဆေးရုံမှာ သွေးလွန်တုပ်ကွေးဖြစ်တဲ့ ကလေးတွေများလွန်းလို့ အခုလိုအချိန်မျိုးဆို ညတောင် ကောင်းကောင်းမအိပ်ရဘူး၊ ဆေးရုံက အရေးပေါ်ကလေးဖြစ်လို့ ဖုန်းဆက်ရင် အိမ်ကနေ treatment ပေးနေရတာ"

"အင်း . . . ဒါက တိုင်းပြည်ရဲ့ကျန်းမာရေး အသိပညာပေး အားနည်းမှုနဲ့လည်း ဆိုင်တာပေါ့ အန်ကယ်ရယ်၊ ပြောရရင်လည်း ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်မယ်"

ထည်ဝါက ပြောလက်စ စကားကို ဖြတ်လိုက်ရင်း ဆီချက်ခေါက်ဆွဲကို ဆက်စားနေပါတယ်။ ဆီချက်ခေါက်ဆွဲကုန်သွားတော့မှ လက်ဖက်ရည်ကို တစ်ငုံမော့ချလိုက်ပါတယ်။

"ငါ့တူက ဒီလောက်ပရဟိတလူမှုရေးတွေ လုပ်နေတာကို ငါ့တူရဲ့ချစ်သူကတော့ ကျေနပ်နေမှာနော်"

"ဗျာ . . . အန်ကယ်၊ ကျွန်တော့်ချစ်သူက ဟုတ်လား"

ထည်ဝါက ဦးရွှေတောင်စကားကြောင့် ရယ်လိုက်ပါတယ်။

"အန်ကယ်က ကျွန်တော့်ကို တော်တော်အထင်ကြီးနေတာပဲ"

"ဟုတ်တယ် အန်ကယ်၊ ဒီကောင်ထည်ဝါကို အထင်မကြီးနဲ့ဦး၊ ဒီကောင်က အခုမှ သူ့စွာတေးမလေးကို ကျိတ်ကြိုက်နေတာ"

"ဟုတ်လားကွ . . . ဖြစ်ရလေ မောင်ထည်ဝါရာ၊ ဒါများကြိုးစားပေါ့"

"ကြိုးစားဖို့နေနေသာသာ ဟိုက သူ့ကိုတွေ့ရင် ဘာ'ကော'သလဲ





ဆေးနဲ့၊ ထည်ဝါ ပြောပြလိုက်လေကွာ၊ မင်းရဲ့စွာတေးမလေးအကြောင်း"

အရေးထဲ ပစ်ကြီးက ကြော်ငြာဝင်ထိုးနေပါသေးတယ်။

"လုပ်စမ်းပါဦး မောင်ထည်ဝါရ . . . ပြောပြပါဦး၊ အန်ကယ်တည်း ငယ်မူပြန်ရတာပေါ့ကွာ"

ပစ်ကြီးစကားကြောင့် ဦးရွှေတောင်က သိချင်ဇောဖြင့် ထပ်ပြောခိုင်းပြန်ပါတယ်။

"သိပ်တော့ အထူးအဆန်းမဟုတ်ပါဘူး အန်ကယ်ရယ်၊ ဒီလိုပါ × × × × × × × × × × × × × × ×"

ထည်ဝါက ဖြစ်သမျှအကြောင်းစုံကို ရှင်းပြတော့ . . .

"ဒါနဲ့ အဲဒီကျောင်းသူနာမည်ကော သိလား"

"မသိဘူး အန်ကယ်ရဲ့၊ ဘယ်မေဂျာကလဲ မသိဘူး"

"ငါ့တူရယ် . . . မင်းတို့တက်နေတဲ့ ဒဂုံတက္ကသိုလ်က ကျဉ်းတာဝဲတာ၊ ရှာကြည့်ပါလား ရှိမှာပေါ့၊ သူက ထွက်ပြေးမှာ မဟုတ်ပါဘူးကွ"

"ဟုတ်တယ် အန်ကယ်၊ ဒီကောင်က ကြောက်များ ကြောက်နေသလား မသိဘူး၊ ဟေ့ကောင် ထည်ဝါ . . . အန်ကယ့်ကို မင်းက ဖုန်းနဲ့ အေးသိန်းကို ခိုးရိုက်ခိုင်းထားတဲ့ ဓါတ်ပုံကိုပြလိုက်လေ၊ အန်ကယ်ကြည့်တုန်းကြည့်သွားရတာပေါ့"

ထည်ဝါတစ်ယောက် ပစ်ကြီးကို ပြစ်ပြစ်နှစ်နှစ် ကျိန်ဆဲချင်စိတ်ပေါက်သွားပါတယ်။ လူကြီးက သူ့ဖုန်းသာသူနေတာကို ဖုန်းထဲက ဓါတ်ပုံကို အတင်းပြခိုင်းနေလို့ပါ။

"ဟုတ်လားကွ . . . မောင်ပစ်ကြီးရ၊ မောင်ထည်ဝါ ပြပါဦးကွ၊ အန်ကယ့်အမျိုးသမီးငယ်ငယ်တုန်းကနဲ့ အခုမင်းစိတ်ဝင်စားနေတဲ့ကျောင်းသူ ဘယ်သူပိုလှသလဲ ကြည့်ရတာပေါ့"

"အန်ကယ်ကလည်းဗျာ . . . အန်ကယ့်ဇနီးက ပိုလှမှာပေါ့"

"အင်း . . . ငါ့တူကိုတောင် မုန့်ထပ်ကျွေးရမယ့် ကိန်းဆိုက်နေပြီဟေ့ . . . မုန့်"

ဦးရွှေတောင်က ထည်ဝါဖွင့်ပြသော ဟမ်းဖုန်းထဲမှ ဓါတ်ပုံကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ပြုံးလိုက်ပါတယ်။ ပြီးတော့ ထည်ဝါ့ကို အဓိပ္ပါယ်ပါပါကြည့်လိုက်ပြီး . . .

"ငါ့တူကြိုက်နေတဲ့ ကျောင်းသူက ငါ့တူပြောတဲ့အတိုင်း လှနေတာပဲ၊ ကေန္တ သူ့အဖေနဲ့အမေက ချောလို့ဖြစ်ရမယ်၊ ဒါပေမယ့် သိရသလောက်က သမီးတွေက အဖေနဲ့တူရင် ပိုချောတယ်တဲ့၊ ဒီကျောင်းသူ အဖေက တော်တော်ချောလိမ့်မယ်ဟေ့"

ဦးရွှေတောင်က သူ့စကားသူ သဘောကျပြီး ရယ်လိုက်ပါတယ်။

"ဒါနဲ့ ငါ့တူက ဘာဆက်လုပ်မှာလဲ၊ ဒါကို ဒီအတိုင်းထားမှာလား။ ကိုယ်မြတ်နိုးတာကိုတော့ တစ်ဖက်လူက ပြန်လက်ခံတာ၊ လက်မခံတာ သူ့အပိုင်းပဲကွ၊ မင်းက သိအောင်လုပ်ရမယ်"

"ဗျာ . . . အန်ကယ်၊ ကျွန်တော်က ဘယ်လိုသိအောင်လုပ်ရမှာလဲ၊ အန်ကယ်ကတော့ ကျွန်တော့်ကို စားခိုင်းပြီ"

"အန်ကယ်ပြောပြမယ်၊ မိန်းမဆိုတာမျိုးက သူတို့ကို အံ့အားတသင့် လုပ်တတ်တာမျိုးလေးတွေ ဂရုစိုက်တတ်တာမျိုးတွေရှိရင် ကိုယ့်ကိုစိတ်ဝင်စားတတ်ကြတယ်၊ ဒီတော့ ငါ့တူက အဲဒီကျောင်းသူစိတ်ဝင်တစားဖြစ်မယ့်ဟာမျိုး စလုပ်သင့်တယ်"

"အန်ကယ်ရာ . . . ကျွန်တော်က ဒါမျိုးအတွေ့အကြုံရှိတာမဟုတ်ဘူး၊ ဘယ်လိုစိတ်ဝင်တစားနည်းတွေနဲ့ လုပ်ရမှာလဲ"

ထည်ဝါက ဘာလုပ်ရမှန်းမသိတော့ဘဲ ခေါင်းမှာ ဆံပင်တွေကို လက်နှင့်ဖွလိုက်ပါတယ်။

"မိန်းကလေးဆိုတာ လက်အငြိမ်မနေ၊ ပါးစပ်အငြိမ်မနေတာမျိုးတွေကွ၊ ဒီတော့ စကားမပြောရရင် သူတို့က ပါးစပ်ထဲမှာ တစ်ခုခုဝါးတတ်တယ်၊ ငါ့တူက ပီကေဗူးကို အဲဒီကျောင်းသူမသိအောင် သူရှိတဲ့နေရာမှာ ထားရမယ်၊ အဲဒီတော့ သူက ပီကေဗူးဘယ်ကရောက်လာသလဲဆိုပြီး အံ့အားတသင့်ဖြစ်မယ်၊ ငါ့တူလုပ်တာ သူမသိစေနဲ့၊ အရင်ဆုံးအဆင့် လုပ်ကြည့်ပါ၊ အဆင်ပြေရင် အန်ကယ့်ကိုဖုန်းဆက်"

ဦးရွှေတောင်က ထိုလမ်းညွှန်ချက်များပေးနေတာက တကယ့်ကို





လူငယ်တစ်ဦးလို တက်ကြွနေပါတယ်။

"အန်ကယ်ပြောတာက ဟုတ်ပါပြီ၊ အကယ်၍ ဒီအဆင့်က အောင်မြင်သွားရင်ကော"

"နောက်တစ်ဆင့်တက်ရမှာပေါ့၊ အဆင့်တွေ တစ်ဆင့်ပြီးတစ်ဆင့် တက်လာလေလေ သူ့ရဲ့သိချင်စိတ်က မြင့်တက်လာလေလေပဲ၊ အဲ . . . အရေးကြီးတာက ငါ့တူက မင်းရဲ့ကျောင်းသူမသိအောင် အံ့အားသင့်စရာကောင်းတဲ့ အရာမျိုးလုပ်ပြီးတဲ့အခါမှာ သူနဲ့မလှမ်းမကမ်းမှာ ရှိနေဖို့ကလည်း အရေးကြီးတယ်"

"ထည်ဝါ . . . အန်ကယ်ပြောတာ သဘာဝကျတယ်၊ မင်းက သူ့ကို တကယ်စိတ်ဇင်စားတာပဲကွာ၊ အန်ကယ်ပြောတဲ့အတိုင်း လုပ်သင့်တယ်၊ မင်းစိတ်ဝင်စားတဲ့ ကျောင်းသူမပြောနဲ့၊ ငါတောင် တော်တော်စိတ်ဝင်စားသွားပြီ၊ ဒီနေ့တော့ အဲဒါမင်းကံကောင်းတာ၊ မင်းက တစ်ခြားဆိုင်မှာစားချင်တယ်၊ ငါက ဒီ Lucky seven မှာ ထိုင်ချင်တယ်ပြောလို့ အန်ကယ်နဲ့တွေ့ရင်းက ဒီလိုဖြစ်တည်လာရတာ၊ မင်းက ငါ့ကို ကျေးဇူးတင်သင့်တယ်"

အရေးထဲ ပစ်ကြီးက သူ့ကိုယ်သူ ဂုဏ်တင်နေပါသေးတယ်။

"ဒါဖြင့် အန်ကယ့်အကြံပေးချက်အရဆို ကျွန်တော်က သူ့မေဗျာနဲ့ နာမည်ဘယ်သူလဲဆိုတာ ရအောင်စုံစမ်းရမှာပေါ့၊ ကျွန်တော်စိုးရိမ်တာက တကယ်လို့ ဒီအဖြစ်မှန်သာ သိသွားရင် ကျွန်တော့်ကို ပြဿနာရှာရင် တကယ့်ကို ကျိုင်က အကြီးကြီးနော်၊ လောင်မြိုက်မှာက ကျွန်တော့်တစ်ဘဝလုံးကိုနော် . . . အန်ကယ်ရဲ့"

"ဒါက ငါ့တူထင်တာနော်၊ အဲဒီလိုမျိုး ထူးထူးဆန်းဆန်းလေးတွေ လုပ်ပြလို့ နောက်မှဒါမျိုးမလုပ်ပြနိုင်မှ ဒုက္ခရောက်နေဦးမယ်၊ အန်ကယ်ပြောသလိုသာ ပထမဆင့်စလုပ်ကြည့်စမ်းပါ"

"ဟုတ်ကဲ့ပါ အန်ကယ်၊ ဒီနေ့တော့ အန်ကယ့်ကို ဆရာတင်တဲ့အနေနဲ့ ကျွန်တော်ပဲ ဒကာခံမယ်၊ ဒါပဲနော် အန်ကယ် . . . ကျွန်တော်ဖုန်းဆက်ရင် ဖုန်းမပိတ်ထားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အခုချိန်ကစပြီး နှစ်ဆယ့်လေးနာရီလုံးလုံး ဖုန်းဖွင့်ထားပြီဟေ့"

ဦးရွှေတောင်က ထည်ဝါရဲ့ပုခုံးကို လက်နှင့်ပုတ်ပြီး ပြောလိုက်ရင်းမှ ထည်ဝါ့မျက်နှာကို ကျေနပ်တဲ့ အကြည့်တွေနဲ့ ကြည့်လို့နေပါတယ်။

ဦးရွှေတောင်အဖို့ ဘာတွေဆက်ဖြစ်လေမလဲ သိပ်ကို သိချင်တာလည်း ပါတာပေါ့လေ။



အခုမှ

နှလုံးသားခြေစစ်ပွဲကို

စတင်လျှာ်မြိုင်ရပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဒါမျိုးကျတော့ ပစ်ကြီးနဲ့အေးသိန်းက တော်တော်အားကိုးရပါတယ်။ ထည်ဝါ့အတွက် နှစ်ရက်လောက် စုံစမ်းလိုက်တဲ့အခါမှာတော့ သံမြသာ၊ ရူပဗေဒနောက်ဆုံးနှစ်ကဆိုတာ သိလိုက်ရပါတယ်။ ဒါနဲ့ သံမြသာတို့အဖွဲ့ လှုပ်ရှားမှုကို ပစ်ကြီးနဲ့အေးသိန်းက မျက်ခြေမပြတ်စုံစမ်းရင်း ဦးရွှေတောင်ပေးတဲ့ အကြံအစည်ကိုစဖို့ စီစဉ်ခိုင်းပါတော့တယ်။ ဒါနဲ့ပဲ ထည်ဝါတို့ သံမြသာတို့ ပရယ်တီကယ်လုပ်တဲ့ Lab Room နားကို ရောက်လာပါတယ်။

"ပစ်ကြီး . . . မင်းဟာ သေချာတယ်နော်"

"သေချာပါတယ် ထည်ဝါရာ၊ သံမြသာတို့ အခန်းထဲမှာ ငါနဲ့သိတဲ့သူရှိတယ်၊ အခြားကျောင်းသားတွေနဲ့ထားထားတဲ့ သံမြသာအိတ်မှာ ပီကေထားဖို့ ဒီကောင်စီစဉ်ပေးလိမ့်မယ်"

"ငါတော့ ရင်တထိတ်ထိတ်ပဲ"

ထည်ဝါအဖို့ တော်တော်စိုးရိမ်နေရုံမက ရင်တွေဘာတွေတောင် တုန်ချင်သလို ဖြစ်လာပါတယ်။ ဒါကို အေးသိန်းက . . .

"ထည်ဝါ . . . ဒါရင်တုန်စရာ မဟုတ်ဘူးနော်၊ မင်းရဲ့ရုပ်မပျက်နဲ့၊ ပစ်ကြီးနဲ့အချိတ်အဆက်လုပ်ထားတဲ့ ဒီကောင့်ဘော်ဒါက အခန်းအပြင်





ဖက်ထွက်လာပြီး ပီကေလာယူလိမ့်မယ်၊ ကျန်တာ သူဆက်လုပ်လိမ့်မယ်"

"အေးသိန်း . . . အဲဒါက ကိစ္စမရှိဘူး၊ အဲဒီကျောင်းသူက ငါတို့ထားထားတဲ့ ပီကေကိုမကြိုက်ဘဲ လွှင့်ပစ်ရင် ဘယ်လိုလုပ်မလဲ"

"ဟေ့ကောင် . . . အဲဒီလောက်ထိ စဉ်းစားမနေနဲ့၊ ဟိုမှာ ပစ်ကြီးရဲ့ဘော်ဒါထွက်လာပြီ၊ သူ့ကို အဲဒီလုပ်ခ၊ နှုတ်ပိတ်ခ တစ်သောင်းပေးရမယ်၊ ပစ်ကြီးက ဈေးညှိထားပြီးပြီ၊ ဒါက မင်းအတွက် ပါးပါးလေးပါ"

ပရယ်တီကယ်အခန်းထဲကနေပြီး ပစ်ကြီးရဲ့သူငယ်ချင်းကျောင်းသားက ဟိုကြည့်ဒီကြည့်ကြည့်ရင်းက ပစ်ကြီးတို့အနား ရောက်လာပါတယ်။

"ပစ်ကြီး . . . ဘယ်မှာလဲ ပီကေဗူးပေး၊ ဒီအချိန် အချိန်ကောင်းပဲ ဟေ့ကောင် ပိုက်ဆံပါတစ်ခါတည်းပေးနော်၊ ငါရေပြတ်နေပြီ"

"မင်းကတော့ လုပ်ပြီကွာ"

ပစ်ကြီးက ထည်ဝါ့ကို ကြည့်လိုက်ပြီး . . .

"ထည်ဝါ . . . ပီကေဗူးနဲ့ပိုက်ဆံတစ်သောင်း ဒီကောင့်ကို မြန်မြန်ပေးလိုက်"

ထည်ဝါလည်း ပစ်ကြီးပြောတဲ့အတိုင်း ပေးလိုက်ပါတယ်။

"စိတ်ချတော့ ရွှေပြီ၊ ဒီပရယ်တီကယ်ဆရာက နည်းနည်းအရစ်ဆင်းတယ်"

ပစ်ကြီးရဲ့သူငယ်ချင်းက မြန်မြတ်ဆန်ဆန်ပဲ ထွက်ခွာသွားပါတယ်။

"ထည်ဝါ . . . ငါတို့ခပ်လှမ်းလှမ်းက မသိမသာ အကဲခတ်မယ်၊ အဓိက မင်းကိုမမြင်ဖို့ဘဲ၊ ပရယ်တီကယ်အချိန်က ပြီးခါနီးပြီ"

အေးသိန်းက မြန်မြန်ထွက်သွားဖို့ ထည်ဝါကို သတိပေးပြီးနောက် ထည်ဝါတို့သုံးဦးသား ပရယ်တီကယ်အခန်းနှင့် မလှမ်းမကမ်းနားမှာရှိတဲ့ တိုင်အကွယ်နားကို သွားလိုက်ပါတယ်။

"ပွဲကတော့ ဘာတွေဘယ်လိုဖြစ်လာမလဲ၊ ရှေ့ဆက်မှာရောင်ပိတ်ကားပေါ်မှာ ဆက်ကြည့်ရတော့မှာပဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ပစ်ကြီးက လေသံခပ်ကျယ်ကျယ်နဲ့ ပြောနေပေမယ့် ထည်ဝါက တော့ ပရယ်တီကယ်အခန်းဖက်ဆီသို့သာ ပုန်းလျှိုးကွယ်လျှိုး ရှိတဲ့နေရာ ကနေ လှမ်းကြည့်နေပါတော့တယ်။

❑

သံမြသာက ပရယ်တီကယ်ပြီးသွားလို့ ပစ္စည်းတွေထားထားတဲ့ နေရာမှာရှိတဲ့ သူမစာအုပ်တွေထည့်ထားတဲ့ အိတ်ကိုယူဖို့ လုပ်တဲ့အခါ မထင်မှတ်ဘဲ သူမရဲ့အိတ်ကြီးမှာ ပီကေဗူးကို သရေပင်နဲ့ ပတ်ထားတာ တွေ့လို့ အံ့အားသင့်သွားပါတယ်။ ဘယ်သူက ဘာရည်ရွယ်ချက်နဲ့ ဒီလို လုပ်လေသလဲ မစဉ်းစားတတ်အောင် ဖြစ်သွားပါတယ်။

"သံမြသာ . . . ဘာရပ်လုပ်နေတာလဲ၊ သွားမယ်လေ"

မျိုးမျိုးသွယ်က အနီးနားရောက်လာရင်းမှ ပရယ်တီကယ်အခန်း အပြင်ဖက်ထွက်ဖို့ ခေါ်လိုက်ပါတယ်။

"ဟဲ့ . . . ဒီမှာတွေ့လား၊ ငါပီကေစားလေ့စားထရှိတာ ဘယ်သူ က သိလို့လဲမသိဘူး၊ ငါ့ရဲ့အိတ်မှာ ပီကေဗူးကို သရေပင်နဲ့ ပတ်ချည်ထား တယ်၊ ဒီမှာ တွေ့လား"

သံမြသာက မျိုးမျိုးသွယ်ကို ပြနေတုန်းမှာပဲ ကျန်တဲ့သူငယ်ချင်းမ နှစ်ဦးက ရောက်လာပါတယ်။

"ဟဲ့ . . . ဘာလုပ်နေကြတာလဲ၊ သွားမယ်လေ"

"ခင်သန်းဆင့်ရေ . . . ဒီမှာ သံမြသာရဲ့အိတ်မှာ ဘယ်သူက ပီကေဗူးကို သရေပင်နဲ့ချည်သွားလဲ မသိဘူး"

မျိုးမျိုးသွယ်က ပြောလိုက်တဲ့အခါ ခင်သန်းဆင့်က . . .

"ပြပါဦး . . . ငါ့ကို"

"ဟဲ့ . . . ပီကေဗူးမှာ စာရွက်ကလေးကပ်ထားပါလား"

ခင်သန်းဆင့်က ပြောပြောဆိုဆိုနဲ့ သံမြသာရဲ့အိတ်မှာ ချည် ထားတဲ့ သရေပင်ကိုယူပြီး ပီကေဗူးကိုကြည့်ရင်းက ပြောလိုက်ပါတယ်။





"ကာယကံရှင် . . . ငါ့ကိုပြပါဦးဟာ၊ လာ . . . အပြင်မှာ ဘာ ရေးထားတာလဲ ဖတ်ကြည့်ရအောင်"

သံမြသာက ခင်သန်းဆင့်လက်ထဲက ပီကေဗူးနဲ့ စာရွက်ခေါက် လေးကို ယူလိုက်ပြီး အခန်းအပြင်ဖက်ကို ထွက်လာခဲ့ပြီး ကော်ရစ်ဒါ ထောင့်မှာ ရပ်လိုက်ရင်းက စာရွက်ခေါက်ကိုဖြည်ပြီး ဖတ်လိုက်ပါတယ်။

> ပီကေစားရင်း မေးခွန်းတွေ ကိုယ်တိုင်ထုတ်၊ ကိုယ်တိုင်ဖြေဖို့ ပို့ပေးလိုက်တာပါ။ ပီကေတွေတော့ မလွှင့်ပစ်လိုက်နဲ့နော်။

"ဟဲ့ . . . ဘာရေးထားလို့လဲ"

ချိုချိုစုအမေးကို သံမြသာက ပြန်မဖြေဘဲ သူမဖတ်ပြီးသွားတဲ့ စာရွက်ခေါက်လေးကို ပေးလိုက်တာ ကျန်တဲ့သူငယ်ချင်းတွေက ဝိုင်းဖတ် လိုက်ပါတယ်။

"သံမြသာ . . . နင့်ကို စိတ်ဝင်စားတဲ့သူတစ်ယောက်ယောက်တ တော့ ရှိနေပြီ၊ သူက နင့်ကိုစိတ်ဝင်စားမှန်းသိအောင် လုပ်လိုက်တာဝဲ"

ခင်သန်းဆင့်က သူ့ထင်မြင်ချက်ကို ပြောပါတယ်။

"ဘယ်သူလဲဆိုတာ စဉ်းစားရတော့ ကြပ်တယ်၊ ငါတို့ရဲ့ပရဟိတ အဖွဲ့ထဲက ယောကျ်ားလေးတစ်ယောက်ယောက်ကော မဖြစ်နိုင်ဘူးလား ဖွင့်မပြောရဲလို့ ဒီလိုလုပ်ချင်လည်း လုပ်နိုင်တယ်"

"မျိုးမျိုးသွယ် . . . ငါ့အထင်ပြောရရင် သံမြသာကို အဲဒီပီကေ လာပြီးတော့ အိတ်မှာ သရေပင်နဲ့ တွဲချည်တဲ့သူက အသေးစိတ်လေ့လာ ပြီးမှ လုပ်သွားတာ၊ စဉ်းစားရတော့ နည်းနည်းခေါင်းစားတယ်"

မျိုးမျိုးသွယ်ယူဆသလို ချိုချိုစုကလည်း သူထင်တာကို ပြောပါ တယ်။ ကာယကံရှင်ဖြစ်တဲ့ သံမြသာကတော့ လက်ထဲက ကိုင်ထားတဲ့ ပီကေဗူးကို ကြည့်လိုက်ရင်း . . .

"ဒီပီကေပို့တဲ့သူက ဒီပီကေကို ငါစားရင်း ငါ့ကို သူ့အကြောင်း မတွေးတွေးအောင် လုပ်ခိုင်းတာ၊ နောက်ထပ်ဘယ်လိုပုံစံတွေနဲ့ ထပ်လာ

www.burmeseclassic.com



ဦးမလဲ မသိဘူး၊ ထပ်ပြီး အံ့အားသင့်စရာမျိုးတွေ ဖြစ်လာနိုင်သေးတယ်၊ ဒီထက်အရေးကြီးတာက အခုငါတို့အုပ်စု ဒီလိုပြောဆိုနေကြတာကို ကာယကံရှင်ကိုယ်တိုင်ကပဲဖြစ်ဖြစ် သူ့လူတစ်ယောက်ကပဲဖြစ်ဖြစ် အကဲခတ်နေမှာ၊ ဟဲ့ . . . နင်တို့ နည်းနည်းပါးပါး စူးစမ်းကြည့်ပါဦးဟဲ့"

သံမြသာတိုက်တွန်းချက်ကြောင့် သူငယ်ချင်းမသုံးဦးလည်း မျက်စိကစားပြီးကြည့်တော့ ထူးထူးခြားခြား ဘာကိုမှ မတွေ့ရပါ။

"ကဲ . . . ဘာမှလုပ်မနေနဲ့တော့၊ ကျောင်းချိန်လည်း ပြီးပြီပဲ ပြန်ကြမယ်၊ အဲဒီပီကေလာထားတဲ့ သူကတော့ သံမြသာတင်မကဘူး ငါတို့ကိုပါ အလုပ်ရှုပ်အောင်လုပ်တာ၊ နေနှင့်ဦးပေါ့ဟာ"

ချိုချိုစုက ကြိမ်းဝါးရင်း သံမြသာရဲ့လက်ကိုဆွဲကာ ပရယ်တီကယ် လုပ်တဲ့ အခန်းနားကနေ ထွက်လာခဲ့ကြပါတယ်။ သံမြသာကတော့ ပီကေဗူးကို လက်ကကိုင်ရင်း ပတ်ဝန်းကျင်ကို မသိမသာ အကဲခတ်ကာ သူမရဲ့ ရပ်ထားတဲ့ ကားနားရောက်လာတော့ လှမ်းနေတဲ့ ခြေလှမ်းတွေကို ရပ်လိုက်ပါတယ်။

"အတော်ပဲ . . . ဟိုမှာ ကွမ်းယာဝယ်နေတဲ့လူကို တွေ့ပြီ၊ သူ့ထီးနဲ့အင်္ကျီ ပေးရဦးမယ်၊ တွေ့မယ်တွေ့တော့လည်း ဒီနေ့လိုနေ့မျိုးမှဟာ"

သံမြသာက ပြောရင်းဆိုရင်းမှ ကားနောက်ခန်းအဖုံးကိုဖွင့်ကာ ထီးနဲ့ရှပ်အင်္ကျီလက်တိုကို ယူလိုက်ပါတယ်။ ပြီးတော့ ကွမ်းယာဝယ်နေတဲ့ ကျောင်းသားနဲ့ သူ့သူငယ်ချင်းနှစ်ယောက်ရှိရာကို သွားလိုက်ပါတယ်။

"ရော့ . . . ဒီမှာ ရှင့်ထီးနဲ့အင်္ကျီ၊ ရှင့်ကိုပေးဖို့ ရှာနေကာ"

"ရပါတယ်ဗျာ . . . မပေးလည်း ဘာမှမဖြစ်ပါဘူး"

"ကျွန်မက ရှင့်ဟာတွေ ဘာလုပ်ရမှာလဲ"

အဲဒီကျောင်းသားကို ထီးနဲ့ရှပ်အင်္ကျီလက်တို ပြန်ပေးရင်း 'ဂလန့်' ကျကျစကားပြောပြီး လှည့်ထွက်လာခဲ့ပါတယ်။

အဲဒီကျောင်းသားနဲ့ သူ့သူငယ်ချင်းနှစ်ယောက်က သူ့ကိုကြည့်ပြီး ဘာတွေပြောနေသလဲဆိုတာ သူမ,မသိချင်တာက အမှန်ပါ။ အဲဒီ ကျောင်းသားကိုမြင်ရင် 'ကန့်လန့်'စကားမျိုးတွေ သူမလျှာဖျားက ဘာ





ကြောင့်များ ပွင့်အံထွက်လာလေသလဲ မသိပါ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာတွေထဲမှာတော့
ညစ်ပေနေတာမှန်သမျှကို
မင်းသား၊ မင်းသမီးအစုံ
ဆပ်ပြာမှုန့်တံဆိပ်တွေအစုံနဲ့
သီချင်းဆိုကခုန်ရင်း
လျှော်နေဖွတ်နေလိုက်ကြတာ
သန့်ကုန်ပြန့်ကုန်တာပါပဲ။
လူတွေလည်း စိတ်ညစ်တတ်ပါတယ်။
အဲဒါကျတော့
ဖြူဖွေးသန့်စင်ဖို့
ဘယ်ဆပ်ပြာမှုန့်ကိုသုံးရပါ့။

## အခန်း (၁၁)

ရာသီဥတုက အခြားနေရာမှာ သာယာနေပေမယ့် ကိုကြီးကျော် တစ်ယောက်တည်းကိုမှားကွက်ပြီး ဖေါက်ပြန်နေသလားမသိဘူး။ ကိုကြီး ကျော်ရဲ့မျက်နှာက ရှေ့မှာချထားတဲ့ လက်ဖက်ရည်ခွက်ကိုတောင် မသောက် နိုင်ဘဲ ရှုပ်ကပျက်နေပါတယ်။ လူများ စိတ်ဇလန်းတဲ့အခါ ရှုပ်မှာပေါ် တယ်ဆိုသလို ကိုကြီးကျော်ခမျာ အရင်လိုတောင် ကော့ကော့လေးမဝတ် နိုင်ဘဲ ပိုသီပတ်သီဝတ်စားထားလို့ပါ။ ခါတိုင်းဆို ကိုကြီးကျော်တို့များ ဒါမျိုးဘယ်ဟုတ်မလဲ။ အပုတ်ကောင် ရှုပ်ဆောင်နေတဲ့ ခန္ဓာကိုယ်ကြီးက မွှေးလို့ကြိုင်လို့။ ဆွတ်ထားတဲ့ ရေမွှေးဆိုတာ အလကားရတဲ့အတိုင်း။

ဖစ်ကြီးနဲ့ထည်ဝါတို့ လက်ဖက်ရည်ဆိုင်ရောက်လာတော့ ကိုကြီး ကျော်ဘေးနားမှာရှိတဲ့ အေးသိန်းကလည်း သူ့အတွေးနဲ့သူ ကိုကြီးကျော် ကလည်း သူ့အပူနဲ့သူ ရှိတဲ့အနေအထားပါ။

ဒါကိုမြင်ပြီး မနေနိုင်တဲ့ ဖစ်ကြီးက လက်ဖက်ရည်တောင်မမှာ ဘဲ မေးပါတယ်။

"ကိုကြီးကျော် ဘာတွေများ အလိုမကျ ဖြစ်နေရတာလဲဗျာ"

"အလိုမကျတာ မဟုတ်ဘူးကွ၊ ညစ်နေတာ"

"ဒါများဗျာ . . . ညစ်နေရင်လည်း တီဗွီကြော်ငြာတွေမှာ ဆပ်



www.burmeseclassic.com

www.burmeseclassic.com



ပြာမှုန့်ကြော်ငြာတွေ ဒီလောက်ပေါတာ၊ လျှော်ပစ်လိုက်ပေါ့"

"ပစ်ကြီး . . . အဲဒါတွေက ရုပ်ဝတ္ထုပစ္စည်းတွေကိုပဲ၊ ဖြူဖွေး သန့်စင်အောင်လုပ်လို့ရမယ်၊ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ဖြစ်တည်နေတဲ့ လူတွေအဖို့က စိတ်ဖြူဖွေးသန့်စင်ဖို့ဆိုတာ လောကီလောကုတ္တရာနှစ်ဖြာမှာ စိတ်ငြိမ်းချမ်းမှုရမှာဖြစ်မှာ၊ ဒါတွေက ဘုရားရဟန္တာသူတော်စင် သူတော်မြတ်တွေမှ ကျင့်ကြံအားထုတ်နိုင်မှာ"

စကားလမ်းကြောင်းက ဘယ်ကနေ ဘယ်လိုရောက်သွားသလဲ မသိပါ။

"ကိုကြီးကျော် . . . ခင်ဗျားမျက်နှာကြီး မသာမယာလို့ မေးတာကနေ ဘယ်လိုဖြစ်လို့ တရားဓမ္မတွေဆီ ရောက်သွားတာလဲ၊ ဘာလဲ . . ခင်ဗျားက ကျွန်တော်တို့ကို တရားဟောနေတာလား"

ထည်ဝါက ကိုကြီးကျော်ကို မေးလိုက်တော့ အေးသိန်းက . . .

"ငါလည်း ရောက်ကတည်းက မေးနေတာ၊ ကိုကြီးကျော်က မဖြေဘူး၊ ဒါနဲ့ ငါလည်း မမေးတော့ဘဲ ဒီအတိုင်းတွေးချင်ရာတွေးနေတာ"

"အေးသိန်းရာ . . . ဒါက ဒီလိုကွ၊ ငါက လူမစုံသေးလို့ မပြောတာ၊ မင်းကိုရှင်းပြပြီး ထည်ဝါနဲ့ ပစ်ကြီးရောက်လာရင် ထပ်ရှင်းရဦးမယ်၊ လေကိုချွေတာ,တာပါကွာ"

"ဩော် . . . ကိုကြီးကျော်ရာ၊ ကဲ . . . ပြောပါဦး ဘာတွေညစ်တာလဲဗျ"

အဲဒီလိုတစ်ခါတရံမှာ 'ကြောင်ကွက်'တွေ လုပ်တတ်တဲ့ ကိုကြီးကျော်ကို ပစ်ကြီးက ပြောလိုက်ရင်းမှ အကြောင်းရင်းကို မေးပါတယ်။

"အကြောင်းကတော့ကွာ၊ ပေးပြန်တော့လည်း ဆုံးပြန်၊ မပေးပြန်ရင်လည်း မုန်းတဲ့ငါ့မှာ အဲဒီကိစ္စကြီးက ခေါင်းထဲကိုရောက်နေတာ နှစ်ရက်ရှိပြီ၊ ဘာလုပ်ရမှန်း မသိဘူး"

"ဘာကိစ္စမို့လို့လဲဗျ"

"အိမ်တွေးရေးကိစ္စပေါ့ ထည်ဝါရာ၊ ငါ့နှစ်မယောက်ျားက ငွေငါးသိန်းချေးတယ်၊ သူတို့ကားထဲ ထပ်ထည့်ဖို့တဲ့၊ ငါက သိတယ်၊ အဲဒီ





ပိုက်ဆံက ကားထဲရောက်မှာမဟုတ်ဘူး၊ ဒီကောင်သောက်တာနဲ့ ဘောလုံးဖွဲ့လောင်းတာနဲ့တင် ကုန်မှာ၊ ခက်တာက ငါ့နှစ်မပဲ မင်းတို့လည်း သိသားပဲ။ ငါ့မှာ ဒီနှစ်မတစ်ယောက်ပဲရှိတာ ဘယ်လောက်ချစ်သလဲလို့၊ ငါ့နှစ်မကလည်း သူ့ယောက်ျားကို ငုံထားမတတ်ချစ်ပြန်ရာ အရက်သောက်၊ လောင်းကစားလုပ်တာ သူက ဘာမှမပြောဘူး တူမနှစ်ယောက်ရှေ့ရေးလည်း မစဉ်းစားဖူးလားမသိဘူး၊ ကလေးတွေက ငယ်သေးတယ်၊ ဒီယောက်ဖ အောင်အောင်ဦးကလည်း ငါ့နှစ်မကလည်း သိပ်ချစ်၊ ငါတို့ကလည်း သဘောတူလို့ ပေးစားခဲ့တာ၊ အရင်တုန်းက ဒီကောင်သိပ်ရိုးတာ၊ နောက်မှဒီကောင် ဟန်ဆောင်နေမှန်း သိရတာ၊ ငါ့နှစ်မလည်း ဒီကောင်နဲ့ မညားရမှာစိုးလို့ ပိပိရိရိလိမ်နဲ့၊ အခုဒီငွေငါးသိန်းကို မချေးရင် ငါ့နှစ်မက ပူညံပူညံလုပ်ပြီး မပေးရကောင်းလားလို့ ငါ့ကိုမုန်းမယ်၊ ပေးပြန်ရင်လည်း ဆုံးဖို့၊ ပြန်မရဖို့က သေချာတယ်၊ ဒါကြောင့် ပေးပြန်တော့လည်း ဆုံးပြန်၊ မပေးပြန်တော့လည်း မုန်းပြန်ဆိုတော့ ယောက်ဖပေါ့ကွာ၊ ဒါကြောင့် ညစ်နေတာ"

အကြောင်းအရာတစ်ခုကို လိုရင်းမှရောက်ဘဲ ဖွဲ့ဖွဲ့နွဲ့နွဲ့ ဝေ့ဝိုက်ပေရှည်ပြီး ပြောတတ်တဲ့ ကိုကြီးကျော်စကားပြောလို့ မောတယ်ထင်ပ့ါ။ အခုလက်ဖက်ရည်ကို သောက်ပါတော့မယ်။

"ဒါကတော့ ကိုကြီးကျော်သဘောပဲ၊ ကျွန်တော်ကတော့ ကိုကြီးကျော်ကတော့ ကိုကြီးကျော်နေရာမှာဆို နှစ်မလည်း ပေးထားရသေး ဒါမျိုးပြောလို့ နှစ်မကော်ဘာကော နားမလည်ဘူး၊ တစ်ခါတည်း လာထားရှင်းပစ်မှာ"

"အေးသိန်းရာ . . . မင်းတို့ ပစ်ကြီးတို့ ထည်ဝါတို့က နှစ်မတွေ အစ်မတွေမှမရှိတာ၊ ဒီစကားပြောမှာပေါ့"

အေးသိန်းစကားက ကိုကြီးကျော်အရှိက်ကို ထိသွားသလားမသိပါ။

"တော်ပါဗျာ . . . ဒီမှာ ထည်ဝါ့ကိစ္စဘာဆက်လုပ်ရမလဲ ဆွေးနွေးပါမယ်ဆိုကာမှ ကိုကြီးကျော်ရဲ့အိမ်တွင်းရေးကိစ္စကို နားထောင်နေရတာ မင်္ဂလာယူရမယ့်အချိန် အမင်္ဂလာဖြစ်ရတယ်လို့ . . . သွား . . . သွား"

ပစ်ကြီးက လက်ဖက်ရည်စားပွဲခုံကို လက်နဲ့ရိုက်ပုတ်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ထည်ဝါက ဘယ်လိုကိစ္စမို့လို့ မင်္ဂလာယူရတာလဲ၊ ဒီကောင် မင်္ဂလာဆောင်မှာ ငါလည်း မသိပါလား"

"ကိုကြီးကျော် . . . ခင်ဗျားကတော့ နားစွန်နားဖျားကြားပြီး ထင်သလို စွတ်ပြောနေတာပဲ၊ နားထောင် . . . ထည်ဝါအစား ကျွန်တော် ပဲ ရှင်းပြမယ်"

ပစ်ကြီးက ထည်ဝါကိုစွန့်ပတ်သက်ပြီး ထည်ဝါပြောရမည့်အစား သူက သူကိုယ်တိုင် ကိုယ်တွေ့ခံစားရသလိုမျိုး လက်ဖက်ရည်တောင် မမှာနိုင်ဘဲ ရှင်းပြတာကို ကိုကြီးကျော်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေတာ စောစောက ပုံစံမျိုးနှင့် ဘာမှမဆိုင်။

"ပစ်ကြီးပြောပုံအရဆို ထည်ဝါ. . . မင်းကို အကြံပေးတဲ့ သင်္ဘောကပ္ပတိန်ဟောင်း ဦးရွှေတောင်ဆိုတာ မိန်းမကျွမ်းကြေသူဖြစ်ရမယ်၊ သင်္ဘောကပ္ပတိန်ဆိုတော့ ကမ္ဘာ့အနှံ့သွားရတော့ အမျိုးသမီးပေါင်းစုံနဲ့ ထိတွေ့မှာဆိုတော့ မိန်းမတွေရဲ့စရိုက်သဘာဝကိုသိလို့ မင်းကိုအကြံပေး တာ ဖြစ်ရမယ်၊ ဦးရွှေတောင်ကို မင်းက ဖုန်းလေးဘာလေးဆက်ပြီး အကျိုးအကြောင်းလေးဘာလေး ပြောသင့်တယ်"

"ကိုကြီးကျော်ရာ . . . အခုဒီလိုမျိုးလုပ်နိုင်တာက ကျွန်တော့် အစွမ်းကြောင့် မဟုတ်ဘူး၊ ပစ်ကြီးနဲ့ အေးသိန်းကောင်းလို့ ဒီကိစ္စကိုလုပ် နိုင်တာ၊ ဒီကြားထဲ နာမည်တောင် သံမြသာဆိုတာ ပစ်ကြီးစုံစမ်းပေးလို့ သိရတာ"

"ရယ်တော့ ရယ်ရတယ်ကွ၊ မင်းက ကောင်မလေးမသိအောင် လျှို့ဝှက်စွာနဲ့ လုပ်တဲ့အချိန် ဟိုက မင်းကို ထီးနဲ့အကျိုပြန်ပေးနေ၊ အေးလေ . . . အချစ်ဇာတ်လမ်းတွေဆိုတာ ဒီလိုပါပဲ၊ အချစ်ဆိုတာ အကူအညီ မပါဘဲ တည်ဆောက်လို့ မေတ္တာတောင်းခံလို့ မရဘူးကွ"

ရည်းစားလည်း မထားဘူး၊ ချစ်သူလည်း မရှိခဲ့ဘူးတဲ့ ကိုကြီး ကျော်တစ်ယောက် အခုပြောနေတဲ့စကားလုံးတွေ ဘယ်စာအုပ်ထဲကဖတ် ပြီး ပြောသလဲဆိုတာ ကိုကြီးကျော်အကျင့်သိနေတဲ့ ထည်ဝါတို့သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိပါတော့တယ်။

ကြယ်ပွင့်စာပေ

နေ့ချင်းရော သွားလာချင်းရော
နေရာရာကောင်းကောင်းတွေ
ပေါ်မှပေါ်ပဲဟာ၊
အဲဒါတွေ အားလုံးက
တစ်စုံတစ်ခုကို တစ်နည်းနည်းနဲ့
ဖျက်ယောင်းသွေးဆောင်လို့ပေါ့။
လက်ထပ်ထိမ်းမြားခြင်းဆိုတာလည်း
တစ်ယောက်ယောက်က၊ အနူကြမ်းစီး
တစ်ယောက်ယောက်က စစ်ပွဲပန်တီး
တစ်ယောက်ယောက်က လျှော်ကြေးစာချုပ်ချုပ်
တစ်ယောက်ယောက်က ငြိမ်းချမ်းရေးစာချုပ်ချုပ်
ဘယ်လိုဖြစ်ဖြစ်ပေါ့လေ
တစ်နည်းနည်းနဲ့တော့
ကိုယ့်ရွေးချယ်မှုနဲ့ကိုယ်
တစ်သက်တာအကျဉ်းကျခံရတာပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

သံမြသာတို့အဖို့ ဇာတာတက်တာပဲလား၊ စန်းလာဘ်တွေဘာတွေ ပွင့်တာပဲလားတော့ မသိပါ။ ဒီရက်တွေမှာ ဇာတာတွေက မြိုင်နေသလိုပါပဲ။ ကိုယ်မသိဘဲ ပီကေဗူးလာထားတဲ့သူနဲ့ ပဟေဠိတွေဘာတွေ ဖြစ်လိုဖြစ်နဲ့ ဒီအထဲမှာမှာ အပျိုကြီးမမသင်းရဲ့ညီမက မင်္ဂလာဆောင်မှာ သတို့သမီးအရန်လုပ်ဖို့ကလည်း အကူအညီတောင်းခံရသေး။ ဘယ်တတ်နိုင်မလဲလို့။ ကိုယ့်ရုပ်ကိုယ့်ရည်က မိဘနှစ်ပါးမွေးကတည်းက ချောလာတာ အပြစ်တော့မဟုတ်ဘူးဆိုပြီး ကိုယ့်ဖာသာကိုယ်တွေးပြီး ကျိတ်ပြုံးမိပါသေးတယ်။ ဒီနေ့လည်း မမသင်းက ဒီဇိုင်နာဆီမှာ သူ့ညီမအတွက် ဝတ်စုံကော၊ သူမသတို့သမီးအရန်လုပ်ဖို့ ဝတ်စုံပါ အမြန်ကြေးနဲ့ သွားချုပ်ရမှာမို့ ကိုယ်တိုင်ယူဖို့ လာခေါ်မယ်ဆိုလို့ ဖြီးလိမ်းပြင်ဆင်ပြီး စောင့်နေတာ မမသင်းက အခုထိပေါ်မလာသေး။ အပျိုကြီးတစ်ယောက် ဘယ်လောက်ဖြီးလိမ်းပြင်ဆင်နေသလဲ မသိပါ။

"သမီး . . . သင်းသင်းမလာသေးဘူးလား"

"မလာသေးဘူး ဒယ်ဒီ၊ လာခါနီးပြီ ထင်ပါတယ်"

"အင်း . . . ဒယ်ဒီရဲ့သမီး သတို့သမီးအရန်လုပ်တာက ကိစ္စမရှိဘူး၊ တော်ကြာ . . . ဒါမျိုးက ပညတ်သွားရာ ဓါတ်သက်ပါဆိုသလို





ကျိန်းကြေတတ်တယ်နော်"

အိမ်ပေါ်ထပ်ကနေဆင်းလာတဲ့ ဦးရွှေတောင်က ဧည့်ခန်းထဲမှာ ရှိနေတဲ့ သံမြသာကို ပြောလိုက်ပါတယ်။ သံမြသာက သူမရဲ့ဖခင်ကိုကြည့်တော့ ငယ်မူပြန်အောင် 'ရှိုင်း'ထားတာကို တွေ့ရလို့ . . .

"ဒယ်ဒီ . . . ဒါဘယ်ကိုရွှေ့မှာမို့လို့လဲ၊ ဒယ်ဒီနော် . . . ကြည့်လုပ်၊ မာမီက ဘာမှမပြောတိုင်း"

"သမီးစကားကို ဒီမှာတင်ရပ်၊ တစ်ခြားလူတွေကြားရင် တစ်မျိုးမြင်ဦးမယ်၊ ဒယ်ဒီ့ဘဝမှာ ဒယ်ဒီမြတ်နိုးတဲ့ သမီးရဲ့မာမီကို ပိုင်ဆိုင်ရလို့ တစ်ခြားသူမလိုပါဘူး သမီးရယ်၊ ဒယ်ဒီ့သမီးကိုလည်း ဒယ်ဒီနဲ့မာမီလိုပဲ ဖြစ်စေချင်တယ်၊ သမီးမှာ ရည်ရွယ်ထားတာရှိရင် ပြောနော်၊ ဘာမှမထိန်ချန်နဲ့"

"ဒယ်ဒီကလည်း . . . ဒယ်ဒီ့ကိုမေးခါမှ ဘယ်လိုဖြစ်လို့ အချစ်အကြောင်းတွေ ရောက်ကုန်တာလဲ မသိဘူး"

"စကားကြုံလို့ပါ၊ ဒီနေ့ညစာ ဒယ်ဒီ့ကိုစားဖို့ မစောင့်နဲ့တော့၊ ဒီည နိုင်ငံခြားက ဒယ်ဒီရဲ့သူငယ်ချင်းပြန်လာတာ ညစာကျွေးဖို့ ဖိတ်ထားတယ်၊ ဒယ်ဒီတို့နဲ့ အပတ်စဉ်သင်တန်းက သူငယ်ချင်းတွေချည်းပဲ။ ရန်ကုန်မှာရှိတဲ့ လူဆယ်ယောက်လောက်တော့ ရှိမယ်၊ သမီးရဲ့မာမီကိုလည်း ဒယ်ဒီပြောပြီးပြီ"

ဦးရွှေတောင်က တယ်လီဖုန်းရှိရာသွားပြီး သူ့သူငယ်ချင်းတွေဆီ ဖုန်းဆက်လို့ နေပါတယ်။

"သံမြသာရေ . . . ပြီးပြီလား"

"အမယ်လေး . . . အခုမှ ပေါ်တော်မူလာတယ်၊ ကြည့်စမ်း . . . ထင်တော့ ထင်သား၊ မင်းသမီးရှုံးအောင် ပြင်လာတော့မယ်လို့ ဒါတောင် တော်သေးတယ်နော်၊ မင်္ဂလာဆောင်နေ့ရောက်ရင် မမသင်းတို့ ဘယ်လောက်တောင် ပြင်ဆင်လာမလဲ မသိဘူး"

အသကုန်အလှပြင်လာတဲ့ မမသင်းကို ဧည့်ခန်းထဲရောက်ရောက်ချင်း သံမြသာက ခြေဆုံးခေါင်းဆုံးကြည့်ရင်းမှ နောက်ပြောင်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



တို့ မသင်းက သူ့ကိုလှတယ်ပြောလို့ တော်တော်ကျေနပ်သွားပုံပါပဲ။

"မိန်းမသားဆိုတာ သူ့နေရာနဲ့သူ လှအောင်ပြင်ရတာပေါ့၊ မိန်းမသားဆိုတာ ကိုယ့်ရဲ့အလှကို တန်ဖိုးထားရတယ် သံမြသာရဲ့၊ ဒါမှ သူ့ရဲ့တန်ဖိုးက ပိုမြင့်လာမှာ၊ အလှကို ဈေးကွက်တင်ရောင်းတာကို ဆိုလိုတာ မဟုတ်ဘူးနော်၊ မိန်းမသားရဲ့တန်ဖိုးကို ပြောတာ"

မမသင်းစကားကို နားထောင်နေတဲ့ သံမြသာမဆီမဆိုင် မိုးရွာတုန်းက သူမကို ထီးလိုက်ပေးတဲ့ကျောင်းသားပြောတဲ့စကားနဲ့ အဓိပ္ပါယ်ချင်းတူနေလို့ ပရယ်တီကယ်ခန်းထဲမှာ ပီကေဗူးလာထားတာ မမသင်းများ သူ့အကြောင်းကိုသိလို့ ညွှန်ကြားလေသလားလို့။ ဒါပေမယ့် မမသင်းနဲ့ အဲဒီကျောင်းသားက ဆက်ဆံပတ်သက်မှုက အဝေးကြီးဆိုတော့ အဲဒီအတွေးကို ပယ်ချလိုက်ပါတယ်။

"သံမြသာရေ . . . သံမြသာဝတ်ရမယ့် သတို့သမီးအရန်ဝတ်စုံက အဝါနုဆိုတော့ အကျီမှာ ဘယ်လိုသစ်ခွပန်းမျိုးကို ထိုးမလဲ"

"အဝါနုဆိုတော့ ပေါ်အောင်လို့ဆိုရင် သစ်ခွပန်းအနက်ရောင်အကျားက ပိုပေါ်မလားမသိဘူး၊ မမသင်းမျက်စိထဲ မြင်ကြည့်စမ်း"

"မြင်စရာမလိုပါဘူး၊ သံမြသာနဲ့ဆို လှကိုလှနေမှာ၊ ကဲပါ . . . သွားကြရအောင်"

သံမြသာက ထိုင်ရာမှထလိုက်ကာ တယ်လီဖုန်းပြောပြီးလို့ ဖုန်းကိုချဖို့ ဟန်ပြင်နေတဲ့ ဦးရွှေတောင်ကို . . .

"ဒယ်ဒီရေ . . . သမီးသွားပြီ"

"အေး . . . အေး . . . ကားကိုကြည့်မောင်းဦး"

သံမြသာက မမသင်းနဲ့ ဧည့်ခန်းထဲက ထွက်သွားတာကို ဦးရွှေတောင်က ကြည့်နေရင်းမှ လက်ဖျောက်တစ်ချက် တီးဖြစ်အောင် တီးလိုက်ပါသေးတယ်။

❑ ❑ ❑



ထမင်းတစ်နပ်စားရဖို့
နှစ်ဆယ့်လေးနာရီလုံးလုံး
ဘုရားသခင်ကိုမျှော်သလိုမျိုး
ထမင်းတစ်နပ်ကို တောင်းစံသူတွေ
ကျွန်တော်တို့နေထိုင်တဲ့
ကမ္ဘာကြီးမှာ ဘယ်လောက်များသလဲ၊
အဲဒါတွေကို ဥပေက္ခာပြုပြီး
အတိတ်ဆိုတဲ့ကံကြောင့်
လေရှူးသူတွေ၊ သီချင်းဆိုသူတွေ
ဟင်းခွက်တစ်ရာနဲ့ ပွဲတော်တည်သူတွေ
စတိတ်ရှိုးကြည့်သူတွေ
ကားမထွက်သေးလို့
ဝေါ်သထွက်နေတဲ့ စရိုးသည်တွေ
ပြောရရင်တော့ အများကြီးပေါ့၊
ကမ္ဘာကြီးထဲမှာ လူတွေ
သူ့ဟာနဲ့သူ အသားကျနေတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ထည်ဝါတို့ ‘နှလုံးလှ’ လူမှုရေးအဖွဲ့က အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ထည်ဝါတို့ရဲ့ဟိုဘက်ရပ်ကွက်မှာနေတဲ့ သူငယ်ချင်းဖြစ်သူ အောင်သန်းချစ်က စင်္ကာပူနိုင်ငံမှာ အလုပ်လျှောက်ထားတာ နက်ဖြန်ခါသွားရမှာမို့လို့ ထည်ဝါတို့သူငယ်ချင်းတွေကို စားသောက်ဆိုင်မှာ လိုက်ကျွေးပါတယ်။ စားသောက်ဆိုင်ဆိုမှတော့ အသောက်ကလေးလည်းပါ တစ်ခါတလေမှ သောက်ဖြစ်တာမျိုးဆိုတော့ BLACK LABEL ဂျော်နီလမ်းလျှောက် နှစ်ပုလင်းက လူခုနှစ်ယောက်ဖြုတာ ကုန်ခါနီးနေပြီ။ အားလုံးလည်း အထွတ်အထိပ်ရောက်နေပြီ။ ထည်ဝါတောင် သုံးခွက်လောက်သောက်ပြီး ရီဝေဝေဖြစ်ချင်နေပြီ။ စင်တင်တေးဂီတကနေ ဘာသီချင်းတွေဆိုနေသလဲ ဆိုတာတောင် သောတမဆင်နိုင်အားပါ။ ဒီကြားထဲ ကိုကြီးကျော်နဲ့ ပစ်ကြီးကလည်း စကားကို ဘာပြောသလဲမမေးနဲ့။ အကြောင်းအရာတွေက စုံနေတာပဲ။ သူတို့ပါးစပ်အင်ဂျင်က ဆီပြည့်သွားပြီကိုး။

“မောင်ထည်ဝါ . . . လူစုံလှချည်လားကွ”

“ဟာ . . အန်ကယ်၊ တစ်ယောက်တည်းလား ဘယ်သူပါသေးလဲ”

မထင်မှတ်ပါဘဲ ထည်ဝါတို့ဝိုင်းကို ရောက်လာပြီး နှုတ်ဆက်လို့ ကြည့်လိုက်တော့ ဦးရွှေတောင်ဖြစ်လို့ နေပါတယ်။ ဦးရွှေတောင်ကိုကြည့်





ရတာ ‘ပါဝါ’တင်ထားပြီး ပုံပေါက်နေပေမယ့် အမူအရာပျက်တာမျိုးကိုတော့ မတွေ့ရပါ။

“ထိုင်ပါ အန်ကယ်၊ ဒီမှာတွေ့ရမယ်လို့ မထင်ဘူး”

ဦးရွှေတောင်ကို ထည်ဝါက ထိုင်ခုံတစ်လုံးယူလိုက်ပြီး ထိုင်ဖို့နေရာပေးလိုက်ပါတယ်။

“အန်ကယ် . . . ဒါက ကျွန်တော်တို့ ‘နှလုံးလှ’အဖွဲ့က အဖွဲ့ဝင်သူငယ်ချင်းတွေလေ သူက အောင်သန်းချစ်တဲ့၊ နက်ဖြန်စင်္ကာပူသွားရမှာမို့ ဒီနေ့ပြုစုတာ ပစ်ကြီးကိုတော့ အန်ကယ်သိပြီးသားမို့လို့ မိတ်မဆက်ပေးတော့ဘူး၊ ကျန်တဲ့သူတွေနဲ့ ကျွန်တော်မိတ်ဆက်ပေးမယ်”

ထည်ဝါက သူငယ်ချင်းတွေကို တစ်ယောက်ချင်း ဦးရွှေတောင်နဲ့ မိတ်ဆက်ပေးပါတယ်။

“ဒါကတော့ ဦးရွှေတောင်တဲ့၊ ပန်းချီပြခန်းမှာ ခင်သွားတာ၊ အန်ကယ်က သင်္ဘောကပ္ပတိန်အရာရှိဟောင်းပဲ”

အားလုံးက ဦးရွှေတောင်ကို ပြုံးပြရင်းက အသိအမှတ်ပြုကြပါတယ်။

“အန်ကယ်က မောင်ထည်ဝါတို့ ဝင်လာကတည်းက မြင်တယ်၊ ငါတို့ အရှိန်ပျက်မှာစိုးလို့ အရှိန်ရမှရောက်လာတာ၊ ဒီနေ့လည်း ရန်ကုန်မှာရှိတဲ့ အန်ကယ်တို့သူငယ်ချင်းတွေ ဆုံကြတာလေ၊ စင်ပေါ်မှာ သက်ဆိုနေတာလဲ အန်ကယ့်သူငယ်ချင်းပေါ့၊ ဒီကောင် ပြင်သစ်က ပြန်လာတာ မကြာသေးဘူး”

ဦးရွှေတောင်က စင်မြင့်ပေါ်မှာ ‘အလှသစ္စာတရား’ သီချင်းကို အပီဆိုနေသူတစ်ဦးကို လက်ညှိုးညွှန်ပြပါတယ်။

“ထည်ဝါ . . . အန်ကယ့်ကို တွေ့တုန်းဆုံခိုက် တစ်ခွက်လောက် ထည့်ပေးလေ၊ အဲဒါ မင်းကျေးဇူးရှင်နော်”

“ငါသိပါတယ် . . . ပစ်ကြီးရာ”

ထည်ဝါက စားပွဲထိုးဆီကနေ ဖန်ခွက်တစ်ခွက်တောင်းလိုက်ပြီး BLACK LABEL ပုလင်းထဲက အရက်ကို အနည်းငယ်ထည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆော်ဒါရေခဲနဲ့ စပ်ပေးလိုက်ပါတယ်။

"အန်ကယ် . . . သောက်နော်၊ အလျှူလက်ဖက်နဲ့ မျက်နှာလုပ်ရတာ"

"အိုကေ ငါ့တူ၊ ကဲ . . . ချီးယားစ်"

"ချီးယားစ် . . . "

ဦးရွှေတောင်က ထည်ဝါပေးတဲ့ အရက်ခွက်ကိုမြှောက်ပြီး အော်လိုက်သလို ထည်ဝါတို့တစ်တွေလည်း ဦးရွှေတောင်နည်းတူ လိုက်လုပ်လိုက်ပါတယ်။ ဦးရွှေတောင်ကတော့ တစ်ကျိုက်တည်းမော့ချလို့ နောက်ထပ်အရက်တစ်ခွက် ထည်ဝါက ထပ်ထည့်ပေးလိုက်ပါတယ်။

ဦးရွှေတောင်ခန္ဓာကိုယ်ထဲ အရက်က ဝင်သွားလို့လားမသိ၊ လှော်သွက်အာသွက် ပိုဖြစ်လာပါတယ်။

"မောင်ထည်ဝါ . . . မင်းက အန်ကယ့်ဆီ ဘာလို့ဖုန်းမဆက်တာလဲ၊ အန်ကယ်ပြောတဲ့ကိစ္စကော လုပ်ဖြစ်လား"

"လုပ်ဖြစ်ပါတယ် အန်ကယ်၊ အဆင်လည်း ပြေပါတယ်၊ ဒါပေမဲ့ အန်ကယ့်ကို ကျွန်တော်က အားနာလို့ပါ"

"ဘာအားနာစရာလိုရမှာလဲကွာ၊ ဒါမျိုးက ကူညီကောင်းတာပဲ၊ နောက်တစ်ဆင့်ကို မင်းဆက်လုပ်ရမယ်"

ဦးရွှေတောင်က သူ့စကားကို ခဏရပ်ရင်း တစ်ငုံမော့လိုက်တယ်။ ပြီးတော့မှ . . .

"မိန်းမသားဆိုတာ ပန်းကို တော်တော်နှစ်သက်ကြတယ်၊ မကြိုက်တဲ့သူ ရှားတယ်၊ ဒီတော့ ရှားရှားပါးပါး သစ်ခွပန်းတွေဆို တန်ဖိုးထားတယ်၊ မင်းက သစ်ခွခြံမှာ အနက်ကျားသစ်ခွမျိုးကိုရှာပြီး ပထမတစ်ခါလုပ်သလိုမျိုး သူမသိအောင် ထားထား၊ ဇာတ်ရှိန်က ပိုမြင့်လာမယ်၊ သူက စိတ်ဝင်တစားရှိနေတုန်းမှာ နောက်ဆက်တွဲတွေ ဆက်လုပ်ရတယ် အချိန်မဆိုင်းနဲ့ကွ"

ထည်ဝါက ဦးရွှေတောင်ညွှန်ကြားတဲ့အတိုင်း ဆက်လုပ်ပါမယ်လို့ ကတိပေးပြီး ဦးရွှေတောင်ကို နောက်ထပ်အရက်တိုက်တာ မသောက်





တော့ဘဲ စကားအနည်းငယ်ပြောပြီး ထည်ဝါတို့သူငယ်ချင်းတွေကို နှုတ်ဆက်ကာ သူ့သူငယ်ချင်းတွေရှိတဲ့ စားပွဲဝိုင်းကို ပြန်သွားပါတယ်။

ဦးရွှေတောင်ညွှန်ကြားသလို နောက်တစ်ဆင့်ကို တက်ရမှာပေါ့လို့။ ဘာဖြစ်လို့လည်းဆို ကိုယ်က စထားပြီးပြီကိုး။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

ဘဝမှာ

တစ်ခါပဲ ရွေးချယ်ပါရစေ၊

ကိုယ်သိမ်းပိုက်မယ့် တောင်ကုန်းအတွက်

ကိုယ့်အလံတော်ကိုယ် ရဲရဲဝံ့ဝံ့လွှင့်ထူမယ်

လောကစံတရားတစေတော့

နည်းနည်းပါးပါးကျိုးစားမှာပေါ့၊

## အခန်း (၁၄)

ကင်တင်းမှာ ဗိုက်ထဲက နည်းနည်းပြည့်နေလို့ ဘာမှမစားဘဲ ထိုင်ရင်းက သူငယ်ချင်းမသုံးဦး စားနေသောက်နေတာကိုကြည့်လိုက် သူတို့နဲ့ စကားပြောလိုက်နဲ့ လုပ်နေရတာ သံမြသာဖို့ တစ်ခုခုလိုနေသလို ပါပဲ။ ဟိုသုံးယောက်ကလည်း စကားပြောရင်း စားလို့လားမသိ၊ ဘာဝင်သလဲ မမေးနဲ့။ ချိုချိုစုဆို ထမင်းကြော်လိုက်ပွဲတောင် ထပ်မှာလို့နေပါ သေးတယ်။

"တော်သေးတာပေါ့ သံမြသာရယ်၊ ဒီတနင်္ဂနွေနေ့မှာ မမသင်းရဲ့ ညီမ,မင်္ဂလာဆောင်ရှိလို့ လကုန်ခါနီးအပတ်ဆို မလွယ်ဘူး၊ ငါတို့ပရဟိတ တိစ္စက ရှိသေးတာ၊ ဒါနဲ့ နင်က သတို့သမီးအရန်လုပ်တဲ့ ဝတ်မယ့်ဝတ်စုံမှာ အင်္ကျီမှာထိုးမယ့် သစ်ခွပန်းအနက်ကျားကော ရပြီလား၊ မှာကော မှာထား ပြီးပြီလား"

မျိုးမျိုးသွယ်က အခုမှ စဉ်းစားမိလို့လားမသိ။ ကောက်ခါငင် တာ ကောက်မေးလိုက်ပါတယ်။

"မနေ့ကတော့ မမသင်းနဲ့ သစ်ခွခြံမှာ အော်ဒါသွားမှာသေး၊ အဲဒီခြံမှာ အဲဒီသစ်ခွမျိုးမရှိဘူး ပြောတယ်၊ မင်္ဂလာဒုံဖက်မှာရှိတယ်လို့ ညွှန်လိုက်တယ်၊ နက်ဖြန်မှပဲ အဲဒီဖက်ကို သွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သံမြသာရယ် . . . တို့မိန်းကလေးဘဝမှာ မင်္ဂလာဆောင်မှာ နှစ်နာရီလောက်လေးကိစ္စကို စီစဉ်ရတာ၊ တော်တော့်ကို အလုပ်ရှုပ်တာပဲ ယောကျာ်းလေးတွေနဲ့တော့ ကွာလိုက်တာ"

ခင်သန်းဆင့်က စားရင်းသောက်ရင်းက မသက်မသာပုံစံမျိုးနဲ့ ညည်းလိုက်ပါတယ်။

"ဟဲ့ . . . ဟိုတစ်ယောက်က နင်နဲ့ဘုကျတဲ့ ကျောင်းသားနဲ့ သူ့သူငယ်ချင်းနှစ်ယောက်မဟုတ်လား၊ အံမယ် . . . အံမယ် . . . ငါတို့ကို မမြင်ဘူးထင်တယ်၊ ငါတို့ဘေးနားက ဝိုင်းကိုလာပြီ"

မျိုးမျိုးသွယ်က ဆိုင်ထဲဝင်လာတဲ့ ကျောင်းသားသုံးယောက်ကို ကြည့်ရင်းက ပြောလိုက်တယ်။

"ဆိုင်ပဲဟာ . . . လာချင်တဲ့လူလာစားမှာပေါ့၊ နင်တို့ကလည်း"

သံမြသာက ကိုယ်နဲ့မဆိုင်တာမို့ ဝင်ဟန့်လိုက်ပါတယ်။ ပြီးတော့ ပြောလက်စ,စကားတွေ ဆက်ပြောနေပါတယ်။

❑

"ထမင်းပေါင်းဝက်နဲ့နှစ်ပွဲဟေ့"

ခပ်ဝဝကျောင်းသားရဲ့ စားပွဲထိုးကို မှာသံက အတော့်ကို ကျယ်လောင်သွားလို့ အနီးနားစားပွဲဝိုင်းမှာရှိတဲ့ သံမြသာတို့တစ်တွေတောင် ပြောလက်စ,စကားရပ်မလို ဖြစ်သွားရပါတယ်။ ဟိုကတော့ ဘာမှမသိသလိုနဲ့ သူနဲ့အဖေါ်ပါလာတဲ့ နောက်တစ်ယောက်နဲ့ လေပေးဖြောင့်နေပါပဲ။

"ထည်ဝါရာ . . . မင်းက ဘယ်လွင့်နေတာလဲ"

"ဘယ်မှလွင့်တာ မဟုတ်ဘူး၊ အခုမှ အိမ်ကလာတာ၊ မင်းတို့ ဒီအချိန်ဆို ဒီမှာရှိမယ်ထင်လို့"

"ဟဲ့ . . . သံမြသာ နင့်ကိုကျောပေးထိုင်လိုက်တဲ့ နင်နဲ့ဘုတော တဲ့သူနာမည်က ထည်ဝါတဲ့ဟဲ့"





မနေနိုင်မထိုင်နိုင် ခင်သန်းဆင့်က နားစွန်နားဖျားကြားလို့ပြောတာကို သံမြသာက . . .

"သူ့ဟာသာသူ ဘာနာမည်ပဲဖြစ်ဖြစ်ပေါ့၊ ကောင်းတယ် . . . အဲဒီလို ကျောပေးထိုင်နေတော့ သူ့မျက်နှာကို မြင်စရာမလိုတော့ စိတ်ဆိုးစရာမလိုဘူးပေါ့၊ နို့မို့ ဘာပြဿနာဖြစ်မလဲ ဘယ်လိုအလွဲဖြစ်မလဲ တစ်ခုခုဖြစ်နေဦးမယ်"

သံမြသာတို့က မမသင်းမင်္ဂလာဆောင်ကိစ္စကို ပြောနေသလို တစ်ဖက်ဝိုင်းက ထည်ဝါတို့သုံးယောက်တလည်း ဘာအကြောင်းတွေ ပြောနေကြသလဲမသိ။ သံမြသာတို့ဝိုင်းဖက်သို့ လှမ်းမကြည့်ဘဲ ပြောကြဆိုကြနဲ့ ရှိနေပါတယ်။

"သံမြသာရယ် . . . ဒုက္ခပါပဲ၊ အခုမှ လက်တလေပြဿနာက ဖြစ်လာပြီ၊ အခုချက်ချင်း မရှင်းရင်တော့ မဖြစ်တော့ဘူး"

ကောက်ခါငင်ကာ ပြုန်းစားကြီးဆိုသလို မျိုးမျိုးသွယ်က ဘာကို ဆိုလိုမှန်းမသိဘဲ အသံကျယ်ကျယ်နဲ့ အော်ပြောလိုက်လို့ ထည်ဝါတို့ ဝိုင်းဖက်ကတောင် လှည့်ကြည့်လိုက်ပါသေးတယ်။

"မျိုးမျိုးသွယ် . . . တိုးတိုးပြောပါဟာ၊ ဘယ်လိုလက်တလော ပြဿနာဖြစ်လာလို့ အခုချက်ချင်း မရှင်းမဖြစ်ဘူးဆိုတာကကော"

"သံမြသာရယ် . . . လက်တလောပြဿနာကို ဖြေရှင်းပေးနိုင်တာက တစ်နေရာတည်းရှိတယ်၊ အဲဒီနေရာက ဟို . . . ဟို . . ."

မျိုးမျိုးသွယ်က စကားကို ရှေ့မဆက်ဘဲ ဘေးဝိုင်းက ထည်ဝါတို့ဖက်သို့ မသိမသာကြည့်မိရင်း ရှက်သလိုဖြစ်နေပါတယ်။

ဟိုဘက်ဝိုင်းက ကျောင်းသူတစ်ဦးရဲ့စကားကို ကြားလိုက်ရတဲ့ ထည်ဝါ စဉ်းစားပါတယ်။ အဲဒီကျောင်းသူက သံမြသာနဲ့ သူ့သူငယ်ချင်းမနှစ်ယောက်ကို ကင်တင်းမှာ တစ်ခုခုလိုက်ကျွေးတာ ပိုက်ဆံရှင်းခါနီးမှ အိမ်မှာ ပိုက်ဆံမေ့ကျန်ခဲ့လို့လား ဒါမှမဟုတ် မပါလာလို့များလားလို့ဆိုပြီး အကူအညီပေးချင်စိတ်ပေါက်ပေမယ့် သံမြသာက တစ်မျိုးမြင်မှာစိုးသွားပါတယ်။ ဒါပေမယ့် လုပ်စရာတစ်ခုရှိတာကို ထည်ဝါသတိရမိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဝါတယ်။ အဲဒါက ပြဿနာရှင်းရမှုဖြစ်မယ်ဆိုတဲ့ အမျိုးသမီးလက်မှာ ရွှေလက်ကောက်နှစ်ကွင်းဝတ်ထားလို့ပါ။

ထည်ဝါမနေနိုင်တော့ပါ။ တစ်ဖက်က စားပွဲဝိုင်းကို ကျောပေးထားတာကနေ လှည့်လိုက်ပြီး . . .

“ဒီမှာ ကျွန်တော်အကြံပေးပါရစေ၊ လတ်တလောပြဿနာကို ရှင်းမှုဖြစ်မယ်၊ ဖြေရှင်းပေးနိုင်တာက တစ်နေရာတည်းဆိုတာ ခင်ဗျား ပြောမထွက်ရင် ကျွန်တော်ပြောလိုက်မယ်၊ အဲဒီနေရာကို မသိလို့မဟုတ်လား၊ အဲဒီနေရာက ကျွန်တော်တို့တက္ကသိုလ်ကနေ ကားမှတ်တိုင်သုံးမှတ်တိုင်အကျော်မှာ ရေစက်အပေါင်ဆိုင်ရှိတယ်၊ အတိုးကလည်း ခင်ဗျားဝတ်ထားတဲ့ လက်ကောက်တို့ဘာတို့ဆို အတိုးသက်သာတယ်ဗျ”

“ရှင် . . . ကျွန်မက အပေါင်ဆိုင်သွားရမယ် . . . ဟုတ်လား သံမြသာရယ် . . . ငါ့ကို ဒီလူက အပေါင်ဆိုင်သွားတဲ့”

ထည်ဝါရဲ့အကြံပြုချက်ကို မထင်မှတ်ဘဲ ကြားလိုက်ရတဲ့ မျိုးမျိုးသွယ်မျက်နှာပျက်သလို ဖြစ်သွားရင်းက သံမြသာကို အလန့်တကြား ပြောလိုက်ပါတယ်။

“ရှင် . . . ဘာကြောင့်ကွက်တေါ လာရိုက်ပြန်ပြီလဲ၊ ကျွန်မတို့နဲ့ တွေ့တိုင်း ရှင်က တစ်ခုခုကို ကူညီနေတာက ဘာသဘောလဲ”

သံမြသာက ထည်ဝါကို ဒေါသသံပါပါနဲ့ ပြောတဲ့အခါ ထည်ဝါက–

“ခင်ဗျားကလည်း စွတ်တင်နေပြန်ပြီ၊ ခင်ဗျားသူငယ်ချင်းကစ လတ်တလောပြဿနာကို ရှင်းချင်တယ်၊ မရှင်းချင်ရမသွားဆိုတော့ သူက သူ့မှာ ပိုက်ဆံမပါတာ ပြောမထွက်လို့ ဖြစ်မှာပဲထင်လို့ လတ်တလော ဖြေရှင်းလို့ရမယ့် အပေါင်ဆိုင်ကို လမ်းညွှန်ပေးတာ၊ အဲဒီမှာ သူ့လက်ကောက်ခဏထားလိုက်ရင် ပြီးတာပဲ၊ ခင်ဗျားက ကျွန်တော်အကြံပေးတာကို ကျေးဇူးတောင် တင်ရဦးမှာ”

အဲဒီအခါ ကာယကံရှင်ဖြစ်တဲ့ မျိုးမျိုးသွယ်က . . .

“ကောင်းကြသေးရဲ့လားဟယ်၊ ငါ့စကားနဲ့ ငါခံရပြီ၊ ဟဲ့ . . . မြန်မြန်ရှင်း၊ ငါ့မှာ လတ်တလောပြဿနာမရှင်းမဖြစ်ဆိုတဲ့ကိစ္စက အိမ်





သာအရမ်းတက်ချင်လို့ဟာ ဒီလူက တစ်မျိုးစဉ်းစားပြီး ပြောတာကိုး၊ ဟဲ့ . . . မြန်မြန်ရှင်း၊ အမယ်လေး . . . ငါ့ဇာတာများ ညံ့ပုံနော်”

မျိုးမျိုးသွယ်က သံမြသာတို့သူငယ်ချင်းတွေကို ပြောရင်းက ပိုက်ဆံအမြန်ရှင်းခိုင်းပြီး ဆိုင်ထဲကနေထွက်သွားကြပါတယ်။

“ထည်ဝါရာ . . . မင်းက လုပ်လိုက်ရင် တလွဲချည်းပဲ၊ ကိုယ်ဦးတည်ချက်က ဘာလဲ၊ မင်းက ဘာလို့သွားပြောရတာလဲ၊ သူ့ဟာသူ လတ်တလောမကလို့ ဘာပဲဖြစ်ဖြစ် ရှင်းရှင်းပေါ့”

“ဟုတ်တယ် . . . သူ့အိမ်သာတက်ချင်တာ မင့်အလုပ်လား၊ မင်းအလုပ်က ဘာလဲ”

ပစ်ကြီးနဲ့ အေးသိန်းတို့က သံမြသာတို့ ထွက်ထွက်သွားချင်းမှာပဲ ထည်ဝါ့ကို ဝိုင်းအပြစ်တင်ကြပါတယ်။

“မဟုတ်ပါဘူးကွာ၊ ငါက တကယ်ပြဿနာဖြစ်တယ်ထင်လို့ပါ”

“မင်းကသာ ထင်နေ၊ ငါတို့မှာ အဲဒီအုပ်စု ဒီဆိုင်ထဲကို ဝင်သွားတာတည်းက စောင့်ကြည့်ပြီး နောက်ကလိုက်၊ သူတို့နားမှာထိုင်ပြီး ပိပိရိရိနဲ့ ဟန်ဆောင်ရတာ မလွယ်လိုက်တာ၊ ဒီကြားထဲ မင်းက သံမြသာနဲ့ ပြဿနာဖြစ်အောင် လုပ်သေးရဲ့၊ အခု မင်းကိစ္စအဆင်ပြေလား”

အေးသိန်းစကားအဆုံး ထည်ဝါက . . .

“အဆင်ပြေအောင် လုပ်ရမှာပေါ့၊ ကိုကြီးကျော်ကို အကူအညီတောင်းပြီး ခွင်ရိုက်ခိုင်းထားတယ်၊ ကိုကြီးကျော်က သံမြသာကို ငါ့ဖုန်းထဲမှာ မြင်ဖူးတာပဲ၊ ငါ့ဖုန်းကိုပါ သူ့ပေးလိုက်တယ်၊ ဒီလူကြီးကို ဒီနေ့ ရုံးလစ်ခိုင်းရတာ အားတောင်နာတယ်”

“ဟေ့ကောင် အားနာတာ အသာထား၊ တော်ကြာ . . . ကိုကြီးကျော်အလွဲတွေလုပ်နေဦးမယ်၊ မိန်းမတစ်ယောက်အချစ်ခံရဖို့များတွာ . . . ကိုယ့်အဖေလောက်ရှိတဲ့လူ ညွှန်ကြားတာ လိုက်လုပ်ရတယ်လို့၊ အေးလူတွေပါ မနေရဘူး”

အေးသိန်းပြောတာ ဟုတ်ပါတယ်။ သူ့ကိစ္စ မဆီမဆိုင် ကိုကြီးကျော်တောင် ပါလာရပါပကော။

www.burmeseclassic.com

မဖြစ်ချင်ပါဘူးဆို
မြားနတ်မောင်က
ရန်ပွဲကို 'ခွင်' ဆင်ပေးသေးရဲ့၊
မမျှော်လင့်ပါဘူးဆို
ဘယ်သူတွေများ
အိပ်မက်တွေမက်ဖို့ ဓာတ်လမ်းရှေးခဲ့လေသလဲမသိ။

## အခန်း (၁၅)

စောစောက ကင်တင်းမှာ မိုးမိုးသွယ်ကြောင့်ဖြစ်တဲ့ ကိစ္စကို မိုးမိုးသွယ်ကိစ္စပြီးတဲ့အထိတိုင်အောင် သံမြသာတို့တစ်တွေ ပြောလို့ကို ပြီးပါ။ ကိုယ့်ပြဿနာနဲ့ကိုယ် ပြောနေဆိုနေတာ နေရာတကာ ဆရာကြီး ဝင်လုပ်ချင်တဲ့ အဲဒီကျောင်းသားက ဝင်ပါမြစ်အောင် ပါလိုက်သေးရဲ့။ နေရာတကာ လူတွေ ကိုယ့်ကိစ္စနဲ့ကိုယ်ဖြစ်တာ သူ့ကိစ္စကျနေတာပဲ။ အဲဒါ သူ့အပူလားလို့။

"အစ်မ . . . အစ်မ . . . အစ်မလေး . . . ခဏလောက်"

သံမြသာတို့တတွေ စာသင်ခန်းရှေ့ရောက်လာခါနီးမှာ စာသင်ခန်းနားမှာ မုန့်တွေဘာတွေရောင်းတဲ့ ကုလားမကြီးဒေါ်ခါတမီရဲ့သား ဖြစ်တဲ့ မူတူးက လက်ထဲမှာ ပါကင်စာရွက်နဲ့ ထုပ်ထားတာတစ်ခုကို ကိုင်ကာ ပြေးလာရင်းက လှမ်းခေါ်ပါတယ်။

"ဟဲ့ . . . မူတူး . . . ငါ့ကို ဘာလို့ခေါ်တာလဲ"

သံမြသာက သူမကိုခေါ်တဲ့ အကြောင်းရင်းကို မေးလိုက်ပါတယ်။

"အသက်ခပ်ကြီးကြီး အစ်ကိုကြီးတစ်ယောက် ဒါလေးလာပေး သွားတာ၊ အစ်မလာရင် ပေးလိုက်ပါတယ်တဲ့၊ ရော့ . . . အစ်မ"

မူတူးက ပြောရင်းကနေ သံမြသာကို ပါကင်ထုပ်ထားတဲ့ဟာကို

www.burmeseclassic.com



ပေးပါတယ်။

"သံမြသာ . . . မယူနဲ့၊ ဘာမှန်းမသိ ညာမှန်းမသိနဲ့၊ တော်ကြာ အချိန်ကိုက်ဗုံးကို ပါကင်စာရွက်နဲ့ပတ်ပြီး အခုလိုပေးရင်းက ဗုံးခွဲတာတွေ က ကမ္ဘာမှာ ဒါမျိုးသာဓကတွေ အများကြီးနော်"

ချိုချိုစုက ပါကင်စာရွက်နဲ့ ပတ်ထားတာကို မယူဖို့ တားပါတယ်။

"ဒါတော့ မဖြစ်နိုင်ပါဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ"

"အဲဒါက နင်ပြောမှလား ခင်သန်းဆင့်ရယ်၊ သိပ်မှန်တာပဲ၊ ဟဲ့ . . . မူတူး . . . အဲဒီပေးတဲ့လူက နင့်ကို ဘာပြောသွားသေးလဲ"

မျိုးမျိုးသွယ်က မေးတော့ မူတူးက . . .

"ဘာမှသိပ်မပြောဘူး၊ ဒီက အစ်မသံမြသာကို ပေးပေးပါဆိုပြီး အဲဒီလူကြီးက ဖုန်းထဲက ဓါတ်ပုံကိုထုတ်ပြပြီး ဒီပစ္စည်းနဲ့ မုန့်ဖိုးဆိုပြီး ငါးရာတန်တစ်ရွက်ပေးသေးတာ"

"မူတူး . . . နောက်ကိုမှတ်ထား၊ ဘယ်သူပေးပေး အခုလိုမယူနဲ့၊ အန္တရာယ်ရှိတဲ့ဟာမျိုးဆို နင်ဒုက္ခရောက်မယ် . . . ကြားလား"

သံမြသာက မူတူးလက်ထဲက ပါကင်ထုပ်ထားတာကိုယူရင်း မူတူးကို သတိပေးစကားဆိုပါတယ်။ မူတူးက ခေါင်းညိတ်ပြပြီး ထွက်သွားပါတယ်။

"သံမြသာ . . . ဘယ်သူက နင့်ကို ဘာပေးပြန်ပြီလဲ မသိဘူး၊ အဲဒီပါကင်ကို ဖွင့်ကြည့်စမ်း၊ ဘာပါလဲသိရအောင်"

ချိုချိုစုက ပါကင်ထုပ်ကိုကြည့်ပြီး စိတ်ဝင်တစားဖြစ်နေပါတယ်။ သံမြသာလည်း ပါကင်ထုပ်ကို ဖွင့်လိုက်ပါတယ်။

"ဟယ် . . . ပုလင်းကို ပါကင်ပတ်ထားတာပဲ၊ ဒီမှာလည်း စာရွက်ခေါက်တစ်ခု၊ သံမြသာ . . . ဒါ . . . ဒါ . . . နင်မင်္ဂလာဆောင်မှာ ရင်ထိုးဖို့ပြောတဲ့ သစ်ခွပန်းအနက်ကျားပွင့်မဟုတ်လား၊ သုံးပွင့်တောင်ပါလား"

ချိုချိုစုရဲ့အံ့ဩသံနဲ့အတူ အခြားသူငယ်ချင်းမနှစ်ဦးလည်း အံ့အားသင့်နေသလို သံမြသာလည်း မအံ့ဩဘဲ မနေနိုင်ပါ။





"ငါ . . . ဒီသစ်ခွပန်းအနက်ကျားသုံးပွင့်ကို လိုချင်နေတာ ဘယ်သူက သိနေတာလဲ မသိဘူး"

သစ်ခွပန်းအနက်ကျားသုံးပွင့်ကို ပုလင်းထဲမှာ ရေထည့်ပြီး စိမ်ထားတာကိုကြည့်ပြီး သံမြသာစဉ်းစားလိုက်ပါတယ်။

"ဟဲ့ . . . မမသင်းကကော တစ်ယောက်ယောက်ကိုပြောတာ ဖြစ်နိုင်ဘူးလား"

"အဲဒါတော့ ဖြစ်နိုင်မယ်မထင်ဘူးဟ၊ သူက သူ့အလုပ်နဲ့သူ ရှုပ်နေတာ၊ ငါတော့ ခေါင်းတော်တော်စားလာပြီ ခင်သန်းဆင့်ရယ်"

"ဘာရေးထားလဲ မသိဘူး၊ ဖတ်ကြည့်ပါဦးဟ"

မျိုးမျိုးသွယ်က သံမြသာလက်ထဲက စာမှာ ဘာရေးထားသလဲ သိချင်လာပါတယ်။ ဒါနဲ့ သံမြသာလည်း စာကိုဖွင့်ဖတ်လိုက်ပါတယ်။

> မင်းရဲ့ဆံကေသာမှာ ဒီပန်းသုံးပွင့်ဟာ မင်းသာ ပန်ဆင်မယ်ဆို ဒါမှမဟုတ် မင်းရင်ဘတ်က အင်္ကျီမှာ ထိုးထားမယ်ဆို တင့်တယ်လှပါရဲ့ကွယ် . . .။ မင်းအတွက် ကိုယ့်ရဲ့ပန်းစကားပါပဲ။

"လက်ရေးနဲ့မရေးဘဲ ကွန်ပျူတာနဲ့ ရိုက်ထားတော့ ဒီလက်သည်ကို ဖော်ရတော့ တော်တော်ခက်လိမ့်မယ်နော်"

"အင်း . . . သံမြသာကို တစ်ဖက်လူရဲ့စိတ်ဝင်စားမှုအရှိန်က တော့ မြင့်သထက် မြင့်လာပြီ"

"ရှေ့လျှောက် ဘယ်လိုသော ဟာတွေက ဘယ်လိုအံ့အားသင့်စရာတွေနဲ့ ရောက်လာမယ်မှန်း မသိဘူး၊ ဟဲ့ . . . ဒါနဲ့ သံမြသာ . . . နင်က ဒီပန်းသုံးပွင့်ကိုကော မင်္ဂလာဆောင်မှာ တကယ်ပဲ သတို့သမီး အရန်ဝတ်စုံအင်္ကျီမှာ ထိုးမှာလား"

သူငယ်ချင်းမသုံးဦးက တစ်ယောက်တစ်မျိုးစီ ထင်ကြေးပေး ပြောရင်းကနေ ချိုချိုစုက စာရွက်ကို ထပ်ပြန်ဖတ်နေတဲ့ သံမြသာကို မေးလိုက်ပါတယ်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ငါ တကယ်လိုအပ်နေတာပဲဟာ၊ သူ့ရဲ့ ဒီလိုပေးပို့မှုကိုတော့ ငါအသိအမှတ်ပြုပေးရမှာပေါ့၊ မင်္ဂလာဆောင်နေ့မှာကော အဲဒီမင်္ဂလာပွဲမှာ ဒီပန်းပို့တဲ့သူ ပါချင်ပါနေမှာ"

"နင် . . . အခုချိန် ဒီလိုနင်ကြိုက်တဲ့ပီကော၊ လိုအပ်နေတဲ့ပန်းကို ပို့ပေးတဲ့သူကို မြင်မယ်သိမယ်ဆို နင်ဘာပြောမလဲ"

"ဒီအချိန်မှာ ငါမသိချင်သေးပါဘူး မျိုးမျိုးသွယ်ရယ်၊ နောက်ဆက်တွဲ ဘယ်လိုဟာမျိုးတွေနဲ့ ငါ့ကို အံ့အားသင့်အောင် ဆွဲဆောင်ဦးမလဲဆိုတာ ငါက အိပ်မက်တွေမက်ရင်း စောင့်နေဦးမှာ၊ အခု ဒီပုလင်းထဲမှာရှိတဲ့ သစ်ခွပန်းသုံးပွင့်က ငါ့ရဲ့စိတ်ဝင်စားမှုအရှိန်ကို ဇာတ်တက်ပိုင်းရောက်အောင် ပို့ပေးလိုက်တာပဲ"

"ဟဲ့ . . . သံမြသာ၊ ဟိုမှာ စောစောက နင့်အချစ်တော်ကြီးပါလား၊ သူတို့သုံးယောက် ကင်တင်းကနေထလာပြီး နျူကလီးယားရူပဗေဒဘာသာရပ်ဖက်က အတန်းဆီသွားမလို့ထင်တယ်"

မထင်မှတ်ဘဲ ထည်ဝါတို့ သူငယ်ချင်းသုံးဦး သူမတို့နှင့် မလှမ်းမကမ်းကနေ ဖြတ်သွားတာကို မြင်လိုက်ရတဲ့ ခင်သန်းဆင့်က လှမ်းပြောပါတယ်။

"သူ့ဖာသာသူသွားတာ ငါတို့အလုပ်မှမဟုတ်တာ တော်သေးတယ်၊ အခုချိန်မှာ အကူအညီပေးရမလားဆိုပြီး ထပ်မရောက်လာလို့၊ အဲဒီသူတို့သွားတဲ့ဖက်မှာ အပေါင်ခံချင်တဲ့ ကျောင်းသားတွေ လိုက်မေးမလို့လားမှမသိတာ၊ သူ့ကိုမြင်ရတာ ငါ့ခံစားမှုအရှိန်လျော့တယ်၊ လာပါ . . . သွားရအောင်"

သံမြသာက ပြောဆိုရင်းမှ သူငယ်ချင်းမတွေကို လက်ထဲမှာ သစ်ခွပန်းထည့်ထားတဲ့ ပုလင်းကိုယူပြီး အတန်းရှိရာလာခဲ့ပါတော့တယ်။

❑

မနေ့ကကိစ္စကို စဉ်းစားပြီး ထည်ဝါကျေနပ်နေပါတယ်။ အားလုံးက ပိုင်ပိုင်နိုင်နိုင် ပိပိရိရိလုပ်ပြသွားလို့ပါ။ တစ်ခုခုကို သိသွားလို့က ရှေ့ဆက်ဖို့ ကျန်တဲ့ကိစ္စတွေက 'ဝှမ်း'ပြီလို့၊ ဒါ့အပြင် ဦးရွှေတောင်အကြံပေးတဲ့ ဒုတိယမြောက်ကိစ္စက အဆင်ပြေလောက်ပါရဲ့လို့၊ အနည်းဆုံးတော့ သံမြသာအဖို့ ခေါင်းထပ်စားမှာ အမှန်ပဲလို့၊ ဒါ့အပြင် ဘယ်ကမှန်းမသိ ရောက်လာတဲ့ဟာအတွက် လိုက်မစုံစမ်းဘဲနေမှာ မဟုတ်။

ဒါ့အပြင် ကိုကြီးကျော်ကိုလည်း ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်၊ ထည်ဝါက သူ့ဟမ်းဖုန်း ကိုကြီးကျော်ကိုပေးလိုက်လို့ ဖုန်းထဲက သံမြသာ ဓါတ်ပုံကိုပေးခိုင်းမယ့် ကွမ်းယာရောင်းတဲ့ ကုလားမကြီးရဲ့သားကို ပေးရတာက ပိုအဆင်ပြေသွားတယ်လို့။

ဒီအချိန်မှာ ဖုန်းကမြည်လာလို့ နံပါတ်ကိုကြည့်တော့ ဦးရွှေတောင်ဆီက ဖုန်းဖြစ်နေပါတယ်။

"အန်ကယ် . . . ပြောပါ"

"ဘယ်လိုလဲ . . . ငါ့တူ အန်ကယ်အကြံပေးတဲ့အတိုင်း လုပ်ဖြစ်သလား"

"လုပ်ဖြစ်တာပေါ့ အန်ကယ်ရယ်၊ ကျွန်တော်ကောင်းလို့ မဟုတ်ပါဘူး၊ ကျွန်တော့်သူငယ်ချင်းတွေကလည်း ဝိုင်းဝန်းအားဖြည့်ပေးလို့ပါ"

"ဒါဆို တစ်ဖက်ကလည်း တော်တော်စိတ်ဝင်စားလောက်ပြီထင်ရဲ့ မောင်ထည်ဝါ"

"ကာယကံရှင်တော့ မသိဘူး၊ ကျွန်တော်တောင် သူ့နေရာမှာဆို ဘယ်လိုလဲဆိုပြီး အမျိုးမျိုးစဉ်းစားကြည့်မိနေသေးတယ်၊ ဒါနဲ့ အန်ကယ် . . . ဖုန်းဆက်တာက တစ်ခြားဘာအကြောင်းများ ရှိသေးလို့လဲ"

"ရှိတယ်ကွ . . . လာမယ့် ကြာသပတေးနေ့က ကွယ်လွန်သွားတဲ့ အန်ကယ်ရဲ့အဖေမွေးနေ့လေ၊ အဲဒါ အန်ကယ်လှူချင်လို့၊ မင်းတို့ရဲ့ နှလုံးလှုလှူမှုရေးအဖွဲ့ကို ငွေနှစ်သိန်းလှူချင်တယ်၊ ဘယ်လိုလုပ်ရမလဲ"

"လှူတာပဲ အန်ကယ်ရယ် ကောင်းတာပေါ့၊ ကျွန်တော် အန်ကယ့် အိမ်လာရမလား၊ လိပ်စာပေးလေ"

"နေ . . . နေ . . . မောင်ထည်ဝါ . . . မြို့ထဲက Aroma cafe




ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မှာ ရွှေ့အပတ် တနင်္ဂနွေနေ့မှာတွေ့မယ်၊ နေ့လယ် (၁) နာရီလောက် စောင့်ကွာ"

"ဟုတ်ကဲ့ . . . အန်ကယ်"

တစ်ဖက်က ဖုန်းချသွားပါတယ်။ ဦးရွှေတောင်က သူတို့လူမှုရေး အသင်းအတွက် အလှူငွေပေးတဲ့အခါ ဘယ်လိုညွှန်ကြားချက်တွေ ဖကြံ ပေးဦးမလဲ မသိပါ။

❑ ❑ ❑



တေးသီဆိုကြပါစေ ...

သူချစ်ကိုယ်ချစ်တွေလေ

မြို့မငြိမ်း၏ 'မင်္ဂလာမောင်မယ်' တေးကိုပေါ့။

လျှောက်လှမ်းကြပါစေ ...

သူချစ်ကိုယ်ချစ်တွေလေ

တင်တင်မြရဲ့ 'ချစ်သူတို့လျှောက်သောလမ်း' ကိုပေါ့။

ချေမှုန်းတိုက်ထုတ်နိုင်ပါစေ ...

သူချစ်ကိုယ်ချစ်တွေလေ

'နောင်ဂျိန်လင်မယား' ဆိုတဲ့ ဝေါဟာရကိုပေါ့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

မနေ့က မင်္ဂလာဆောင်မှာ ကိုယ်က သတို့သမီးအရန်လုပ်တာ သာပြောတာ ဘဝမှာ ပင်ပန်းလိုက်တာဆိုတာ။ အလှပြင်ဆိုင်ကို မနက် အစောကြီးကတည်းက သွားရ၊ ပြင်ရဆင်ရနဲ့ လူကို မင်္ဂလာဆောင်ပြီးလို့ ညလည်းရောက်ရော ဖတ်ဖတ်ကို မောလိုက်တာလေ။ သံမြသာအဖို့ လှုပ်ကို မလှုပ်ချင်တော့ဘူး။ ဒီနေ့မနက်တော့ ဘာမှမလုပ်ဘူး၊ အေးအေးဆေးဆေး နားမယ်ဆိုကာမှ သူငယ်ချင်းမတွေက ရောက်လာပြန်ရော။ ခြံထဲမှာ အေးအေးလူလူထိုင်ရင်း MP-4 နဲ့ ငြိမ့်မယ့်ခံစားမှုကတော့ လုံးဝပျက် သုန်းသွားတာ အမှန်ပါ။ အဲဒီသုံးယောက်က သူတို့မှာ ချမ်းသာကြွယ်ဝတဲ့ လျှာဖျားက ထွက်လာတဲ့စကားလုံးတွေကို မမောတမ်းပြောကြတာဆိုတာ ပြောမနေနဲ့တော့။

သူတို့စကားဝိုင်း အနီးအနားမှာရှိတဲ့ ပန်းအိုးတွေကို ရွှေ့လိုက်၊ ပန်းအိုးတစ်အိုးမှာ ဒန်းပင်ငယ်လေးတစ်ပင်ကို စိုက်နေတဲ့ ဖခင်ဖြစ်သူ ဦးရွှေတောင်ကတောင် လှည့်ကြည့်ရင်း ပြုံးပါသေးရဲ့။

"ဟဲ့ . . . ဘော်နီ . . . သွားသွား၊ ဟိုမှာ မင်းရဲ့သခင်မတို့အဖွဲ့ မင်းလာလို့ စကားဝိုင်းပျက်သွားဦးမယ် . . . ရှူး . . . ရှူး"

ဦးရွှေတောင်က သံမြသာတို့ စကားဝိုင်းနားကိုရောက်လာတဲ့





သံမြသာရဲ့အချစ်တော် ခွေးကလေး'ဘော်နီ'ကို မောင်းထုတ်ပါတယ်။ 'ဘော်နီ'ဆိုတဲ့ ခွေးကလေးက သခင်စကားနားလည်လို့လားမသိ ဆိုဖာဘေး ပြေးဝင်သွားပါတယ်။

"သံမြသာ . . . စောစောက ပြေးထွက်သွားတဲ့ နင့်ခွေးလေးမြင် မှ သတိရတယ်၊ နင်က ခွေးတောင်ဒီလောက်ချစ်တာ၊ နင်တကယ် မြတ်နိုး တဲ့ ကိုယ်ချစ်မျိုးဆို တော်တော်ချစ်မှာပဲလို့၊ ငါတော့ ထင်တယ်"

ဟိုအကြောင်း၊ ဒီအကြောင်း ပြောဆိုနေရင်းက ခွေးကလေး ဘော်နီကိုမြင်ပြီး မျိုးမျိုးသွယ်က သံမြသာအား အချစ်အကြောင်း စကား စလိုက်ပါတယ်။

"ဒါတွေကို လူတွေက ဖွင့်ဆိုတာပါဟာ၊ တကယ်တော့ ကိုယ်တာ ချစ်ရတဲ့ ကိုယ်ချစ်ကလည်း မကောင်းသလို၊ သူကချစ်တဲ့ သူချစ်မှာလည်း မကောင်းဘူး၊ ကိုယ်ချစ်သူချစ်ဖြစ်မှ နှစ်ဦးနှစ်ဖက်စလုံးကောင်းတာ၊ ဒါပေမယ့် ကိုယ်ချစ်သူချစ်က တစ်ယောက်နဲ့တစ်ယောက် နှစ်သက်စုံမက် မြတ်နိုးတာက ကိစ္စမရှိဘူး၊ နှစ်ဖက်မိဘဆွေမျိုး အသိုင်းအဝိုင်းတွေပါ လာရင် အဲဒီနှစ်ယောက်စလုံး ကိုယ်တိုင်ဒုက္ခရောက်တော့တာပဲ၊ အဲဒီ ဒုက္ခတွေက ကိုယ့်အမျိုးကြောင့် ဖြစ်တယ်၊ သူ့အမျိုးကြောင့် ဖြစ်တယ် ဆိုပြီး နောင်ကိုနှလင်မယား အိမ်တွင်းတိုက်ပွဲတွေ ဖြစ်တော့တာပဲ၊ အဲဒါ မျိုးတွေကို ကိုယ်ချစ်သူချစ်နှစ်ယောက်စလုံးက အမြစ်ကစ ချေမှုန်းတိုက် ထုတ်ပစ်ရမှာ"

"သံမြသာရယ် . . . နင့်မှာ ရည်းစားမရှိလို့သာပဲ၊ ပြောလိုက်တာ များ တကယ့်အတွေ့အကြုံရှိတဲ့ အချစ်အဘိဓမ္မာဆရာမကြီးကျနေတာပဲ"

ခင်သန်းဆင့်က သံမြသာကို ချီးကျူးစကားဆိုပါတယ်။

"သံမြသာ . . . နင်က ပြောလို့ပြောတာမဟုတ်ဘူး၊ မနေ့က မင်္ဂလာဆောင်မှာ သတို့သမီးအရန်ဝတ်စုံနဲ့က တော်တော်လှတာ၊ နင်သာ မင်္ဂလာဆောင်ရင် ဒီထက်ကို ပိုလှမှာ"

"ဒီလိုလှတာက မျိုးမျိုးသွယ်၊ နင့်စကားမှာ ကျန်သွားတာရှိသေး တယ်၊ ဘယ်ကမှန်းမသိ ပိုလိုက်တဲ့ သံမြသာသိပ်လိုချင်တဲ့ သစ်ခွပန်း



www.burmeseclassic.com

www.burmeseclassic.com



အနက်ကျားသုံးပွင့် ရင်ဘတ်က အင်္ကျီမှာ ထိုးထားတာ ထည့်ပြောဦးလေ"

"ဟဲ့ . . . ချိုချိုစု၊ တကယ်လို့ အဲဒီမင်္ဂလာပွဲမှာ သံမြသာကို ပဟေဠိလုပ်တဲ့သူသာရှိရင် တော်တော်ကျေနပ်နေမှာနော်၊ ဒါပေမယ့် သံမြသာ . . . နင်အဲဒီလို သတို့သမီးအရန်ချည်းပဲ မလုပ်နဲ့၊ ကျိန်းကြေ တတ်တယ်"

"ကျေမလား၊ မကျေလားတော့ မသိဘူး၊ မနေ့ညကပဲ မမသင်း က ပြောတယ်၊ သူ့ညီမယောက်ျားရဲ့ဖက်က နောက်ထပ်မင်္ဂလာပွဲရှိတယ် တဲ့၊ ငါ့ကို သတို့သမီးအရန်လုပ်ဖို့ ထပ်ကမ်းလှမ်းတာ၊ ငါငြင်းရသေးတယ် ခင်သန်းဆင့်ရေ၊ မင်္ဂလာဆောင်တယ်ဆိုတာက မြန်မာမှုက အမျိုးမျိုးပဲ သိမှကောင်းတာ"

"ဒါက လွယ်ပါတယ်ဟာ၊ မင်္ဂလာဆောင်တွေနဲ့ ပတ်သက်တဲ့ စာအုပ်တွေရှိမှာပဲ ရှာဖတ်ပေါ့ဟဲ့"

"ဘယ်မှာငါက ရှာဖတ်ရမှာလဲ၊ ငါက ဘီသိတ်ဆရာလုပ်စားမှာ မှမဟုတ်တာ မျိုးမျိုးသွယ်ရ"

"မသိပါဘူးဟယ် . . . နင့်ကို သတို့သမီးအရန် ထပ်လုပ်ခိုင်း တယ်ဆိုလို့ပါ"

အဲဒီနောက် သံမြသာတို့တစ်တွေ ဦးရွှေတောင်က ပန်းအိုးထဲမှာ စိုက်နေတဲ့ ပန်းပင်ကိုမေးလို့ သံမြသာက မသိကြောင်း ပြောရပါသေး တယ်။ တော်တော်စပ်စုတဲ့ ဟာမတွေ။

❑

"ငါ့တူတို့ စောင့်နေတာ ကြာပြီလား၊ အန်ကယ်နောက်ကျသွား ရင် ခွင့်လွှတ်ကွာ"

Aroma cafe ထဲကို ဦးရွှေတောင်က ရောက်ရောက်လာချင်း မှာပဲ ဆိုင်ထဲဝင်ဝင်ချင်း နှုတ်ဆက်ရင်းက ပြောလိုက်ပါတယ်။

"သိပ်မကြာသေးပါဘူး အန်ကယ်၊ ဒါ . . . ကျွန်တော်တို့ လူမှု





ရေးအဖွဲ့ဝင်တွေလေ၊ အန်ကယ် မှတ်မိပါတယ်၊ တစ်ခါက စားသောက် ဆိုင်မှာ တွေ့ကြတာလေ၊ အခုတော့ လက်ဖက်ရည်ဆိုင် ဒါပေမယ့် ရည် ရွယ်ချက်ခြင်းတော့ မတူဘူးနော်"

"ဒါပေါ့ မောင်ထည်ဝါရယ်၊ လူဟာ လူထဲမှာနေတော့ လူနဲ့တူ အောင် သူ့နေရာနဲ့သူ ခွဲခြားရတာပေါ့၊ ကဲပါ . . . ရော့ . . . အန်ကယ် ဝေးတို့ကို အန်ကယ့်အဖေမွေးနေ့အတွက် လှူမယ်ပြောတဲ့ ငွေနှစ်သိန်း"

ဦးရွှေတောင်က ပိုက်ဆံအိတ်ထဲမှ ငွေနှစ်သိန်းထုတ်ပေးပါတယ်။

"ကိုကြီးကျော် . . . အန်ကယ့်ကို ကျွန်တော်တို့အဖွဲ့ရဲ့ ဂုဏ်ပြု မှတ်တမ်းလေး ရေးပေးပါဦး"

ကိုကြီးကျော်က သူ့အိတ်ထဲကနေ ကဒ်ပြားကိုထုတ်လိုက်ပြီး . .

"အစ်ကိုကြီးမိသားစုနာမည်လေး ပြောပါဦး"

"ဦးရွှေတောင်နှင့် မိသားစုလို့သာ ရေးလိုက်ပါ၊ လှူတာပဲကွာ . . . ဒါတွေမလိုပါဘူး"

"မဟုတ်ဘူး . . . အစ်ကိုကြီးရဲ့ ကျွန်တော်တို့က သတ်သတ် မှတ်မှတ် အဖွဲ့အစည်းနဲ့ စနစ်တကျလုပ်တယ်ဆိုတာ သိအောင်လို့ပါ"

"ဟုတ်တာပေါ့ . . . ဒါလည်း မှန်တာပဲ"

ဦးရွှေတောင်က ကိုကြီးကျော်ရဲ့စကားကို ထောက်ခံလိုက်ပါ တယ်။ ကိုကြီးကျော်က ထည်ဝါတို့ 'နှလုံးလှ'လူမှုရေးအဖွဲ့မှာ ငွေကိုင်ဆို တော့ ဒီနေ့ကိုကြီးကျော်က မပါလို့မရတာအမှန်။

"တကယ် ကျေးဇူးတင်တယ် အန်ကယ်ရယ်၊ ဒီငွေက တကယ့် ကိုလိုအပ်တဲ့ အရေးတကြီးချို့တဲ့လူတွေအတွက် အသုံးဝင်တာပေါ့၊ ကျွန် တော်သာဓုခေါ်ပါတယ်"

"မောင်ထည်ဝါရယ် . . . လူဆိုတာ လူ့ဘဝကိုရဖို့ လွယ်တာ မှတ်လို့၊ ဒီတော့ ရတဲ့လူ့ဘဝမှာ တန်ဖိုးရှိတဲ့လူဖြစ်အောင် လုပ်ရတာပေါ့"

"အန်ကယ်ပြောမှ ကျွန်တော်စဉ်းစားမိတယ်၊ တစ်ချို့လူတွေက ပြောကြတယ်၊ ဘုံတကာ့ဘုံထဲမှာ လူ့ဘုံသာ အရက်၊ ဘီယာရတယ်ဆိုပြီး အမင်လွယ်လွယ် တန်ဖိုးမထားဘဲ နောက်ပြောင်ကြတာတွေလေ၊ လူ့ဘုံ



www.burmeseclassic.com

www.burmeseclassic.com



ဘဝဟာ တကယ်တော့ တစ်ခြားဘုံဘဝတွေထက် ထူးကဲသာလွန်တဲ့ ကောင်းမြတ်တဲ့ ဂုဏ်သတ္တိတွေ ရှိနေတယ်ဆိုတာကိုမသိဘဲ သူတို့ပျက် ရယ်ပြုကြလို့သာ၊ တကယ်သိရင် ပြောကြမှာ မဟုတ်ဘူး"

"ဟ . . . ငါ့တူစကားကိုတော့ ကြိုက်သွားပြီ၊ အန်ကယ် ကော်ဖီ သောက်ရင်း နားထောင်မယ်၊ ရှင်းပါဦးကွ"

ဦးရွှေတောင်က ထည်ဝါ့စကားကို စိတ်ဝင်စားသွားလို့လားမသိ ကော်ဖီကို တစ်ငုံသောက်ပြီး ပြန်ချထားပါတယ်။

"ဟုတ်တယ်လေ အန်ကယ်ရ၊ လူ့ဘုံဘဝမှာသာ ကောင်းတဲ့ ဂုဏ်သတ္တိငါးမျိုးရှိတာ၊ ကောင်းမှုကုသိုလ်မျိုးစုံ အကုန်လုပ်နိုင်တဲ့ ဂုဏ်သတ္တိ၊ ရဟန်းတော်တွေဖြစ်ထွန်းဖို့ သိမ်ကျောင်းတွေနဲ့ ပြည့်စုံတဲ့ ဂုဏ်သတ္တိ၊ သာသနာတော်ရောင် ထွန်းလင်းတောက်ပတဲ့ ဂုဏ်သတ္တိ၊ နိဗ္ဗာန်ကို သွားရောက်နိုင်တဲ့ ဂုဏ်သတ္တိနဲ့ အလုံးစုံသော စည်းစိမ်ချမ်းသာတွေကို ပေးစွမ်းနိုင်တဲ့ ဂုဏ်သတ္တိတွေရတာ တန်ဖိုးရှိတဲ့ လူ့ဘဝပေါ့၊ နတ်ပြည် က နတ်သား၊ နတ်သမီးတွေ 'စုတေ'ရင်တောင် လူ့ဘဝကို လိုလားတောင့် တကြသေးတာပဲ၊ အဲဒီလို စုတေခါနီးရင် ကျန်တဲ့နတ်သား၊ နတ်သမီးတွေ က စုတေမယ့် နတ်သား၊ နတ်သမီးကို အားပေးစကားသုံးခွန်းပြောရပါ ရောလား၊ ပြောတဲ့စကားက သုံးခွန်းတောင်ရှိတာ၊ အမောင်နတ်သား နတ်သမီးတို့တဲ့ ဒီနတ်ပြည်က စုတေတဲ့အခါ သုဂတိဘုံဖြစ်တဲ့ လူ့ပြည်ကို သွားပါ၊ လူ့ပြည်ရောက်တဲ့အခါ သူတော်ကောင်းတရားဖြစ်တဲ့ သဒ္ဓါတရား ရအောင်ယူပါ၊ ရရှိထားတဲ့ သဒ္ဓါတရားကို ကောင်းစွာတည်ဆောက်ပါ၊ ဘယ်သူလာဖျက်ဖျက် မပျက်စေနဲ့တဲ့၊ ဒါကြောင့် လူ့ဘဝရောက်တုန်း သာသနာတော်နဲ့ ကြုံတုန်းမှာ ဒါန၊ သီလ စတာတွေ ကောင်းမှုပြုသင့် တာပေါ့၊ ဒါမှ လူပုံသဏ္ဌာန်နဲ့တူတဲ့ လူဖြစ်မှာ လူဆိုတာ ကုသိုလ်အညွန့် တလူလူ လွှင့်ထူနိုင်ရမယ်လေ၊ ဒါကြောင့် ကျွန်တော်တို့လည်း လူပီသ အောင် လူမှုရေးလုပ်ငန်းဒါနတွေ လုပ်နေတာပေါ့ အန်ကယ်ရယ်"

"ငါ့တူ . . . မင်းက လူငယ်ဆိုပေမယ့် ဗဟုသုတတော်တော်ရှိ တာပဲ၊ ဒီနေ့ အန်ကယ့်အဖေအတွက် လှူလိုက်ရတာ အန်ကယ်ပီတိဖြစ်





သွားပြီ"

"ကဲ . . . အစ်ကိုကြီး၊ ပီတိဖြစ်ရင်လည်း ဟောဒီကော်ဖီကို ကုန် အောင်သောက်လိုက်ဦး"

ကိုကြီးကျော်က ထည်ဝါ့စကားကို နားထောင်လိုက်ရလို့ ကျေ နပ်နေတဲ့ ဦးရွှေတောင်ကို ပြောပါတယ်။

"ဒီက ကိုယ့်ညီလေးကိုကြည့်ရတာ-အရင်တစ်ခါက အရက်ဝိုင်း ဆိုတော့ စကားသိပ်မပြောဖြစ်ဘူး၊ ကိုယ့်ညီက အရာရှိပုံစံမျိုးပဲ၊ အိမ် ထောင်မရှိသေးဘူးထင်တယ်၊ အစ်ကိုကြီးရှာပေးရမလား၊ ကိုယ့်ညီလေး က သဘောကောင်းမယ့်ပုံပဲ"

ဦးရွှေတောင်ကတော့ ကိုကြီးကျော်ကြားချင်တဲ့ စကားလုံးမျိုး တွေကို ပြောပြီလို့။

"အစ်ကိုကြီးကတော့ ကျွန်တော့်ကို မြှောက်နေပြီ၊ မိန်းမဆိုတာကို ကျွန်တော်က ရေပြင်ကျယ်ထဲက 'ဝဲ'လို့သတ်မှတ်တော့ ကြောက်နေတယ်ဗျ"

"ဟ . . . ဘယ်လိုဖြစ်လို့ 'ဝဲ'ဖြစ်ရတာတုန်း"

"ဟုတ်တယ်လေ အစ်ကိုကြီးရ၊ ဆဲတုဂါမဆိုတဲ့ မိန်းမဟာ ရေ ပြင်ကျယ်မှာရှိတဲ့ 'ဝဲ'နဲ့သိပ်တူတာ၊ မိန်းမရဲ့အချစ်၊ အကြိုက်၊ အမူအနွဲ့၊ မူယာမာယာထဲ ရောက်သွားလို့က အဲဒီယောကျ်ားဟာ ပြန်ပေါ်လာဖို့ မလွယ်ဘူး၊ လူတွေက ငါက ရုပ်လှလို့၊ ပညာတတ်လို့၊ စည်းစိမ်ရှိလို့၊ ငါက တော်လို့ မိန်းမတွေက ငါ့ကိုကြိုက်တာပဲဆိုပြီး အဲဒီ'ဝဲ'ထဲခုန်ချလို့ကတော့ သားကျွေးမှု၊ မယားကျွေးမှု စတဲ့အိမ်ထောင်ရေးတာဝန်တွေနဲ့ 'ဝဲ'ထဲမှာ ပေါ်လိုက်မြုပ်လိုက်နဲ့ ဘဝက ပြီးပြီ"

"အင်း . . . ညီလေးက 'ဝဲ'ကိုကြောက်ပေမယ့် ခုန်ချတဲ့သူတွေ၊ ခုန်ချမယ့်သူတွေ နည်းတာမှတ်လို့၊ ဟုတ်တယ် မဟုတ်လား မောင်ထည်ဝါ"

ကိုကြီးကျော်စကားနားထောင်ပြီး ဦးရွှေတောင်က ထည်ဝါ့ကို ကြည့်ပြီး ပြောရင်းက ရယ်နေပါတယ်။

"အန်ကယ်က ထည်ဝါ့ကိုပြောမှ သတိရတယ်၊ ထည်ဝါ . . . မင်းရဲ့သံမြသာလေ၊ ငါတို့အခန်းထဲက ငါ့သူငယ်ချင်းရဲ့အစ်ကိုမစ်လာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မှာ သူက သတို့သမီးအရန်လုပ်ရတာ တွေ့ခဲ့တယ်တဲ့၊ ငါက မင်းကိုပြောဖို့ မေ့နေတာ"

"မင်းကွာ . . . ပစ်ကြီးရာ အစောကြီးကတည်းက မပြောဘူး"

"ပြောမလို့ဟာ မင်းက မင်းအတွေးနဲ့မင်း ရှိနေတာကိုး၊ ထည်ဝါ . . . မင်းရဲ့သံမြသာက သတို့သမီးအရန်လုပ်စားတော့မလို့နဲ့ တူတယ်"

တစ်ချိန်လုံး ဘာစကားမှမပြောတဲ့ 'ပစ်ကြီး'က ပြောပြီးသွားတဲ့အခါ ဦးရွှေတောင်က . . .

"မောင်ပစ်ကြီးပြောမှ အန်ကယ်အကြံရတယ်၊ မောင်ထည်ဝါ . . . မင်းရဲ့ကောင်မလေးကို ဒီတစ်ခါ မြန်မာ့ယဉ်ကျေးမှုထိမ်းမြားမင်္ဂလာဆောင်တဲ့ စာအုပ်ရှာပေးပေတော့၊ ဒါမှ သူက သူ့သတို့သမီးအရန်လုပ်တာနဲ့ပတ်သက်ပြီး သူစိတ်ဝင်စားတဲ့သူက သိနေပါလားဆိုပြီး ထပ်ဆင့်အံ့သြအောင်ပေါ့ကွာ"

"အန်ကယ်က တော်တော်တွေးတတ်တာပဲ၊ မြင်တတ်တာပဲ"

ဦးရွှေတောင်၏အကြံကို ထည်ဝါသဘောကျသွားပြီး ချီးကျူးတာကို ဦးရွှေတောင်က ကော်ဖီလက်ကျန်ကို သောက်လိုက်ရင်း ပြုံးနေပါတော့တယ်။

❑ ❑ ❑



ဘယ်နေရာကို
ရှောင်တိမ်းစရာရှာရပါ့မလဲ၊
အံ့သြပျော်ရွှင်ဖွယ်ရာတွေက
ကိုယ့်နောက်တော်ပါးကနေ
ထပ်ကြပ်မကွာလိုက်ပါလို့ပါလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ကြုံတောင့်ကြုံခဲ တကယ့်ကို ရှားရှားပါးပါးပဲ။ မိခင်ဒေါ်ပန်းဝတ်မှုန် နဲ့သံမြသာ အတူတူ,သားအမိနှစ်ယောက် shopping မထွက်မိတာ တော် တော်ကြာပြီ။ ဒီနေ့မှပဲ စင်တာထဲမှာ အိမ်အတွက် လိုအပ်တာတွေ ဝယ် ရတော့တယ်။ ပြီးတော့ သံမြသာမိခင်က သံမြသာကို အင်္ကျီအဝတ်အစား ဝယ်ပါဦးဆိုလို့ အင်္ကျီဆိုင်ကနေ နှစ်ထည်ဝယ်ရပါသေးတယ်။ နေ့လယ်စာ ကိုလည်း သားအမိနှစ်ယောက်သား စင်တာထဲက ဆိုင်မှာပဲ စားဖြစ်တယ်။

"သမီး . . . သမီးကို မာမီမေးရဦးမယ်၊ မိန်းမသားချင်း ပွင့်ပွင့် လင်းလင်းပေါ့။ မာမီနဲ့ သမီးနဲ့က တစ်အိမ်တည်းနေပေမယ့် စကားမပြော ဖြစ်ကြဘူးလေ၊ မာမီ့မှာက ဆေးရုံကိစ္စတွေကော အပြင်ဆေးခန်းတွေမှာ ပါ အချိန်ပိုင်းဝင်ရဆိုတော့ အခုမှပဲ မေးရတော့မယ်"

တစ်ခါဖူးမှ မိခင်ဖြစ်သူ ဒီလောက်စကားပလ္လင်ခံတာ မကြုံဘူး လို့ သံမြသာက သူ့မရဲ့မိခင်ဒေါ်ပန်းဝတ်မှုန် ဘာပြောမလဲဆိုတာ နား စွင့်မိပါတယ်။

"သမီးက ဒီနှစ်နောက်ဆုံးနှစ်ဆိုတော့ စာမေးပွဲအောင်ရင် ဘွဲ့ ရပြီ၊ ဒီတော့ တက္ကသိုလ်မှာ သမီးရည်းစားကော ရနေပြီလား၊ ပြောနော် . . . ဘာမှလျှို့ဝှက်မထားနဲ့၊ သမီးရည်းစားကို မာမီကော ဒယ်ဒီကပါ





အကဲခတ်ပြီး ဆုံးဖြတ်ပေးမယ်"

"မာမီရယ် . . . ဘာများလဲလို့၊ သမီးမှာ ရည်းစားတော့ မရှိပါ ဘူး၊ ဒါပေမယ့် စိတ်ဝင်စားစရာမျိုးတော့ ရှိတယ်"

"သမီးက ဘာကိုဆိုလိုချင်တာလဲ"

"ဒီလို မာမီရဲ့၊ သမီးကြိုက်တဲ့ ပီကေဗူးလိုက်ကို သမီးမသိအောင် သမီးရဲ့ကျောင်းသွားတဲ့အိတ်မှာ သားရေပင်နဲ့ လာချည်ထားတာ၊ မင်္ဂလာ ဆောင်မှာ သတို့သမီးအရန်လုပ်တုန်းက သမီးလိုချင်နေတဲ့ သစ်ခွပန်း အနက်ကျားသုံးပွင့်ကို ပုလင်းထဲထည့် ပါကင်ထုပ်ပြီး ပေးတာမျိုးတော့ ကြုံရတယ်၊ အဲဒါ ဘယ်သူက ပို့တာလဲတော့ မသိဘူး၊ သေချာတာ အဲဒီ ပို့တဲ့သူကတော့ သမီးကို စိတ်ဝင်စားနေသူပဲ ဖြစ်ရမှာ၊ အခုချိန်မှာ သမီး သိချင်တာက အဲဒါဘယ်သူလဲဆိုတာပဲ"

ဒေါ်ပန်းဝတ်မှုန်က သံမြသာစကားဆုံးတဲ့အခါ . . .

"ဒီခေတ် သမီးတို့လိုလူငယ်တွေရဲ့ ချစ်ခွင့်ပန်တာ၊ ရည်းစား ထားတာတွေက မာမီတို့လိုက်မမီတော့ဘူး၊ မေတ္တာတောင်းခံနည်းတွေက ရှုပ်ရှင်၊ ဗွီဒီယို၊ ဝတ္ထု သိပ်ဆန်တာ၊ တုပမှုတွေ မြတ်တာပေါ့၊ သမီးရယ် . . . တကယ်တော့ ကိုယ်ယူမယ့်လူဟာ ကိုယ့်ကိုတန်ဖိုးထားပြီး မျိုးရိုး ကောင်းဖို့ပဲ လိုတာပါ၊ ဒါပေမယ့် သမီးကိစ္စက ဒီမှာပြီးမှာ မဟုတ်သေး ဘူး၊ ဒါနဲ့ သမီးရဲ့ဒယ်ဒီကိုကော ပြောပြသေးလား"

"မပြောပြဘူး-မာမီ၊ ဘာမှမဟုတ်သေးလို့ပါ"

"ဒါဖြင့်ရင်လည်း နောက်ထပ်ဘာတွေဘယ်လို ကြုံလာမလဲဆို တာ မာမီ့ကိုတော့ ပြော၊ ကဲ . . . ဒါဆို သွားရအောင်၊ သမီးရဲ့ဒယ်ဒီ ဂေါက်သွားရိုက်မယ်ပြောတယ်"

သံမြသာတို့ သားအမိနှစ်ယောက် စကားစကိုဖြတ်ရင်းမှ ကျသင့် ငွေကိုပေးပြီး စင်တာထဲကနေ ထွက်လာကာ ကားရပ်နားသော ပါတင် ဆီသို့ လာခဲ့ပါတယ်။

"သမီး . . . ဒီမှာ ခဏစောင့်ဦး၊ ဟိုမှာဆေးရုံက မေမေ့သူငယ် ချင်းဆရာဝန်ကြီး ဘာလာဝယ်လဲ မသိဘူး၊ သွားနှုတ်ဆက်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပန်းဝတ်မှုန်က ကားနားမှာ သံမြသာကိုထားခဲ့ရင်း ထွက်သွားပါတယ်။ သံမြသာက စင်တာကနေ ဝယ်လာတဲ့ အသုံးအဆောင်တွေ ကားနောက်ခန်းထဲထည့်နေတုန်းမှာပဲ ကားရပ်နားရာနေရာမှ ဝန်ထမ်းက လက်ထဲမှာ ပါကင်ထုပ်ထားတဲ့ အထုပ်တစ်ထုပ်ကိုကိုင်ပြီး သံမြသာအနား ရောက်လာပါတယ်။

"ရော့ . . . အစ်မ၊ မိန်းမလျာတစ်ယောက်က ကျွန်တော့်ကို အစ်မရဲ့ဓါတ်ပုံပြတယ်၊ ဒီကားပိုင်ရှင်အစ်မလာရင် ပေးဒီပါဆယ်ထုပ် ပေးပေးပါတဲ့၊ ကျွန်တော့်ကိုတောင် ပြောသွားတယ်၊ ဘာမှမဟုတ်ပါဘူးတဲ့၊ စာအုပ်ပါတဲ့၊ လက်ဖက်ရည်ဖိုးဆိုပြီး ငွေသုံးထောင်ကို မယူပါဘူးဆိုတာ တောင် အတင်းပေးသွားတယ်"

"လာပို့တာ ဘယ်လောက်ကြာသွားပြီလဲ"

"ဆယ့်ငါးမိနစ်လောက်ပဲ ရှိမယ်"

"ပေးခဲ့လေ . . . ရပြီ၊ ကျေးဇူးပါပဲ"

ကားရပ်ထားတဲ့နေရာမှာ တာဝန်ကျတဲ့ ဝန်ထမ်းက ထွက်သွားပါ တယ်။ ဒီပါကင်ထုပ်ကိုပေးတဲ့ မိန်းမလျာက သူမနဲ့ မိခင်ဖြစ်သူတို့ စား သောက်ဆိုင်ထဲမှာ စားရင်းသောက်ရင်း စကားကောင်းနေတာကို လေ့လာ ပြီးမှ ဒီလိုပေးသွားတာပဲ ဖြစ်မယ်လို့။ သူမကို ဖုန်းနဲ့ခိုးရိုက်ပြီး ဓါတ်ပုံဆိုင် မှာသွားကူးတာ သေချာပြီလို့၊ သူမပုံတွေ ဘယ်လောက်တောင် ကူးထား သလဲမသိဆိုပြီး စိုးရိမ်သွားရင်းက ပါကင်ထုပ်ကို ဖြည်လိုက်ပါတယ်။

"ဟယ်! . . . မြန်မာ့ယဉ်ကျေးမှု ထိမ်းမြားမင်္ဂလာအကြောင်း စာအုပ်ပါလား၊ ဒီမှာလည်း စာရွက်ခေါက်ပါလား၊ အရင်အတိုင်းလိုပါပဲ လား"

သံမြသာတစ်ယောက်တည်း ပြောရင်းက စာရွက်ခေါက်ကိုဖြည် ပြီး ဖတ်လိုက်ပါတယ်။

> သတို့သမီးအရန် ထပ်လုပ်ဦးမှာလား။ သတို့သမီးအရန် ထပ် လုပ်ဦးမယ်ဆို အခုပေးပို့လိုက်တဲ့ စာအုပ်ကို ဖတ်လိုက်ပါ။ မင်း





> အတွက် စိတ်ဝင်စားစရာတွေ ဖြစ်လာမှာပါ။ ဒါဟာ တတိယ အကြိမ်မြောက်ပေးပို့တာဆိုတော့ ကိုယ်ဘယ်သူလဲဆိုတာ မင်း သိချင်နေလောက်ပြီ ထင်ပါရဲ့!!!

သံမြသာသိချင်စိတ်ကို မျိုသိပ်မထားနိုင်တော့ပါ။ သူမတို့သူငယ် ချင်းမတွေ အိမ်မှာပြောကြတဲ့စကားကို တစ်ယောက်ယောက်ကမှား၊ အခြား လူတစ်ယောက်ကို ပြန်ပြောပြီး ကိုယ့်အတွင်းလူက အောင်သွယ်ပေးနေ သလားဆိုပြီး မျိုးမျိုးသွယ်ဆီ ချက်ချင်းဖုန်းဆက်ပါတယ်။ သူမလက်ထဲ ပါကင်ထုပ်ပြီး ရောက်လာတဲ့ "မြန်မာ့ယဉ်ကျေးမှုထိမ်းမြားမင်္ဂလာ" စာအုပ် အကြောင်းနဲ့ပတ်သက်ပြီး စတင်ပြောခဲ့တာက မျိုးမျိုးသွယ်ဖြစ်နေလို့ပါ။

"မျိုးမျိုးသွယ် . . . နင့်ကို ငါမေးမယ်၊ မှန်မှန်ဖြေနော်၊ နင် ငါတို့အိမ်မှာ သူငယ်ချင်းတွေစုပြီး စကားပြောတဲ့နေ့က သတို့သမီးအရန် ငါလုပ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး နင်ကတောင် ပြောသေးတယ်လေ၊ မင်္ဂလာ ဆောင်တာနဲ့ပတ်သက်တဲ့ စာအုပ်တွေ ရှာဖတ်ဆိုတာလေ၊ အဲဒါ အခု ငါ့မာမီနဲ့ စင်တာမှာ ဈေးဝယ်ထွက်ပြီးအပြန် ကားပါကင်ရောက်တော့ ကားစောင့်တဲ့ဝန်ထမ်းက မိန်းမလျာတစ်ယောက်က လာပေးတာပါဆိုပြီး ငါ့ကို ပါဆယ်ထုပ်တစ်ထုပ် လာပို့တယ်၊ ဖွင့်ကြည့်တော့ မြန်မာ့ယဉ်ကျေးမှု ထိမ်းမြားမင်္ဂလာနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာ ရေးထားတဲ့ ဗေဒင် ဆရာဒေါက်တာမြတ်သစ်ရဲ့စာအုပ် ဖြစ်နေတယ်"

"ဟဲ့ . . . သံမြသာ၊ ငါတို့တစ်တွေ နင့်အိမ်မှာ စကားပြောတော့ ငါက မင်္ဂလာဆောင်တာနဲ့ပတ်သက်လို့ သိသင့်တယ်လို့ ပြောတာမှန်ပေ မယ့် အဲဒီစကားက နိုးနိုးပြောတာ၊ အဲဒီမှာပဲ ပြောတာ၊ ဘယ်မှာမှ မပြော ဘူး၊ ဒီကိစ္စကို ငါလည်း စိတ်ဝင်စားသွားပြီ၊ နင့်ဆီပို့တဲ့လူက စနစ်တကျ လေ့လာအကွက်ချပြီးမှပို့တာ၊ ကျန်တဲ့လူတွေဆီ ငါဖုန်းဆက်ပေးမယ်၊ ပြီးရင် နင့်ဆီပြန်ဆက်မယ်"

ဖုန်းထဲက လေသံအရ မျိုးမျိုးသွယ်တစ်ယောက် သူ့ကိုစွပ်စွပ်



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ဖွဲ့ပြောလို့ ဒေါသထွက်သွားပုံရပါတယ်။ အသံတွေကို တုန်နေပါတယ်။

မှိုးမှိုးသွယ်ကလည်း သူ့မဟုတ်ဘူးဆိုပြီးပြောတော့ ချိုချိုစုလား။ ခင်သန်းဆင့်တို့ထဲက တစ်ယောက်ယောက်လား ဥစ္စာပျောက်ငရဲရောက် ဆိုသလိုမျိုး သံမြသာစိတ်ထဲမှာ သို့လောသို့လော ဖြစ်နေပါတယ်။

"သမီး . . . လက်ထဲမှာ ဘာစာအုပ်လဲ၊ စောစောတုန်းက မာမီ မတွေ့မိပါဘူး"

အသိဆရာဝန်ကြီးကို သွားရောက်နှုတ်ဆက်ပြီး ကားနားရောက် လာတဲ့ ဒေါ်ပန်းဝတ်မှုန်က မေးလိုက်တော့ . . .

"မာမီ . . . သမီးကားမောင်းရင်းနဲ့မှပဲ မာမီ့ကို ရှင်းပြတော့မယ်။ ဒီစာအုပ်ဘယ်ကနေ ဘယ်လိုရလာသလဲဆိုတာ၊ ကဲ . . . သွားရအောင် မာမီ . . . ကားပေါ်တက်"

ရှေ့ကားခေါင်းခန်းတံခါးကို ဖွင့်ဝင်ထိုင်လိုက်ပြီး သံမြသာကား သော့ကိုဖွင့်ပြီး စက်နှိုးစဉ်မှာပင် ကားပါကင်ရှိရာသို့ ထည်ဝါနှင့်အတူ သူ့မမိခင်နှင့် သက်တူရွယ်တူလောက်ရှိမည့် ရုပ်ရည်သန့်သန့်နှင့် အမျိုး သမီးတစ်ဦးယှဉ်တွဲ၍ လာနေသည်ကို တွေ့ရသည်။ ထည်ဝါ့လက်ထဲမှာ လည်း ဈေးဝယ်လာသည်ထင်ပါရဲ့။ ပစ္စည်းတွေထည့်ထားသော အိတ် နှစ်လုံးကို လက်ကဆွဲထားသည်။ ကြည့်ရတာ သူ့မကို မြင်ပုံမပေါ်။ ထည်ဝါ နှင့်ပါလာတာ သူ့မိခင်ဖြစ်လိမ့်မည်လို့။ ကားကို စင်တာထဲကနေ မောင်း ထွက်သွားရင်း သံမြသာစဉ်းစားမိပါရဲ့။ ဒီလိုပဟေဠိဖြစ်စရာကြုံရသည့် သုံးခါစလုံးမှာ မထင်မှတ်ဘဲ ထည်ဝါ့ကို တွေ့တွေ့နေရတာ ကြုံကြိုက် တိုက်ဆိုင်လှချည်လားလို့။ ဒီအကြောင်းကိုတော့ အိမ်ရောက်လျှင် သူငယ် ချင်းမတွေကို ဖုန်းဆက်ရဦးမယ်ဟုပြောရင်းက သူ့မမိခင်ကို စောစောက ပါဆယ်ထုပ်လာပို့တဲ့ အကြောင်းနဲ့ပတ်သက်ပြီး ရှင်းပြလို့နေပါတယ်။

❑

ဒီတစ်ခါလည်း ပစ်ကြီးကို ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။ သံမြ





သာနဲ့သူ့အမေ စင်တာမှာ ဈေးလာဝယ်တာကို စင်တာထဲမှာ ဈေးဝယ် နေတဲ့ ပစ်ကြီးက မြင်မြင်ချင်းမှာ ဖုန်းလှမ်းဆက်လို့ ထည်ဝါက ကူးထားတဲ့ သံမြသာဓါတ်ပုံတစ်ပုံကိုယူ ပါကင်အဆင်သင့်ထုပ်ထားတဲ့ ပါကင်ထုပ်နဲ့ လမ်းထိပ်ကို အမြန်ပြေးပြီး အလှပြင်ဆိုင်က မာမီတင့်ကို သံမြသာဓါတ်ပုံ ပြရင်း အကူအညီအမြန်တောင်းရပါတယ်။ ပစ်ကြီးဆီကို သံမြသာတို့ ကားရပ်ထားတဲ့နေရာနဲ့ ကားနံပါတ်ကိုပြောဖို့ ဖုန်းပြန်ဆက်၊ ပစ်ကြီးက လည်း ချက်ချင်းဆိုသလိုစုံစမ်းပြီး ဖုန်းထဲကပြော၊ သူက မာမီတင့်ကို မှတ်ခိုင်းပြီး သံမြသာတို့ ဈေးဝယ်တဲ့စင်တာကို အမြန်လွှတ်လိုက်ရပါတယ်။

ထည်ဝါကလည်း မိခင်ဖြစ်သူကို ချက်ချင်းဆိုသလို စင်တာမှာ အကျီလိုက်ဝယ်ပေးဆိုပြီး မပူဆာစဖူး ပူဆာကာ စင်တာကို ကားမောင်း ပြီး အမြန်ခေါ်လာခဲ့လို့ မိခင်ဖြစ်သူကတောင် ထူးခြားတယ်လို့ ထင်နေပါ ရဲ့။ စင်တာထဲရောက်တော့ ပစ်ကြီးနဲ့ ဖုန်းအချိန်းအချက်လုပ်ပြီး အားလုံး အိုကေပြီဆိုမှ သံမြသာတို့ ကားရှေ့ကနေ ထည်ဝါက သူ့မိခင်နဲ့ မသိချင် ယောင်ဆောင်ပြီး ဖြတ်လျှောက်ခဲ့၏။ အမြန်ဆင်လိုက်ရတဲ့ 'ခွင်'ဆိုပေမယ့် ကွက်တိကျသွားပါတယ်။ နက်ဖြန်မှာတော့ ပစ်ကြီးကို ကောင်းကောင်း မြုံစုရပါဦးမယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်လှှင့်ထုတဲ့
ကိုယ့်အလံတော်ဆိုတာ
ကိုယ့်စံယူချက်ပါ။
ကိုယ့်အလံတော်ဆိုတာ
သူတစ်ပါးအထင်ကြီးမှုတွေနဲ့
ခပ်နှိပ်ထားတာ လုံးဝမဟုတ်။

## အခန်း (၁၈)

"နင်တို့ အခုလိုရှင်းပြတော့လည်း နင်တို့မဟုတ်တာ သေချာတော့ပြောရမှာ ခက်တော့ခက်သား၊ ကြုံကြိုက်တိုက်ဆိုင်ရအောင်ကလည်း သုံးခါတောင်ဆိုတော့ ဒီမေးခွန်းတွေအတွက် အဖြေကတော့ ရှိကိုရှိရမယ်"

Mr Poem ဆိုင်ထဲမှာ မနေ့က ကိစ္စကို သံမြသာက မျက်နှာချင်းဆိုင်တွေ့ဆုံစကားပြောကြည့်တဲ့အခါ သူတို့မျက်နှာတွေမှာ ဘာကိုမှ ဖုံးကွယ်ထားတာ မတွေ့ရသဖြင့် စဉ်းစားမရဖြစ်နေပါတယ်။

"သံမြသာ တစ်ခုထူးခြားတာက နင်အဲဒီလို ပဟေဠိဆန်တဲ့ ကိစ္စနဲ့ကြုံရတိုင်း ထည်ဝါကို တစ်နည်းမဟုတ်တစ်နည်း တွေ့ရတာကကော"

မထင်မှတ်ဘဲ ချိုချိုစုက မေးလိုက်တော့ . . .

"ငါလည်း အဲဒါပြောချင်နေတာ၊ 'သင်း'နဲ့က ဘယ်လိုရေစက်ပြောရမလဲ မသိဘူး၊ ဆုံပဲဆုံတတ်နိုင်လွန်းတယ်၊ တကယ့်ကို လုပ်ယူတဲ့အတိုင်းပဲ"

"သံမြသာ . . . ဒါနဲ့ နင့်ဆီပို့လိုက်တဲ့ စာအုပ်ကိုကော နင်ဖတ်ကြည့်သေးလား"

"အစပိုင်းတော့ နည်းနည်းဖတ်ကြည့်ပြီးပြီ ခင်သန်းဆင့်ရဲ့ အဲဒီစာအုပ်ဖတ်မှပဲ တကယ်တမ်း မြန်မာဆန်ဆန်မင်္ဂလာဆောင်မယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



နည်းတဲ့အစီစဉ်တွေ မဟုတ်ဘူး။ ဒီက တော်တော်များများက မင်္ဂလာပွဲတို့ အချိန်ကုန်သက်သာအောင် လုပ်ကြလို့သာပဲ၊ ဒီစာအုပ်ထဲကအရနဆိုရင် မိုးရာမလေ့ထုံးတမ်းတွေကို လိုက်နာမှုမရှိဘဲ ခေတ်မီအောင် သိနားလည်မှုမရှိဘူးဖြစ်မယ်၊ လောကီထုံးတမ်းအစဉ်အလာတွေကို မထိမဲ့မြင်ပြုမယ်ဆို အမင်္ဂလာကို လက်ယပ်ခေါ်တာနဲ့ တူတယ်တဲ့၊ ထုံးတမ်းစဉ်လာ မင်္ဂလာကိစ္စတွေမှာက ခုနစ်ရက်သားသမီးတွေ သိအပ်လိုက်နာတဲ့ ကောလဟာလ ငါးပါး၊ မင်္ဂလာသုံးဆယ့်ရှစ်ပါး၊ မင်္ဂလာရှစ်ပါး၊ လောကီမင်္ဂလာဆယ့်နှစ်ပါး အဘိသိက်မင်္ဂလာဆယ့်နှစ်ပါး၊ ကေတုဟမင်္ဂလာဆယ်ပါး၊ ထိမ်းမြား မင်္ဂလာဆယ်ပါးဆိုပြီး ရှိတယ်ဟ၊ အဲဒီထဲမှာမှ လက်ထပ်မင်္ဂလာဆိုတာ ကြီးကျယ်ခမ်းနားတယ်ဆိုပြီး ရေးသားထားတာ၊ ကျန်တာတွေကိုတော့ ငါဆက်မဖတ်ရသေးလို့ မသိဘူး"

"ဒါဆို နင်သတို့သမီးအရန်လုပ်ဖို့ ဝိုပြီးကောင်းသွားတာပေါ့ စာအုပ်ပို့တဲ့သူကို ကျေးဇူးတောင် တင်ရဦးမယ်"

မျိုးမျိုးသွယ်က သံမြသာရှင်းပြတာကို နားထောင်ရင်း စကား ပြန်ပြောလိုက်ရင်းမှ ဆိုင်ထဲဝင်လာသူတွေကို လှမ်းကြည့်ပြီး . . .

"သံမြသာရေ . . . နင်က မင်္ဂလာကိစ္စပြောနေတဲ့အချိန် ဟိုမှာ ဆိုင်ထဲကို နင့်အချစ်တော်ကြီး ထည်ဝါတို့အုပ်စု ဝင်လာပါလား"

"ဟဲ့ . . . မျိုးမျိုးသွယ်၊ လက်က ဆွဲလာတာ သက်နှင်းထည့်ထား တဲ့ အိတ်ပါလား"

ချိုချိုစုက မျိုးမျိုးသွယ်ကိုပြောတဲ့အခါ ကျန်တဲ့ခင်သန်းဆင့်ကပါ ကြည့်လိုက်ပေမယ့် သံမြသာကတော့ အကြည့်ကို တစ်ဖက်လွှဲလိုက်ပါ တယ်။

ထည်ဝါ၊ ပစ်ကြီးနဲ့ အေးသိန်းတို့ကတော့ သံမြသာတို့ အနီးနား မှာရှိတဲ့ စားပွဲဝိုင်းမှာ ဝင်ထိုင်ပါတယ်။

"ဟော့ကောင်တွေ မြန်မြန်မှာကွာ၊ စားတာ သိပ်မကြာစေနဲ့၊ ဆရာ တော်နယ်ပြန်မကြွခင် သွားကပ်ရမှာ၊ အိမ်က အမေကတောင် လိုက်ချင် နေတာ . . . မအားလို့"





"အဲဒါက ကိစ္စမရှိပါဘူးကွာ၊ မင်းကလည်း သင်္ကန်းကို သွားရင်း နဲ့ဝယ်လို့ရတာပဲ၊ အခုဟာက လက်ကတကိုင်ကိုင်နဲ့ တော်ကြာ စရိတ်ကြီး ဘာကြီး ဖြစ်နေဦးမယ်"

"ကြီးလည်း မတတ်နိုင်ဘူး ပစ်ကြီးရေ၊ ငါတို့အခန်းမှာ သင်္ကန်း တိုက်က ကျောင်းသားရှိတယ်၊ သူ့ကိုမှာလိုက်တာ၊ သူက ကျောင်းကိုယူ လာပေးလို့ အခန်းထဲမှာထားပြီး သယ်လာရတာ"

ပစ်ကြီးက မှာစရာရှိတာများကို မှာလိုက်ပါတယ်။

"ထည်ဝါ . . . မင်းဒီလောက်နဲ့ မရဘူးနော်၊ မနေ့က ငါ့ကိုပေး ထားတဲ့ ကတိရှိသေးတယ်၊ အဝကျွေးရမှာ"

ပစ်ကြီးစကားကြောင့် ထည်ဝါဘေးဘီကို အမြန်ကြည့်လိုက်ရင်း-

"ငါသိတယ် ပစ်ကြီး . . . မင်းမရှုည်နဲ့၊ ဒါအကြိုသဘောကျွေး တာမှတ်"

ပစ်ကြီးမှာလိုက်တဲ့ လက်ဖက်ရည်သုံးခွက်နဲ့ ပေါက်စီတစ်ပွဲလာ ချပေးလို့ ထည်ဝါတို့လည်း ဘာမှမပြောဘဲ စားနေပါတယ်။ စားနေရင်းနဲ့ အေးသိန်းက . . .

"ထည်ဝါရာ . . . တို့ကသာ သင်္ကန်းကို ဘုန်းကြီးတွေသွားလှူ တာ၊ သူတို့မှာ ဝတ်စရာသင်္ကန်းတွေက ပေါလို့၊ တစ်ချို့ဆို ဘုန်းကြီးကျောင်း တွေမှာ သင်္ကန်းလာပြန်ဝယ်တဲ့ လူတွေကို ပြန်ပြန်ရောင်းနေကြတာ၊ ဒီလောက်များတဲ့ သင်္ကန်းတွေရှိရဲ့သားနဲ့ လူတွေက လှူကြတာပဲနော်"

"အေးသိန်း . . . မင်းပြောတဲ့စကားက လှူတဲ့လူမှာ အဲဒီစိတ် ရောက်ရင် အပြစ်ဖြစ်မယ် . . . မပြောကောင်းဘူး"

"ဘာဖြစ်လို့ မပြောကောင်းတာလဲကွ"

"မပြောကောင်းဆို ဒီလိုအတွေးမျိုး မြတ်စွာဘုရားရှင်လက်ထက် တော်က ရှင်အာနန္ဒာလည်း ကြုံခဲ့ရဖူးတယ်"

ထည်ဝါ့စကားကြောင့် ပစ်ကြီးစားလက်စကို ဆက်မစားတော့ဘဲ-

"လုပ်စမ်းပါဦး . . . မင်းက ဘုရားရှင်ခေတ်တွေဘာတွေ ရောက် သွားပါလား၊ ထည်ဝါ . . . တခါတလေ မင်းဆီက ဆန်းဆန်းပြားပြား



www.burmeseclassic.com

www.burmeseclassic.com



လေးတွေကြားရတာ လုပ်စမ်းပါဦး၊ နားဆင်ရတာပေါ့"

"ပစ်ကြီးကော အေးသိန်းရော မှတ်ထား၊ အလှူခံပစ္စည်း အသုံး အစွဲမှာ သုံးစွဲရတဲ့သူက ဘယ်လောက်တာဝန်ကြီးတယ်မှတ်လဲ၊ မြတ်စွာ ဘုရားရှင်လက်ထက်က သာဝတ္ထိဘုရင် ကောသလမင်းကြီးရဲ့ မိဖုရားတွေ ကို ကောသလမင်းကြီးက ပုဆိုးငါးရာလှူတယ်၊ အဲဒီအချိန်မှာ ရှင်အာနန္ဒာ က နန်းတော်ထဲမှာ မိဖုရားတွေကို တရားပြသင်ကြားတော့ မိဖုရားတွေက ဂုဏ်ကျေးဇူးကို အောက်မေ့ပြီး ရှင်အာနန္ဒာကို ပြန်လှူတယ်၊ မိဖုရားတွေ က ဝတ်နေကျအဝတ်အတိုင်း ဘုရင်ထံခစားတော့ ဘုရင်က သူပေးတဲ့ အဝတ်အထည်တွေ ဘယ်ရောက်လို့လဲမေးတော့ မိဖုရားတွေက လှူလိုက် တယ်လို့ပြောတယ်၊ ဒီတော့ ကောသလမင်းကြီးက စဉ်းစားတယ်၊ ပုဓိုးတင် ဒုကုဋ်သင်္ကန်း၊ ကိုယ်ဝတ်ဧကသီ၊ ခါးဝတ်သင်းပိုင်ဆိုပြီး သင်္ကန်းသုံးထည် သာ ရဟန်းတို့ကိုခွင့်ပြုတာ ဒီလောက်များတဲ့ သင်္ကန်းတွေကို ရှင်အာနန္ဒာ က ရောင်းစားဖို့ပဲ ဖြစ်မယ်ဆိုပြီး ရှင်အာနန္ဒာသီတင်းသုံးတဲ့ ဇေတဝန် ကျောင်းတော်လိုက်သွားတယ်၊ စောစောက အေးသိန်းတွေးပုံနဲ့ ခပ်ဆင် ဆင်မျိုးပေါ့ကွာ"

ထည်ဝါက စကားကိုရပ်လိုက်ပြီး လက်ဖက်ရည်တစ်ငုံကို သောက် လိုက်တယ်။ ပြီးမှ . . .

"ဇေတဝန်ကျောင်းတော်ရောက်တော့ ရှင်အာနန္ဒာကို ဘုရား သခင်က ရဟန်းတို့ကို သင်္ကန်းသုံးထည်သာ ခွင့်ပြုတာ၊ ဘာဖြစ်လို့ သင်္ကန်း ငါးရာအလှူခံရသလဲပေါ့၊ ဒီတော့ ရှင်အာနန္ဒာက သင်္ကန်းသုံးထည်ထက် ပို၍ အလှူခံတာကို ဘုရားရှင်က တားမြစ်ခြင်းမရှိဘူးတဲ့၊ အဲဒီလို အလှူခံ တာ သူ့အတွက်မဟုတ်ဘဲ သင်္ကန်းဆင်းရဲတဲ့ ရဟန်းတွေကို ဝေငှဖို့လို့ မိန့်တယ်၊ ဒီတော့ ဘုရင်က မေးပြန်တယ်၊ ဒီလိုသင်္ကန်းအသစ်ကိုရရင် သင်္ကန်းအဟောင်းကို ရဟန်းတွေက ဘာလုပ်သလဲတဲ့၊ ဒီတော့ ရှင်အာနန္ဒာ က ဒုကုဋ်သင်္ကန်းဟောင်းရင် ကိုယ်ဝတ်ပြုတယ်တဲ့၊ ကိုယ်ဝတ်ဟောင်းတဲ့ အခါမှာ ခါးဝတ်(သင်းပိုင်)ပြုတယ်၊ ခါးဝတ်ဟောင်းတဲ့အခါ အိပ်ရာခင်း လုပ်တယ်၊ အိပ်ရာခင်းဟောင်းတဲ့အခါ မြေအခင်းပြုတယ်၊ မြေအခင်း





ဟောင်းရင် ခြေသုတ်ပြုတယ်၊ ခြေသုတ်ဟောင်းတာတောင်မှ သူတစ်ပါး သဒ္ဓါ၍ လှူတဲ့ပစ္စည်းဖြစ်တဲ့အတွက် အဲဒီခြေသုတ်ဟောင်းကို ပဲကွပ်နဲ့စဉ်း ပြီး မြေနှင့်နယ်ပြီး ဘုန်းကြီးကျောင်းဝင်းအတွင်းမှာ မြေကျင်းလိမ်းကျံ ခြင်းကို ပြုရတယ်ဆိုပြီး သင်္ကန်းတစ်ထည်ကို အလှူခံရလာတဲ့အခါ ရဟန်း ဟာ ဘယ်လိုအကျိုးရှိအောင် သုံးစွဲရသလဲဆိုတာကို ရှင်းပြတယ်၊ သင်္ကန်း တစ်ထည်အလှူခံရလာလို့ ရဟန်းတစ်ပါးဟာ ဘယ်လိုမှ အလဟသသုံးစွဲ လို့ မရဘူး၊ တန်ဖိုးရှိအောင် အသုံးချရတယ်ဆိုတာ ကောသလမင်းကြီး လည်း သဘောပေါက်ပြီး ဝမ်းမြောက်သွားတယ်၊ ဒီတော့ စောစောက အေးသိန်းက မသိလို့ပြောတာသိတော့ သင်္ကန်းလှူတာ ဘယ်လောက် အကျိုးရှိလဲ၊ ကဲ . . . ငါလည်း ရှင်းပြပြီးပြီ၊ စားစရာရှိတာ စား . . . သွား ရအောင်"

ထည်ဝါက ရှင်းပြပြီးတော့ စားလက်စများကို သုံးယောက်သား စားကြပြီး ပိုက်ဆံရှင်းကာ သင်္ကန်းထည့်ထားသော အိတ်ကိုလက်ကဆွဲပြီး ဆိုင်ထဲကနေ ထွက်သွားပါတယ်။

"သံမြသာ ကြားလား၊ ငါတို့တော့ ပိုင်းချင်းကပ်လို့ နားစွင့်နားဖျား ကြားတာနဲ့တင် ထည်ဝါကို အထင်ကြီးချင်စိတ်ပေါက်သွားပြီ၊ သူ့မှာ ဘာသာတရားယုံကြည်မှုတော့ ရှိတယ်ဟ"

"ဟုတ်တယ် ခင်သန်းဆင့်၊ ဒါကြောင့်လည်း လူတွေ့ရင် ကူညီ ချင်တဲ့စိတ်မျိုးဖြစ်ရင်းက အလွဲတွေဖြစ်တာ ဖြစ်ရမယ်"

မျိုးမျိုးသွယ်က သူမထင်မြင်ချက်ကို ပြောပါတယ်။ ဒါပေမယ့် သံမြသာက နားထောင်ရတာ နားထဲနားဝင်မချိုလို့လား မသိပါ။

"နင်တို့ကလည်း ဒါလေးပြောတာနဲ့များ ချီးကျူးနေလိုက်တာ၊ သူ့ဖာသာသူ လူအထင်ကြီးအောင် အိမ်မှာ အလွတ်ကျက်ထားပြီး လာ ပြောတာများဟာ"

"သံမြသာ . . . နင်က သူ့ကိုကြည့်မရတိုင်း လျှောက်ပြောမနေ နဲ့ ဟိုက ဒီဆိုင်ထဲလာတာ နင်ရှိမှန်းဘယ်လိုလို့ သိမှာလဲ၊ သူ့သူငယ်ချင်း တမေးလို့ သူဖြေတာပဲဟာ၊ တစ်ခါတလေ လူတွေကိုမုန်းသော အကြည့်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဘဲ ချစ်သောအကြည့်နဲ့ ကြည့်ကြည့်စမ်းပါဟယ်"

"ဟဲ့ . . . ချိုချိုစု၊ အဲဒီလောက်တောင် သူ့ကိုအထင်ကြီးရင် သူ့နောက်လိုက်သွားပြီး ထပ်ပြောခိုင်းပါလား"

"အေး . . . တွေ့ရင် ပြောကိုခိုင်းဦးမှာ၊ အခုတော့ ပိုက်ဆံကို နင်ရှင်း၊ တစ်မနက်လုံး နင့်အမေးတွေ သည်းခံရတာ၊ ပြီးရင်သွားမယ်"

သံမြသာလည်း စားပွဲထိုးခေါ်ပြီး ကျသင့်ငွေကိုရှင်းကာ စာသင်ခန်းဖက် ပြန်လာခဲ့ပါတယ်။

ပြောမယ့်သာပြောတာ ထည်ဝါပြောသွားတာက သူမတောင် မသိခဲ့လို့ ဗဟုသုတတော့ ရသားလို့။

❑

"ထည်ဝါ . . မင်းက ငါတို့ကို သက်န်းလှူတဲ့အကြောင်း ရှင်းပြနေတာ၊ ငါအကဲခတ်မိသလောက်ပြောရရင် ကျန်တဲ့လူတွေက မင်းစကားပြောတာကို မသိမသာ နားထောင်နေပေမယ့် သံမြသာကတော့ မင်းကို လှည့်တောင်မကြည့်၊ ဂရုတောင် မစိုက်ဘူး၊ တော်တော်မေတ္တာထားပုံရတယ်"

အေးသိန်းက ဘုန်းကြီးကျောင်းသက်န်းလှူဖို့ ကားမောင်းသွားနေတဲ့ ထည်ဝါကိုပြောတော့ . . .

"အဲဒါက မင်းထင်တာ၊ ငါထင်တာ ပြောရရင် တမင်တကာ ဟန်ဆောင်နေတာ ဖြစ်ရမယ်၊ သူ့အမူအရာက မုန်းတဲ့ပုံစံမဟုတ်ပါဘူး ကွာ၊ ကေန္တမဟုတ်မှသာလွဲမယ်၊ မနေ့က ငါပို့လိုက်တဲ့ ပဟေဠိအတွက် သူတို့သူငယ်ချင်းတွေ ခေါင်းစားနေတာ ဖြစ်ရမယ်"

"ဟော့ကောင် ထည်ဝါ၊ မင်းကတိအတိုင်း ဒီနေ့ ငါ့ကိုပြုစုရမှာနော်၊ ငါအစွမ်းကုန်ကူညီထားတာ ဒီနေ့လည်း သံမြသာတို့နဲ့က တွေ့ဖြစ်အောင်တွေ့သေး"

"ပစ်ကြီး . . . မင်းတွေ့တာက ကိစ္စမရှိဘူး၊ ဆိုင်ထဲမှာ မင်းပြောတဲ့စကား ငါမနည်းလွှဲပစ်ရတယ်၊ တော်ကြာ . . . သံမြသာတို့ ဒိတ်ပေါက်





သွားရင် ပွဲကပြီးပြီ"

ပစ်ကြီးပြောတဲ့စကားကို ပြန်ပြောရင်း ထည်ဝါက ကားကိုဆက်မောင်းရင်းက တစ်စုံတစ်ခုသော မြင်ကွင်းကိုမြင်လို့ ကားရပ်လိုက်ပါတယ်။

"အန်ကယ် . . . ကားက ဘာဖြစ်လို့လဲ"

ရပ်ထားတဲ့ကားကို စက်ဖုံးဖွင့်ပြီး ဟိုနှိုက်ဒီနှိုက် နှိုက်နေတဲ့ ဦးရွှေတောင်ကို တွေ့လိုက်ရလို့ ထည်ဝါက ကားကိုရပ်လိုက်ပြီး ကားပေါ်က ဆင်းလာရင်းက မေးလိုက်ပါတယ်။

"ဘာဖြစ်သွားမှန်း မသိပါဘူး မောင်ထည်ဝါရယ်၊ အခုလေးတင် ဝပ်ရှော့ဆရာကို ဖုန်းဆက်ခေါ်ထားတယ်၊ ဒါနဲ့ ငါ့တူက ဘယ်လဲ၊ အထဲမှာလည်း မောင်ပစ်ကြီးနဲ့ မောင်အေးသိန်းပါလား"

"ဘုန်းကြီးကျောင်းမှာ သက်န်းသွားလှူမလို့ အန်ကယ်ရ၊ ကျွန်တော့်အမေတောင် လိုက်ဦးမလို့၊ ကျောင်းကလာလို့ မလိုက်ဖြစ်တာ အန်ကယ်ရာ၊ အန်ကယ်ကော လိုက်ခဲ့ပါလား၊ ကျွန်တော်တို့လှူတာ အန်ကယ်ပါ တရားနာရလို့ ကုသိုလ်ရတာပေါ့၊ နောက်တစ်ပတ်မှာလည်း ကျွန်တော်တို့အဖွဲ့ အလှူရှိသေးတယ်၊ ပိရဟိတကျောင်းမှာ"

ထည်ဝါ့စကားကြောင့် ဦးရွှေတောင်က ထည်ဝါ့ကိုကြည့်လိုက်ပြီး ကျေနပ်သွားပါတယ်။

"ဒါဆို ငါ့တူ ခဏလောက်စောင့်ပါလား၊ ဝပ်ရှော့ဆရာလာခါနီးပါပြီ၊ သူလာရင် သူ့ဖာသာသူကြည့်ပြီး အန်ကယ့်ကားကို ဝပ်ရှော့ယူသွားချင်ယူသွားလို့ရအောင် သော့ပေးလိုက်မယ်၊ စောင့်နိုင်တယ် မဟုတ်လား"

"ရပါတယ် အန်ကယ်ရဲ့"

"အင်း . . . ဒီနေ့ခေတ်လူငယ်တွေဟာ ကိုရီးယားယဉ်ကျေးမှုကို အတုခိုးနေကြတယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေဟာ မယဉ်ကျေးကြတော့ဘူး၊ မိဘက ဆိုဆုံးမလို့မရ ဖြစ်ချင်တာ ဖြစ်နေကြတာပဲလို့ ပြောတဲ့သူတွေ ဘာကိုမျက်လုံးစုံမှိတ်ပြီးတော့ ပြောနေကြသလဲ မသိဘူး မောင်ထည်ဝါတို့လိုမျိုး ဘာသာရေးအဆိုဆုံးမတွေ ယုံကြည်သက်ဝင်သူတွေလည်း ရှိကြတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ အန်ကယ်ရယ်၊ အန်ကယ်စောစောကပြောတဲ့ လူငယ်တွေဆိုတာက လူငယ်အားလုံးကို ကိုယ်စားမပြုပါဘူး၊ လူတန်းစားတစ်ရပ်ထဲကိုသာ ကိုယ်စားပြုတာပါ။ လူငယ်တွေရဲ့ရင်ထဲ နှလုံးသားထဲမှာ ပြည်သူလူထုကောင်းစားရေးအတွက်ကော အမျိုးဘာသာ,သာသနာအတွက် ထိန်းသိမ်းစောင့်ရှောက်လိုမှုတွေ ရှိပါတယ်၊ လုပ်ခွင့်မရသေးလို့ ဖြစ်ပါလိမ့်မယ်၊ ခေတ်က အခုမှ တံခါးပွင့်လာတာ မဟုတ်လား"

"မှန်တာပေါ့ ငါ့တူရယ်၊ ငါ့တူကိုတော့ အန်ကယ်တောင် လေးစားချင်လာပြီ၊ ဪ . . . ငါ့တူ . . . အန်ကယ့်အကြံပေးတဲ့အတိုင်းကော လုပ်သေးလား"

"လုပ်တာပေါ့ အန်ကယ်၊ အမယ်လေးဗျာ . . . ပစ်ကြီးကောင်းလို့ အန်ကယ်ရေ၊ ဒီညမှပဲ အန်ကယ့်ကိုတောင် ဖုန်းဆက်မလို့၊ ဒီလို အန်ကယ်ရ × × × × × × × × × × × × × × × × × × ×"

ထည်ဝါက မနေ့ကဖြစ်တဲ့ကိစ္စကို အသေးစိတ်ပြောပြတာကို ဦးရွှေတောင်က စိတ်ဝင်တစားနဲ့ နားထောင်ပါတယ်။

"ဟ . . . ငါ့တူရာ၊ မင်းပြောတာက ရုပ်ရှင်ပြကွက်တွေအတိုင်းပဲ၊ ရင်သိမ့်တုန်စရာပဲကွ၊ နောက်ထပ် မင်းကို အန်ကယ်ဘာထပ်ညွှန်ရရင် ကောင်းမလဲ မသိဘူး"

"ဒီနေ့တော့ လမ်းမညွှန်နဲ့တော့ အန်ကယ်၊ ကျွန်တော့်အန်ကယ် စေတနာစော်ကားတာ မဟုတ်ဘူးနော်၊ အန်ကယ်ကော ကျွန်တော်တို့ပါ ကောင်းမှုကုသိုလ်သွားလုပ်မှာဆိုတော့၊ ဒီသူတစ်ပါးက အာယ်သူဘယ်ဝါဆိုပြီး သံသယဝင်စဉ်းစားရမယ့် ကိစ္စအတွက် ကျွန်တော်တို့စိတ်မှာ ဖြူဖြူစင်စင်ရှိတော့မှာ မဟုတ်ဘူး၊ အပြစ်ရနေပါ့မယ်"

"မှန်တာပေါ့ ငါ့တူ၊ မင်းတော်တယ်ကွာ"

ဦးရွှေတောင်က ထည်ဝါ့ပုခုံးကိုကိုင်ပြီး လေးစားတဲ့အမူအရာနဲ့ ပြောပြီးတဲ့အချိန်မှာပဲ ဝပ်ရှော့က လူရောက်လာလို့ ဦးရွှေတောင်က မှာစရာရှိတာမှာပြီး ထည်ဝါတို့နဲ့အတူ ဘုန်းကြီးကျောင်းမှာ သက်န်းကပ်ဖို့ လိုက်ပါလာခဲ့ပါတော့တယ်။

ကြယ်ပွင့်စာပေ

တိုင်တန်းနစ်မင်းသား 'လီယိုနာဒိုဒီကာပရို'
နှစ်ရှည်လများတွဲလာတဲ့ချစ်သူကို
ပစ်ပယ်စွန့်ခွာသွားတာ ဘာဖြစ်လဲ။
ဘောလုံးသမားရော်နယ်ဒိုလေး
မန်ယူနဲ့ရိုးယဲကို ချစ်ခွေတာလား
ဒါက သူ့ကိစ္စပဲဟာ။
ခေတ်မမီတဲ့သူတွေက
ခနနဲ့လကို ပစ်ပယ်ချင်သတဲ့လား ...။
မင်းနဲ့ကိုယ့်ကမ္ဘာမှာ
ခနဲ့ညရှိရင် ပြည့်စုံတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ကိုကြီးကျော်တစ်ယောက် မိန်းမ,မယူဘဲ လူပျိုကြီးလုပ်နေလို့သာ မိန်းမသာယူလို့ကတော့ ဟင်းချက်ထမင်းချက်ကောင်းတဲ့ သူ့လက်ရာကို စွဲနေမှာပဲလို့။ ဒီနေ့မိဘမဲ့ပရဟိတဘုန်းကြီးကျောင်းမှာ ထည်ဝါတို့ နှလုံးလှ လူမှုရေးအဖွဲ့က မိဘမဲ့ကလေးငယ်တွေနဲ့ ကျောင်းမှာ သီတင်းသုံးတဲ့ သံဃာတော်ငါးပါးကို အုန်းထမင်း၊ ကြက်သားဟင်း၊ ငံပြာရည်ကြော်နဲ့ ချဉ်ပေါင်ရွက်ခရမ်းသီးအရည်သောက်ကို အာဟာရဒါနအဖြစ် လှူဒါန်းတာ ထည်ဝါတို့အဖွဲ့ဝင်တွေ မနက်ကတည်းက ဒိုင်ခံချက်တဲ့ ကိုကြီးကျော်နဲ့ အဖွဲ့ဝင်သုံးယောက်ကို ဝိုင်းကူညီလုပ်ကိုင်ပေးနေရတာ ဆရာတော်တွေကို ဆွမ်းကပ်မိဘမဲ့ကလေးတွေကို ထမင်းကျွေးမယ့်အချိန်တောင် ရောက်ခါနီးနေပါပြီ။

"ဒီနေ့ . . . နေ့လယ်မှာ မင်းတို့လိုပဲ အဖွဲ့တစ်ဖွဲ့လာဦးမယ်၊ သူတို့က မိန်းကလေးများတယ်၊ ဒီကျောင်းက ကလေးတွေနဲ့ အတူတူ ဆော့တယ်၊ မုန့်တွေ၊ စာအုပ်တွေကော အကျီတွေပါပေးတာ"

ကလေးတွေအတွက် ထမင်းစားဆောင်မှာ ထမင်းပွဲဟင်းပွဲပြင် နေသော ထည်ဝါတို့ကို ဘုန်းကြီးကျောင်းမှ ကပ္ပိယကြီးက ပြောပါတယ်။

"ကောင်းတာပေါ့ ဦးရယ် . . . ကလေးတွေက မနက်ပိုင်းမှာ





အရသာကောင်းကောင်းနဲ့ စားရပြီး ဝမ်းအဟာရဖြစ်သလို နေ့လယ်ပိုင်း ကျတော့လည်း သူတို့နဲ့ဆော့မယ့်သူတွေ ရောက်လာတော့ စိတ်အဟာရ ဖြစ်တာပေါ့"

ထည်ဝါက ကပ္ပိယကြီးရဲ့စကားကို ပြန်ပြောပြီးတဲ့အချိန်မှာပဲ ထမင်းပွဲဟင်းပွဲတွေ ပြင်ဆင်ပြီးသွားလို့ ကပ္ပိယကြီးက ခေါင်းလောင်း ခေါက်လိုက်ပါတယ်။ ကလေးငယ်တွေက ထမင်းစားဆောင်ထဲ တန်းစီပြီး ဝင်လာကြပါတယ်။ သူ့နေရာသူထိုင်ကာ ဆုတောင်းပြီး မနက်စာအုန်း ထမင်းနဲ့ ကြက်သားဟင်းကို အားပါးတရစားကြပါတယ်။ တစ်ခါတလေမှ စားရရှာလို့လား မသိပါ။ စကားတောင် မပြောနိုင်ဘဲ စားကြတာ ထမင်း လိုက်ပွဲထည့်ပေးသူတိုင်း လက်မလည်နိုင်အောင်ပါပဲ။

"ဟော . . . ကလေးတွေနဲ့ အတူတူဆော့မယ့်သူတွေ လာကြပြီ ထင်ရဲ့"

ကပ္ပိယကြီးက ပရဟိတဘုန်းကြီးကျောင်းဝင်းထဲဝင်လာတဲ့ ကား လေးစီးကိုကြည့်ပြီး ပြောလိုက်ပါတယ်။ ထည်ဝါတို့တစ်တွေလည်း လုပ် နေကိုင်နေရာကနေ တစ်ချက်လှမ်းကြည့်ပြီး ကိုယ့်အလုပ်ကိုယ် ဆက်လုပ် နေပါတယ်။

"ဒကာလေးတို့ကို ဒီကအဖွဲ့နဲ့ မိတ်ဆက်ပေးမလို့"

ထမင်းစားဆောင်ထဲကို ကျောင်းထိုင်ဆရာတော်က ဆွမ်းဘုန်း ပေးပြီးသွားလို့လားမသိ၊ အမျိုးသမီးအဖွဲ့ကို မိတ်ဆက်ပေးဖို့ ခေါ်လာ ပါတယ်။

"ဩော် . . . ရှင်တို့ကိုး"

"ဩော် . . . ခင်ဗျားတို့ပါလား"

ထည်ဝါတို့ကော သံမြသာတို့ပါ ဒီလိုမျိုးတွေ့ဆုံရလိမ့်မယ်လို့ ဘယ်သူကမှ ထင်ထားကြလိမ့်မယ်မထင်။ အခုတော့ တိုက်တိုက်ဆိုင်ဆိုင် လာဆုံရတယ်လို့။

"ဒကာလေးတို့နဲ့ ဒကာမလေးတို့က သိနေကြတာကိုး၊ ကောင်း တာပေါ့ . . . လူမှုရေးအကျိုးတွေ ဒီထက်သယ်ပိုးနိုင်ပါစေ၊ ကဲ . . .



www.burmeseclassic.com

www.burmeseclassic.com



ပြောကြဆိုကြဦး"

ကျောင်းထိုင်ဆရာတော်က မိန့်ကြားပြီး ထမင်းစားဆောင်ထဲက နေ ထွက်သွားပါတယ်။

"ရှင်တို့အဖွဲ့က ဖွဲ့ထားတာ ဘယ်လောက်ကြာပြီလဲ"

သံမြသာက စမေးပါတယ်။

"တစ်နှစ်ကျော်ပြီ၊ နှလုံးလှလူမှုရေးအဖွဲ့ဆိုပြီး ဖွဲ့ထားတာ၊ သာရေးတင်မကဘူး နာရေးကောပဲ၊ အားလုံးက လူငယ်တွေများတယ်၊ လစဉ်ကြေးကို တစ်လတစ်ခါကောက်ပြီး လိုအပ်တဲ့နေရာတွေမှာ လိုသလို သုံးတာပေါ့ဗျာ"

"ကျွန်မတို့လည်း ဖွဲ့ထားတာ သိပ်မကြာသေးဘူး၊ နိုင်သလောက်ပေါ့၊ အမိကပြောရရင်တော့ မိဘမရှိတဲ့ ကလေးသူငယ်တွေကို သူတို့နဲ့အတူ အားတဲ့အချိန်တွေမှာ လာဆော့ပေးတယ်၊ မုန့်၊ ဆေးဝါး၊ စာရေးကိရိယာ၊ အဝတ်အထည် လှူတယ်၊ အေအိုင်ဒီအက်စ်ရောဂါရတဲ့ ကလေးတွေကိုလည်း နှစ်သိမ့်အားပေးပြုစုယုယတယ်"

"ကောင်းတာပေါ့ဗျာ . . . ဒီလိုအလုပ်မျိုးတွေက ဘုရားလည်းကြိုက်၊ နတ်လည်း ကြိုက်တဲ့ အလုပ်မျိုးတွေပါ"

"ကျွန်မက အစက ရှင့်ကို နောက်ပြောင်တဲ့သူ၊ ပေါ့ပေါ့နေတဲ့သူလို့ ထင်ထားတာ"

"ကျွန်တော်လည်း ဘာထူးလို့လဲ၊ ခင်ဗျားကို ခပ်စွာစွာလို့ ထင်ထားတာပဲ၊ ကျေပြီပေါ့ဗျာ၊ ကျွန်တော့်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ်"

ထည်ဝါက သူ့အဖွဲ့တွေနဲ့ သံမြသာတို့အဖွဲ့တွေကို မိတ်ဆက်ပေးပါတယ်။ ပစ်ကြီး၊ အေးသိန်းတို့က သံမြသာရဲ့သူငယ်ချင်းမတွေနဲ့ မျက်မှန်းတန်းမိတာဖြစ်လို့ ချက်ချင်းဆိုသလို ခင်မင်သွားကြပါတယ်။ အဲ . . . ပြောစရာရှိတာက ကိုကြီးကျော်ပါ။ တက္ကသိုလ်က ဆရာမအပျိုကြီးမမသင်းနဲ့ မိတ်ဆက်ပေးပြီးမှပဲ ထည်ဝါတို့အဖို့ မှားပြီလို့။

"ဆရာမတို့အဖွဲ့ ကျွန်တော့်ရဲ့လက်ရာကို စားရမယ်နော်၊ မရှ





ဘူးနော် . . . ငြင်းမယ်မကြံနဲ့၊ ယောက်ျားတွေလည်း အချက်အပြုတ်မှာ ဘယ်လောက်တော်သလဲဆိုတာ မချီးကျူးဘဲ မနေနိုင်ဖြစ်သွားရမယ်၊ ဒါတောင် MRTV 4 ကလုပ်တဲ့ Cooking Master မှာ ဝင်မပြိုင်သေးလို့ ပြိုင်လို့ကတော့လား ကိုယ်ချည်းပဲ ဆုရရင် အခြားလူတွေကို သနားလို့၊ ဟင်းချက်ထမင်းချက်တာကလည်း အနုပညာပဲ၊ ဒီအနုပညာမှာဆို . . ."

"ကိုကြီးကျော် . . . တစ်ဖက်ကိုလည်း အားနာပါဦးဗျာ၊ ဟိုက ဗိုက်ဆာနေသလားမသိ၊ စွတ်တင်နေတော့တာပဲ၊ ကိုကြီးကျော်က ဖိတ်တဲ့လက်စနဲ့ ကိုယ်တိုင်သာ ဦးစီးပြီး သွားပြင်ပေးပေတော့"

ထည်ဝါက 'ပေရှည်'နေလို့ ကိုကြီးကျော်ကို 'ဆင်ဆာ' လုပ်လိုက်ရပါတယ်။

"အေးပါကွာ၊ ကဲ . . . ဒီက ဆရာမတို့အဖွဲ့လာ ဘာမှအားမနာနဲ့နော်၊ လှူတာကို အဝသာစား"

"မစားမှာ မပူနဲ့ စိတ်ချ၊ ကျွန်မတို့ ဝိုင်းစားပေးမယ်၊ မမသင်းတစ်ယောက်တည်းကိုပဲ စေတနာပိုလို့ မရဘူး"

"ဟုတ်ပါဘူးဗျာ . . . အားလုံးကို ပြောတာပါ"

ကိုကြီးကျော်ကို မျိုးမျိုးသွယ်က စလိုက်တာ ရှက်သွားလို့လား ကျေနပ်လို့လား မသိ၊ သွားကြီးကို ဖြီးလို့။

သံမြသာတို့အဖွဲ့ ထမင်းဟင်းချက်ကောင်းတဲ့ ကိုကြီးကျော်အပါအဝင် ထည်ဝါတို့အဖွဲ့ကို မချီးကျူးဘဲ မနေနိုင်ပါ။ စေတနာပါလို့လား မသိ၊ တော်တော့်ကို အရသာရှိလို့နေပါတယ်။

"ကိုကြီးကျော် . . . အခုမှဆုံပေမယ့် ပြန်မနေနဲ့ဦး၊ ကိုကြီးကျော်တို့အဖွဲ့ပါ သင်းတို့နဲ့အတူ ကလေးတွေနဲ့ ကစားပေး၊ လူအင်အားများတော့ ပိုကောင်းတာပေါ့"

"ရပါတယ် ဆရာမရယ်၊ ကုသိုလ်ဆိုတာ ဒီလိုပဲ မျှယူရတာပေါ့၊ တစ်ယောက်တည်းလည်း ဒီကုသိုလ်ပဲဟာ"

မမသင်းဆိုတဲ့ အပျိုကြီးနဲ့ ကိုကြီးကျော်ဆိုတဲ့ လူပျိုကြီးတို့တော့ တွေ့ကြပြီလို့။ ဒီပွဲက သူတို့အတွက် ဖူးစာများ ဖြစ်မလားမသိပါ။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ပါ . . . ကလေးတွေနဲ့အတူတူ ဆော့ကစားရတာ ကိုယ်တိုင်ကလေးဘဝကို ပြန်ရောက်သွားသလိုပါပဲ။

ဒါ့အပြင် ထည်ဝါတို့ သံမြသာတို့ခမျာ ကိုကြီးကျော်နဲ့ ပစ်ကြီးတို့တစ်တွေ 'ဘုတ်တလုတ်တောက်တဲ့' ကလေးတွေနဲ့ကစားတာ မျက်လုံးကိုပိတ်ပြီး ဟိုရိုက်ဒီရိုက်လုပ်တာ ကလေးတွေမပြောနဲ့ သူတို့တောင်မရယ်ဘဲ မနေနိုင်ပါ။ အဲ . . . မမသင်းတောင် တစ်ခါဖူးမှ ဒီလိုမျိုးမရယ်ဘူးတာ ဒီနေ့တော့ ဣန္ဒြေကြီးဆဲ့ အပျိုကြီးချာန်လျှောတော့တာပါပဲ။

❑

သံမြသာတစ်ယောက် ခါတိုင်းလည်း လူမှုရေးအလှူကိစ္စတွေလှူတာပါပဲ။ ဒါပေမယ့် ဒီနေ့လောက် မပျော်ရဘူးလို့ ထင်နေမိပါတယ်။ ဒီနေ့မှ ဘယ်လိုဖြစ်လို့ သူမနဲ့မတည့်တဲ့ သူနဲ့မှ တွေ့ဆုံရပြီး ကိုယ်တွေလိုမျိုး လူမှုရေးအကျိုးပြုလုပ်ငန်းတွေ လုပ်နေရသူတွေ ဖြစ်နေရပါသလဲလို့။

သံမြသာဆင်ခြင်မှုတစ်ခု အမှန်တရားတစ်ခုကို ဒီနေ့မှာ သူမကိုယ်တိုင် လက်တွေ့သိလိုက်ရပါတယ်။

လူတစ်ယောက်ကို ပြင်ပပုံပန်းသဏ္ဌာန်ကိုသာကြည့်ပြီး လူတစ်ယောက်ရဲ့ အတွင်းစိတ်သဏ္ဌာန်အားမသိဘဲ ကောက်ချက်ချလိုက်တော့ ဘဝမှာ အမှားဖြစ်ဖို့က များနိုင်တယ်ဆိုတာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒီနေ့ကြုံရတဲ့ အဖြစ်အပျက်တွေကို အိမ်ရောက်ရင်တော့ ပြန်ပြောပြမယ်လို့ ဆုံးဖြတ်ရင်း ကားကိုတောင် ကိုဒေါ်ထဲမထည့်နိုင်ပါ။

ဖြစ်ချင်တော့ ဧည့်ခန်းထဲမှာ ဖခင်ဖြစ်သူကော မိခင်ဖြစ်သူကိုပါ တွေ့ရပါတယ်။

"သမီးပြန်လာပြီလား၊ လာ . . . ထိုင်ပါဦး၊ ဒီနေ့ သမီးကြည်နူးတာ တစ်စုံတစ်ခုကို ကျေနပ်နေသလိုပဲ"

ဦးရွှေတောင်က သမီးဖြစ်သူရဲ့ အမူအရာကို အကဲခတ်ပြီး မေး





လိုက်ပါတယ်။

"ကျေနပ်တာ မဟုတ်ဘူး ဒယ်ဒီရေ၊ အကဲခတ်မှားခဲ့တာ"

"သမီးရဲ့စကားက ဘယ်လို၊ ဒယ်ဒီတော့ နားမရှင်းဘူး"

"ဒီလို ဒယ်ဒီရေ၊ ဒယ်ဒီ့ကို သမီးပြောဖူးတယ်လေ၊ ကျောင်းမှာမိုးမိတုန်းက သမီးကို ထီးလိုက်ပေးတာ၊ ထမီမှာ အချဉ်ရည်တွေပေတုန်းက သူ့အပေါ်အင်္ကျီကို လိုက်ပေးတယ်ဆိုတဲ့ ကျောင်းသားလေ၊ သမီးကတောင်စိတ်ဆိုးဒေါသထွက်တာလေ၊ သူက တကယ်တော့ သမီးတို့လိုမျိုး ပရဟိတလုပ်နေတာ၊သူတို့အဖွဲ့က နှလုံးလှလူမှုရေးအဖွဲ့တဲ့၊ ဒီနေ့ ဘုန်းကြီးကျောင်းမှာ သွားဆိုတာ ဒယ်ဒီရ × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×"

သံမြသာ ကျေနပ်ပီတိမှုတွေနဲ့ ပြောနေတာကို ဦးရွှေတောင်ကောဒေါ်ပန်းဝတ်မှုန်ပါ ကြည်နူးလို့မဆုံး ဖြစ်နေပါတယ်။

"သမီး . . . သမီးပြောပုံအရဆို အပျိုကြီးသင်းသင်းစွဲတော့မယ့်ပုံပဲနော်၊ ဖူးစာဆိုတာ အဲဒါဖြစ်မှာပဲ"

"စွဲတာ ကောင်းတာပေါ့ မိန်းမရှေ့ သင်းသင်းက တော်ကြာပဲသွေးဆုံးတော့မှာ"

"ကိုရွှေတောင် ကလေးရှေ့မှာ ဘာပေါက်ကရတွေ လျှောက်ပြောနေတာလဲ၊ ဒါ ဖအေတစ်ယောက်က ပြောရမယ့်စကားလား၊ သင်းသင်းကြားသွားရင် ရှင့်ကို အထင်သေးဦးမယ် . . . ရှင်ဟာလေ"

ဒေါ်ပန်းဝတ်မှုန်က အလိုမကျ ဒေါသထွက်သလို လေသံမျိုးနဲ့ပြောတာကို ဦးရွှေတောင်က ပြုံးလိုက်ရင်း . . .

"သမီးနဲ့မတည့်ဘူးဆိုတဲ့ ကျောင်းသားက သမီးတို့မိတ်ဆက်ကြပြီးတော့ ဘာတွေပြောသေးလဲ"

"ပြောတာပေါ့ ဒယ်ဒီရဲ့၊ အခုလို အချိန်အခါမျိုးမှာ လူငယ်တွေတစ်ရာရာခိုင်နှုန်းမှာ ရာခိုင်နှုန်းငါးဆယ်လောက်က လူမှုရေးနယ်ပယ်အသီးသီးမှာ ပရဟိတလုပ်ငန်းကျရာတာဝန်တွေကို ထမ်းဆောင်ကြမယ်ဆိုရင် နိုင်ငံတော်အတွက် တော်တော်အကျိုးရှိမှာပဲတဲ့၊ သူတို့အဖွဲ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်တွေလည်း ပြောပြတယ်၊ သမီးတို့အဖွဲ့မှာ လိုအပ်တာရှိရင်လည်း ပြောပါ၊ ကူညီမယ်၊ အကြံပေးမယ်တဲ့"

"ကောင်းတာပေါ့ သမီးရဲ့၊ ဒါမင်္ဂလာရှိတဲ့ စကားပဲ"

ဦးရွှေတောင်စိတ်ထဲကနေ ထည်ဝါစိတ်ဓါတ်ကို လေးစားနေမိပါတယ်။ သူစိတ်ဝင်စားတဲ့သူကို တွေ့နေရတာတောင်မှ ခပ်ရေးရေးမျှ သူ့ဆန္ဒကို ရှေ့တန်းမတင်လို့ပါ။

"ကဲ . . . သမီး၊ ငါ့သမီးလေးက ဒီနေ့ပျော်လာခဲ့တာဆိုတော့ မာမီက စကားတစ်ခွန်းပြောရမှာ ပြောမထွက်ဘူး"

"ဘာစကားမို့လို့လဲ မာမီရယ်"

ဒေါ်ပန်းဝတ်မှုန်က ပြောသင့်မပြောသင့် ဦးရွှေတောင်ကို လှမ်းကြည့်လိုက်တာ ဦးရွှေတောင်က ဆက်ပြောခိုင်းတဲ့ အမူအရာမျိုး ပြလိုက်ပါတယ်။

"ဒီလိုကွဲ့၊ သမီးသိပ်ချစ်တဲ့ ခွေးလေးဘော်နီလေ ဒီနေ့ခြံနောက်ဖေးမှာ ပြေးလွှားဆော့ရင်း မြွေပေါက်ခံရလို့ သေသွားတယ်၊ သမီးလေးမြင်ရင် စိတ်မကောင်းဖြစ်မှာစိုးလို့ မာမီတို့ မြေမြှုပ်လိုက်တယ်"

"ဘော်နီလေး မြွေပေါက်ခံရလို့ သေပြီ . . . ဟုတ်လား"

ရုတ်တရက် သံမြသာမျက်ဝန်းမှာ မျက်ရည်တွေ ကျဆင်းလာပါတယ်။

"မာမီတို့ သိတာပေါ့၊ ဒီခွေးလေးကို သမီးဘယ်လောက်ချစ်တယ်ဆိုတာ၊ မောင်နှမသားချင်းမရှိတဲ့ သမီးအဖို့ ဒီအိမ်မှာ ဘော်နီလေးကို အဖော်လိုလုပ်ပြီး နေလာခဲ့တာ၊ သူ့ကံပေါ့ သမီးရယ်"

သံမြသာက သူမမိခင်ဒေါ်ပန်းဝတ်မှုန်ရင်ခွင်ကြားထဲ ပြေးဝင်ပြီး ကလေးတစ်ယောက်လိုမျိုး ငိုလိုက်ပါတယ်။ ခွေးကလေးဘော်နီကို သူမရဲ့အဒေါ်က လက်ဆောင်အဖြစ် ဝယ်ပေးခဲ့တာ သူမအဖို့ အိမ်မှာ ဆွေမျိုးသားချင်းတစ်ဦးလို၊ အဖော်လိုမျိုး ဖြစ်ခဲ့လို့ပါ။

သမီးဖြစ်တဲ့သူ ငိုနေတာကိုကြည့်ပြီး ဦးရွှေတောင် ဘာလုပ်ရရင် ကောင်းလေမလဲလို့ တစ်စုံတစ်ခုကို နက်နက်နဲနဲ စဉ်းစားနေမိပါတယ်။





သမီးသံမြသာကတော့ သူ့အဖော်ဆုံးရှုံးသွားတာ ဒီလောက်တော့ ငိုခွင့်ရှိတာပေါ့။

◻ ◻ ◻

www.burmeseclassic.com

www.burmeseclassic.com

ကျည်ကာအင်္ကျီတွေ အထပ်ထပ်ဝတ်
စွန့်ကိုယ်ဘေးရန်လုံခြုံပါသလား
လူ့ဘဝမှာ စွဲမက်စရာတွေက
ရတာကော၊ မရနိုင်တာတွေပါ ရှိပါတယ်။
တစ်ကိုယ်ရေတစ်ကာယကျန်းမာရေးကို
ငွေကြေးဘယ်လောက်နှင့် ဝယ်လို့ပါလဲ။
ဘီလျံနာသူဌေးကြီးလည်း မရောင်းပါ
သူဆင်းရဲသားလည်း မရောင်းပါ
တစ်ကိုယ်ရေတစ်ကာယကျန်းမာရေးဆိုတာ
ကိုယ်တိုင်ပြုစုပျိုးထောင်စိုက်ရတဲ့
ဥတုသုံးပါးစံအပင်ပဲ ဆိုပါတော့။

## အခန်း (၂၀)

နှလုံးအထူးကုဆရာဝန်ကြီးက မရောက်လာသေးလို့ လူနာနဲ့ သူ့ဆွေမျိုးနှစ်ဦးရယ် ကိုကြီးကျော်နဲ့ အေးသိန်းကိုထားခဲ့ပြီး ထည်ဝါဗိုက်ဆာလို့ အထူးကုဆေးရုံဝင်းထဲမှာ ဖွင့်ထားတဲ့ စားသောက်ဆိုင်ဖက်ကို ထွက်လာပါတယ်။ ကျောင်းကပြန်လာလာချင်းမှာ ဗိုက်ဆာဆာနှင့် တစ်ခုခုစားမယ်လုပ်တုန်း အေးသိန်းက ရောက်ချလာပါတယ်။ ရပ်ကွက်ထဲက ငွေကြေးနွမ်းပါးချို့တဲ့ပြီး နှလုံးရောဂါဝေဒနာခံစားနေရတဲ့ အသက်ခုနှစ်ဆယ်အရွယ် ဒေါ်ခင်ကို အထူးကုဆေးရုံမှာ ဒီနေ့ဆရာဝန်ကြီးနဲ့ သွားပြရမှာ နောက်ကျလို့မဖြစ်ဆိုပြီး လာပြောပါတယ်။ ဒေါ်ခင်က ဆင်းရဲနွမ်းပါးချို့တဲ့ရုံသာမက သားသမီးတွေကလည်း အဆင်မပြေ၊ ရောဂါသည်လူမမာကို ဒီအတိုင်းပစ်ထားလို့ ထည်ဝါတို့ လူမှုရေးအဖွဲ့က ဆေးရုံသို့ ပို့ပေးတာ ဆေးရုံက အထူးကုဆရာဝန်ကြီးက သူထိုင်တဲ့ အထူးကုဆေးရုံမှာ တစ်လတစ်ခါပြရန်နှင့် ထည်ဝါတို့လူမှုရေးအဖွဲ့ကို ပြန်လွှဲတဲ့အနေနဲ့ ဒေါ်ခင်ရဲ့စမ်းသပ်ကုသမှုနဲ့ ဆေးဖိုးကိုမယူဘဲ သူရမယ့်ဝင်ငွေထဲကနေ ပြန်လှူသဖြင့် ယခုလို ဒီအထူးကုဆေးရုံသို့ လာပြရခြင်း ဖြစ်ပါတယ်။ ကိုကြီးကျော်ခမျာလည်း မသက်သာပါ။ သူက ဦးဆောင်တာဝန်ယူထားရတာ ဖြစ်တဲ့အတွက် ရုံးကနေ အမြန်ပြေးလာရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အထူးကုဆေးရုံဝင်းထဲက စားသောက်ဆိုင်နားကိုအရောက်မှာ ဆေးရုံထဲကနေ ထွက်လာတဲ့ သံမြသာကို မထင်မှတ်ဘဲ တွေ့လိုက်ရပါတယ်။ ဘယ်သူမှမပါဘဲ သူမတစ်ယောက်တည်းပါ။ ထည်ဝါ့အထင် တစ်ယောက်ယောက်ကို လူမမာသတင်းလာမေးသလား မသိ။

"သံမြသာ . . . လူမမာသတင်းလာမေးတာလား"

မထင်မှတ်ဘဲ ထည်ဝါ့ကို တွေ့လိုက်ရလို့ သံမြသာအံ့အားသင့်သွားပါတယ်။

"မဟုတ်ဘူး . . . မာမီ့ကို ဒီဆေးရုံလာပို့တာ၊ မာမီက ဒီဆေးရုံမှာ ထိုင်တယ်၊ နာရီဝက်စောင့်ပြီး မာမီ့ကို ပြန်ခေါ်ရမှာ"

"ဪ . . . မသံမြသာအမေက ဆရာဝန်ပဲကိုး"

"ဒါနဲ့ ရှင်ကကော ဘာလာလုပ်တာလဲ"

"ကျွန်တော်တို့ရပ်ကွက်က ချို့တဲ့နွမ်းပါးတဲ့ အမေကြီးက နှလုံးရောဂါရှိတယ်လေ၊ နာတာရှည်ပေါ့၊ အဲဒါ သူ့ကို ကျွန်တော်တို့ လူမှုရေးအဖွဲ့က စောင့်ရှောက်ထားရတာ၊ ဒီဆေးရုံမှာထိုင်တဲ့ နှလုံးအထူးကုဆရာဝန်ကြီးက သူ့ပိုက်ဆံစိုက်ပြီး အခမဲ့ကုပေးတာ၊ တစ်လတစ်ခါလာပြရလို့ ဒီနေ့လာပြတာ၊ ဆရာဝန်ကြီးကို အေးသိန်းနဲ့ ကိုကြီးကျော်ဘလူနာနဲ့အတူ စောင့်နေတာ၊ ကျွန်တော်က ဗိုက်ဆာလို့ ထွက်လာတာ၊ မသံမြသာလည်း အမေကိုစောင့်ရမှာဆိုတော့ လာပါ . . . ကျွန်တော်ကျွေးပါ့မယ် တစ်ခုခုစားပါ"

"သွားလေ . . . စကားပြောဖော်ရတာပေါ့"

ထည်ဝါလုံးဝထင်မထားပါ။ သံမြသာတစ်ယောက် သူခေါ်တာကို ငြင်းပယ်လိမ့်မည် ထင်ထားလို့ပါ။ အခုတော့ ကံကြမ္မာက သူမထင်ထားတာကို ပို့ဆောင်ပေးလိုက်တာဟု ထင်နေမိပါတယ်။

သံမြသာက နတ်စ်ကော်ဖီသောက်ပါတယ်။ ထည်ဝါကတော့ ဗိုက်ဆာလို့ ကြာဇံဆီချက်မှာစားပါတယ်။

"အခု ကိုထည်ဝါတို့ လူနာကကော အခြေအနေ တော်တော်ဆိုးနေပြီလား"





"ဒီမှာ ကျွန်တော့်ကို ကိုထည်ဝါလို့ မခေါ်ပါနဲ့၊ ထည်ဝါလို့ ခေါ်ပါ၊ ခင်ဗျားကိုလည်း သံမြသာလို့ ခေါ်မယ်၊ ခင်ဗျားနဲ့ ကျွန်တော်က အသက်ချင်းအတူတူလောက်ပဲလေ"

"ရပါတယ် . . . ဒါဆိုလည်း ပြီးရော၊ ဒီက ရှိသေသမှုနဲ့ ခေါ်တာပါ"

"ရိုသေစရာ မလိုပါဘူးဗျာ၊ တစ်ဦးနဲ့တစ်ဦး လေးစားရင် ရပါပြီ"

"ကဲ . . . ပြောပါဦး၊ လူနာက ဘယ်လိုအခြေအနေလဲ၊ ကျွန်မတို့အဖွဲ့က တတ်နိုင်ရင် ငွေလေးဘာလေး ကူရတာပေါ့၊ အရမ်းချို့တဲ့နေလား"

သံမြသာစိတ်ဓါတ်ကိုတော့ ထည်ဝါလေးစားသွားပါတယ်။ သူနဲ့ ဘာဖြစ်လို့ လူတွေကို ကူညီတတ်တဲ့ စိတ်တွေမှာ သူမြတ်နိုးတဲ့သူက လာတူနေရပါလဲလို့။

"ကူညီတော့လည်း လူနာအဖို့ အားရှိတော့ အသက်ရှည်တာပေါ့၊ နှလုံးရောဂါဆိုတော့ သိတဲ့အတိုင်းပဲလေ၊ ခက်တာက ကျွန်တော်တို့လူမျိုးတွေမှာ ဆေးပညာအသိချို့ယွင်းမှုက အဆိုးဆုံးပဲ၊ ပိုက်ဆံရှိတာ မရှိတာနဲ့ မဆိုင်ဘူး၊ ရောဂါဖြစ်ချင်လာလို့ ဆရာဝန်ဆီသွားပြရမှာ သိပ်ကြောက်ကြတာ၊ ဆရာဝန်ဆီက ပြောလာမယ့်စကားဟာ သူတို့အတွက် ကြောက်စရာဖြစ်လေမလားလို့၊ အခု ကျွန်တော်တို့လာပို့ရတဲ့ နှလုံးရောဂါဝေဒနာရှင် အဘွားကြီးကိုပဲကြည့်၊ ဒီရောဂါဖြစ်စကသာ ဆရာဝန်ကိုပြရင် ဆရာဝန်က သူ့ရောဂါဖြစ်စမှာ ပျောက်ကင်းဖို့ ကုသညွှန်ကြားနိုင်တာတွေ အများကြီးရှိတယ်၊ ဆရာဝန်ကို ရောဂါပြရမှာကြောက်လို့ ပိုက်ဆံမရှိလို့ ပါဆိုတဲ့ အကြောင်းပြချက်ကြောင့် မပြဘဲနေရင်းက ရောဂါကျွမ်းမှပြတော့ ဆရာဝန်အဖို့လည်း ကုသရတာ ခက်ခဲသွားတာပေါ့၊ ကိုယ်ထဆေးကုသတာ မခံချင်ရင် ဘယ်ဆရာဝန်ကမှ အတင်းမကုနိုင်းပါဘူးဗျာ၊ ကိုယ်ရောဂါမပျောက်လို့ဆိုပြီး ကြိုက်တဲ့ဆရာဝန် ကုသလို့ရတာပဲ၊ ဆရာဝန်က သူကုသလို့မနိုင်ရင် သူ့ထက်ရောဂါပိုမိုကုသနိုင်သူကို လွှဲညွှန်ပေးမှာပဲ၊ ဒါဆိုရင် လူနာရဲ့အသက်ဘေးက လွတ်နိုင်တာပေါ့၊ လူ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ရခဲပါတယ် သံမြသာရယ်၊ အဲဒီတော့ တစ်ကိုယ်ရေကျန်းမာရေး ဆိုတာ လူတိုင်းကိုယ်တိုင်ပြုစုပျိုးထောင်ရတဲ့ အပင်လိုပဲ၊ အရိပ်တကြည့်ကြည့် ကြည့်နိုင်မှ၊ နို့မို့ဆို အဲဒီအပင်က အချိန်မရွေးပျက်စီးနိုင်တယ်"

ထည်ဝ့ါဆီကနေ ဒီလိုလေးလေးနက်နက်စကားတွေ ကြားရလို့ သံမြသာကျေနပ်သွားပါတယ်။ သူမအဖို့ ဘာပြန်ပြောရမှန်းတောင် မသိပါ။

"ဟုတ်တယ် ထည်ဝါရဲ့၊ လူတွေက စာမဖတ်ကြတာလည်း ပါတယ်၊ ဂျာနယ်တွေ မဂ္ဂဇင်းတွေကော ရုပ်သံတွေမှာပါ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ ဖော်ပြနေကြတာ အားလုံးက စာမဖတ်ကြ၊ ဖတ်တဲ့သူကြပြန်တော့လည်း အဲဒီစာမျက်နှာတွေ ကျော်ဖတ်ပစ်တယ်၊ တီဗွီကြတော့လည်း အခြားလိုင်းကို ပြောင်းပစ်တယ်၊ ကျန်းမာရေးကို စိတ်ဝင်စားတဲ့သူက လက်ချိုးရေတွက်လို့ရတယ်"

"ဒါကတော့ နိုင်ငံတော်မှာရှိတဲ့ လူတွေရဲ့နေထိုင်မှုအဆင့်အတန်းလည်း ပါတာပေါ့၊ လူတော်တော်များများက လမ်းဘေးဆေးဆိုင်က ပါရာစီတမော့လောက် သောက်ရင်ပဲ မဖျားတော့ဘူးလို့ ထင်နေကြတာလေ၊ ဆေးရဲ့ဘေးထွက်ဆိုးကျိုးတွေကိုမှ မသိတာ"

"ဟုတ်တယ် . . . ဒါတွေကလည်း ဆေးကို ယဉ်ပါးသလို ဖြစ်ကုန်တာ"

အဲဒီနောက်တော့ ထည်ဝါနဲ့ သံမြသာတို့ ကိုရီးယားဇာတ်လမ်းတွဲများအကြောင်း၊ ပရီးမီးယားလိဂ်ဘောလုံးပွဲများ၊ သနပ်ခါးသီချင်းကိုစွ အထူးကားတွေမှာ ငွေဖြည့်ကတ်ပြားစနစ် ရေရှည်ဖြစ်မှုဖြစ်၊ နိုင်ငံရေးသတင်းဂျာနယ်များအကြောင်း စတဲ့အကြောင်းအရာအစုံကို ရောက်တတ်ရာရာပြောရင်း သံမြသာက သူမရဲ့မိခင်ကို အချိန်စေ့လို့သွားခေါ်ဖို့ ထွက်သွားပါတယ်။

ထည်ဝါလည်း ပိုက်ဆံရှင်းပေးပြီး စားသောက်ဆိုင်ကနေ ကိုကြီးကျော်နဲ့ အေးသိန်းတို့ရှိတဲ့နေရာကို ထလာရင်းက သံမြသာတစ်ယောက် သူပေးလိုက်တဲ့ ပဟေဋ္ဌိဖြစ်စရာ ပစ္စည်းတွေကို စိတ်မှဝင်စားလေသလား မသိလို့ တွေးလိုက်မိပါသေးတယ်။

ကြယ်ပွင့်စာပေ



ညရောက်မှ သံမြသာနဲ့ သူနဲ့ စကားပြောဖြစ်တဲ့ အကြောင်းအရာများကို ပြောပြတော့ သူငယ်ချင်းတွေက ရာသီဥတုက ကိုယ့်ဖက်မှာ ရှိနေပြီပြောလို့ ထည်ဝါကျေနပ်သွားပြီး လက်ဖက်ရည်ဖိုး ရှင်းရပါရောလား။

❑ ❑ ❑

www.burmeseclassic.com

တစ်ယောက်တည်း

လှူ့အဖွဲ့အစည်းနဲ့ ဝေးဝေးနေတာ

ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ခြင်းပါပဲ၊

# အခန်း (၂၁)

ရာသီဥတုက မနေ့ကလည်း တော်တော့်ကို သာယာတယ်။ ဒါ ကြောင့်လားမသိ ထည်ဝါရဲ့အဖေနဲ့အမေက မနေ့မနက်အစောကြီး ထည်ဝါ ကိုနှိုးပြီး ဗိုလ်ချုပ်ပန်းခြံထဲမှာ လမ်းလျှောက်ဖို့ ကားမောင်းလိုက်ပို့ခိုင်း တာ မနေ့ကော ဒီနေ့ကော နှစ်ရက်ရှိပြီ။ အဖေနဲ့အမေ ဗိုလ်ချုပ်ပန်းခြံ ထဲမှာ လမ်းလျှောက်နေတုန်း ထည်ဝါက ဗိုလ်ချုပ်ပန်းခြံရဲ့အနားယူတဲ့ အမိုးကြီးနားမှာ ကားမှန်တွေ ဘီးအဖုံးတွေကို အဝတ်စုတ်နဲ့သုတ်ရင်း သန့်ရှင်းရေးလုပ်နေမိတယ်။ ထည်ဝါအနီးနားမှာလည်း မနက်စောစော လမ်းလျှောက်ပြီးလို့ လေ့ကျင့်ခန်းလုပ်သူကလုပ်၊ သူ့အဖွဲ့နဲ့သူ အမိုးကြီး ထဲမှာ ပုံမှန်လမ်းလျှောက်သူတွေစုပြီး ချက်ပြုတ်ခိုင်းတဲ့သူရဲ့ ပြင်ပေးတဲ့ ကော်ဖီ၊ ထမင်းကြော် အစရှိတဲ့ အစားအသောက်တွေကို စားသူကစားနဲ့ ရှိနေပါတယ်။

"ငါ့တူ . . . လမ်းလျှောက်လာတာလားကွ"

"အန်ကယ်ပါလား . . . "

ကားကို သန့်ရှင်းရေးလုပ်နေတဲ့ ထည်ဝါနားကို အားကစားဝတ်စုံ ဝတ်ရှုပ်၊ ဘောင်းဘီရှည်နဲ့ ဦးထုပ်ဆောင်းထားတဲ့ ဦးရွှေတောင်က ရောက် လာပြီး နှုတ်ဆက်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က လမ်းလျှောက်တာ မဟုတ်ဘူး၊ အဖေနဲ့အမေ လမ်းလျှောက်တာကို အကြိုအပို့လုပ်ပေးရတာ၊ အန်ကယ်ကော လမ်းလျှောက်တာ ဒီမှာနေ့တိုင်းပဲလား"

"နေ့တိုင်းတော့ မဟုတ်ဘူး မောင်ထည်ဝါရဲ့၊ ဒီနေ့ရာသီဥတု သာယာမယ်ထင်လို့ လမ်းလျှောက်တာ၊ ဒီမှာက လေကောင်းလေသန့် ရတယ်လေ၊ ကျန်းမာရေးကတော့ ဒီလိုပဲ လုပ်ပေးရတာပေါ့ကွ"

ဦးရွှေတောင်က ပြောဆက်စ,စကားကို ရပ်လိုက်ပြီး အနီးအနား မှာရှိတဲ့ လမ်းလျှောက်တဲ့ အမျိုးသားတွေ ခြင်းခတ်နေတာကို ကြည့်လိုက် မိပါသေးတယ်။ ပြီးမှ . . .

"ဩော် . . . ငါ့တူ၊ မင်းမြတ်နိုးနေတယ်ဆိုတဲ့ ကောင်မလေးနဲ့ တွေ့သေးလား"

"တွေ့တာပေါ့ အန်ကယ်ရယ်၊ သူကလည်း ကျွန်တော်တို့လိုပဲ လူမှုရေးလုပ်ငန်းတွေ လုပ်တာ၊ ပြီးတော့ အထူးကုဆေးရုံမှာပါ တွေ့သေး တယ်"

"ဟုတ်လားကွ . . . အခြေအနေတွေကကော ဘယ်လိုလဲ၊ အန်ကယ့်ကို ပြောပြပါဦး"

ဦးရွှေတောင်သိချင်သဖြင့် မေးတာဗဲဆိုပြီး ထည်ဝါက သံမြသာ နဲ့ နှစ်ကြိမ်တွေ့ဆုံတာကို အသေးစိတ်ပြောပြပါတယ်။

"ဒါဆို ငါ့တူ . . . မင်းအခြေအနေက မဆိုးဘူးကွ၊ နောက်ထပ် အရှိန်ကို တင်ရမယ်"

"ဘယ်လိုထပ်လုပ်ရဦးမှာလဲ အန်ကယ်ရဲ့"

"မိန်းမသားတော်တော်များများက တိရစ္ဆာန်လေးတွေကို ချစ် တတ်တယ်၊ အထူးသဖြင့် ခွေးကလေးတွေ၊ ကြောင်လေးတွေပေါ့၊ ဒါပေမယ့် အန်ကယ်လေ့လာမိသလောက် ဥရောပမှာပဲဖြစ်ဖြစ်၊ အာရှမှာပဲဖြစ်ဖြစ် အမျိုးသမီးအများစုက ခွေးကိုပိုချစ်တတ်ပြီး ခွေးမွေးကြတာ များတယ်၊ ခွေးဟာ သူတို့ရဲ့အဖော်မွန်၊ ခွေးဟာ သူတို့ရဲ့သစ္စာရှိသူလို့ သတ်မှတ်ကြ တယ်၊ အထူးသဖြင့် တစ်ဦးတည်းမွေးထားတဲ့ သူတွေက သူတို့ရဲ့အထီး





ကျန်ဖြေဖျောက်မှုအတွက် ခွေးမွေးလေ့မွေးထရှိတယ်၊ ဒီတော့ မင်းရဲ့ ကောင်မလေးက တစ်ဦးတည်းသော သမီးသာဆိုရင် ခွေးကို သူပေါ် အောင် လက်ဆောင်ပို့သင့်တယ်"

"အန်ကယ်ရာ ဖြစ်ပါ့မလား၊ တော်ကြာ ခွေးမချစ်ရင် ဘယ်လို လုပ်မလဲ"

"မစိုးရိမ်ပါနဲ့ ငါ့တူရယ် . . . ကဲပေါ့၊ မင်းရဲ့ကောင်မလေးဟာ ခွေးချစ်သူသာမှန်ရင် သူမသိအောင် ပို့ပေးတဲ့သူကို ကျေးဇူးတင်ပြီး သူ့ကို ဘယ်သူက သူမြတ်နိုးတာကို ပို့ပေးသလဲဆိုပြီး သိလိုစိတ်က အမြန်ပြင်း ထန်နေမှာ၊ ဒီတော့ တရုတ်တန်းကိုသွား၊ နိုင်ငံခြားခွေးပေါက်လေးတစ် ကောင်လောက်သာ ရှယ်ပေတော့"

"အန်ကယ်က တကယ်ပါပဲ၊ လူတစ်ဖက်သားကို ကောင်းတောင်း အကြံပေးတတ်တယ်၊ အန်ကယ်ပြောတဲ့အတိုင်း ကျွန်တော်စမ်းသပ်ကြည့် ဦးမယ်၊ ဒါနဲ့ အန်ကယ် . . . ကျွန်တော့်အဖေနဲ့အမေနဲ့ အန်ကယ့်ကို မိတ် ဆက်ပေးမယ်လေ"

"ကျေးဇူးတင်ပါတယ်ကွာ . . . အန်ကယ်ချိန်းထားတာလေးရှိလို့ သွားမယ်၊ နောက်တော့ ဆုံဦးမှာပဲ၊ အဲဒီကျမှ မိတ်ဆက်ပေး၊ ဩော် . . ဒါနဲ့ အန်ကယ်ပြောတာလုပ်ဖို့ မမေ့နဲ့နော်၊ . . . See you"

ဦးရွှေတောင်က ထည်ဝါ့ကို နှုတ်ဆက်ပြီး ထွက်သွားပါတယ်။ ထည်ဝါက ဦးရွှေတောင့်ပြောတဲ့စကားကို စဉ်းစားရင်း တရုတ်တန်းဈေး မှာ ခွေးတစ်ကောင်ဝယ်ဖို့အတွက် ဒီနေ့ကျောင်းမတက်တော့ဘဲ ကိုကြီး ကျော်ရှိတဲ့ရုံးကိုသွား၊ သူ့ကိုခေါ်ပြီး ခွေးဝယ်ရင်းက ခွေးကိစ္စကို ဖြေရှင်း မယ်လို့။

ဦးရွှေတောင်က သူ့ကို သံမြသာအတွက် ပဟေဠိဝှက်တဲ့ အစီ အစဉ်က တရုတ်သိုင်းဇာတ်လမ်းတွဲများထဲကလို အဆင့်တော်တော်မြင့် တဲ့ အခန်းကဏ္ဍကို ရောက်လာပြီဆိုတာပါပဲ။

❑



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကျော် နည်းနည်းတော့ စိတ်ညစ်သွားတယ်။ ဒီနေ့ရုံးလာကာမှ ဖိနပ်ကပြတ်လို့၊ အထူးကားစီးလာတာ လမ်းခုလတ်မှာဆင်း၊ ဖိနပ်ဆိုင်ရှာပြီး ဝယ်ရပါလေရော။ တော်သေးတာပေါ့ . . . မိုးမရွာလို့၊ မိုးရွာလို့ကတော့ ဖိနပ်ဆိုင်ရှာရတာ တစ်မျိုး၊ ထီးက ဆောင်းရတာက တစ်ဖက်နဲ့ တော်တော့်ကို ရုပ်ပျက်ဆင်းပျက်နိုင်လို့ အခွန်ဦးစီးအရာရှိပုံမပေါက်ဘဲ 'ဂျလေဗီ' ပုံပေါက်နေမှာ ပြောစရာမလိုပါ။

ဒါနဲ့ ရုံးရောက်တော့ နောက်ကကျနေပြီ။ ကိုကြီးကျော်ရဲ့အခန်းထဲမှာရှိတဲ့ ဝန်ထမ်းတွေက သူတို့အထက်အရာရှိ မလာသေးတော့ ဘာအလုပ်မှမလုပ်ဘဲ ပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်နေတာ အဆိုးဆုံး။ နှစ်ယောက်ထဲမှာ ကိုကြီးကျော်အုပ်ချုပ်တဲ့ ဌာနကိုပြောင်းလာတဲ့ ရုံးစာရေးမသီတာခင်က ရောက်လာတာသာ မကြာသေးတာလျှော့တွက်လို့ မရတဲ့အထဲမှာပါတဲ့ သူပဲလို့။ ရုံးထဲမှာရှိတဲ့ ယောကျာ်းလေးဝန်ထမ်းတွေနဲ့ ဟေးလားဝါးလားလုပ်ရုံသာမက ယောကျာ်းလေးတွေက ထိုးမုန့်မဝယ်ခင် နှိုက်မြည်းသလို လက်တို့ခြေတို့ လက်ကိုင်ဘာကိုင် စကားပြောတာကို အတော်သာယာနေပုံရပါတယ်။ ဒေးက အလုပ်တိစ္စနဲ့ လာတဲ့လူတွေမြင်လို့က ဘယ်လိုမှ မသင့်တော်။ အခုလည်း သူ့ရုံးခန်းထဲဝင်လာတဲ့အချိန်မှာ သီတာခင့်ကို သန့်ရှင်းရေးလုပ်တဲ့ အပွနားကတောင် လက်ကိုင်ဘာကိုင် စကားပြောနေတာ ကိုကြီးကျော်ကိုမြင်မှ အပွနားလည်း ဆူမှာစိုးလို့ လစ်ထွက်သွားတာ အရိပ်အယောင်တောင် မတွေ့ရ။

ကိုကြီးကျော်က ဒီရုံးခန်းထဲက ပြဿနာနှစ်ရပ်ကိုတော့ ဒီနေ့မှာတော့ အပြတ်ရှင်းပြီလို့။

"သီတာခင် . . . နင်တစ်ယောက်တည်း ငါ့စားပွဲကို လာခဲ့ဦး"

"ဘာကိစ္စရှိလို့လဲ ဆရာ"

"လာမှာသာ လာခဲ့၊ အဲဒီနောက်မှ ပြောမယ်"

သီတာခင်က သူမကိုသူမ အထက်အရာရှိ ကိုကြီးကျော်က ဘာကိုခေါ်ပြီး 'ပွမ်'လေမလဲလို့။ ဆူတာက ကိစ္စမရှိ။ လေကြောရှည်တတ်တဲ့ သူ့အထက်အရာရှိ ကိုကြီးကျော်ရဲ့စကားလုံးဒဏ်တွေကို မခံနိုင်လို့ပါ။





"ဆရာ . . . သမီးကို ခေါ်တွေ့တာ ဘာကိစ္စရှိလို့လဲ"

"သီတာခင် . . . နင်က ဒီရုံးက ငါ့ဌာနမှာ အလုပ်ဝင်တာ နှစ်လပဲရှိသေးတယ်၊ ငါ့ရုံးခန်းထဲက ယောကျာ်းလေးတွေကော ဟိုသန့်ရှင်းရေးလုပ်တဲ့ သူကပါမကျန် နင့်ကို လက်တို့ခြေတို့၊ လက်ကိုင်ဘာကိုင် ပြောနေတာကို နင်သာယာနေလား၊ လူမြင်လို့ မကောင်းဘူးဆိုပြီး ငါ့ကို တိုင်တဲ့သူက တိုင်တယ်၊ အဲဒါ နင်ဆင်ခြင်ပါ"

"ဆရာ . . . ဒီစကားကို ဟိုအပျိုကြီးမရင်မေပြောတာလား၊ သူကျတော့ သူ့ဘဲလေးကို ရုံးဖုန်းနဲ့ တယ်လီဖုန်းအကြာကြီး ခဏခဏ ဆက်ပြီး အီနေတာကကော၊ ဒါကျတော့ ကည့်မပြောသွားလား"

"ဟဲ့ . . . မရင်မေပြောတာ မဟုတ်ဘူး၊ နင့်ကိစ္စပြီးရင် သူ့ကိစ္စကိုလည်း ငါရှင်းရမှာ ကဲ . . . ပြောပါဦး"

"ကျွန်မပြောမယ် ဆရာ၊ ကျွန်မက ဒီဌာနကိုရောက်တာ နှစ်လပဲရှိတဲ့ ဝန်ထမ်းပါ၊ ဒီတော့ ဒီဌာနထဲမှာရှိတဲ့ ဝန်ထမ်းတွေ မညှိုငြင်အောင် ကျွန်မဘက်က အသကုန်လိုက်လျှောရမယ်လေ၊ ယောကျာ်းဖြစ်ဖြစ် မိန်းမဖြစ်ဖြစ်ပေါ့၊ ဒီလိုလိုက်လျှောတာ မိန်းမတွေ့ထက်စာရင် ယောကျာ်းသားတွေက ပိုပြီးဆက်ဆံလို့ကောင်း၊ ကျွန်မကိုလည်း ပိုခင်လာတယ် ဆရာရဲ့၊ ဒါကြောင့်ပါ"

သီတာခင်စကားကြောင့် ကိုကြီးကျော် ကိုယ့်နဖူးကိုယ် လက်နှင့် ပြန်ရိုက်လိုက်ရင်းက . . .

"သီတာခင် . . . နင်အခုပြောနေတာက ငါ့ကိုရွဲ့နေတာလား တကယ့်အမှန်ကို ပြောနေတာလား"

"မှန်တာကို ပြောတာပါ ဆရာ"

"အေး . . . မှန်တာကိုပြောရင် အခုချိန်ကစပြီး အဲဒီအပြုအမူမျိုးကို ရှောင်ပါ၊ လက်မခံပါနဲ့၊ နောက်တစ်ခါဆို ရုံးတွင်းစည်းကမ်းမလိုက်နာမှုနဲ့ အထက်ကို စာတင်မယ်"

"စိတ်ချပါ ဆရာ၊ မဖြစ်စေရတော့ပါဘူး"

ကိုကြီးကျော်ကို သီတာခင်က ကတိပေးပေမယ့် မျက်နှာစူပုပ်



www.burmeseclassic.com

www.burmeseclassic.com



သည့် အမူအရာမျိုးနဲ့ ကိုကြီးကျော်ရဲ့စားပွဲကနေ ထွက်သွားပါတယ်။

ကိုကြီးကျော်လည်း သူ့အလုပ်စားပွဲကနေ နောက်ထပ်သူ့ဌာနမှာ အဆိုးဆုံးတစ်ယောက်ထဲမှာ ပါဝင်တဲ့ အပျိုကြီးမရင်မေရဲ့ ပြင်ပဆက်သွယ်ရေးရုံးခန်းငယ်လေးရှိရာကို သွားလိုက်ပါတယ်။

"မောင် . . . စိတ်မကောက်နဲ့တော့၊ မေက ညနေရုံးဆင်းချိန်ရောက်မှ ပန်းခြံမှာ ချော့မယ်၊ ဒါပဲ . . . ဘာတွေလာပြောနေတာလဲ၊ ဒါပဲနော် . . . ဟိုးရက်တွေကလို မှဆိုးရဘူး၊ မေလှလှလေး ဝတ်လာတာ၊ ဒါနဲ့ မောင် . . . တစ်ခြားကောင်မလေးတွေ လိုက်မကြည့်နဲ့နော်၊ မေ့မှာ ရုံးအလုပ်တောင် မလုပ်နိုင်ဘူး၊ မောင့်အကြောင်းပဲ စဉ်းစားနေရလို့၊ ဘာ . . . မောင်ကလဲကွာ၊ ကဲ . . . ကဲ . . . ကျေနပ်တော့၊ ဖုန်းထဲကနေပဲ . . . အာဘွား"

အပျိုကြီးမရင်မေရဲ့ ပြင်ပဆက်သွယ်ရေးအခန်းဝနားရောက်တော့ မရင်မေဖုန်းပြောနေတာကို အပြင်ကနေကြားရလို့ နားစွင့်ကြည့်တော့ သမီးရည်းစားနှစ်ယောက် ပန်းခြံထဲမှာ ပြောသလိုမျိုး သူ့ရည်းစားနဲ့ ဖုန်းပြောနေတာ လောကကြီးမှာ သူတို့ပဲရှိတဲ့ အလားပါပဲ။

"မရင်မေ . . . ကျုပ်ကို လာတိုင်တဲ့လူများပြီ၊ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ကိစ္စကလွဲရင် ရုံးတယ်လီဖုန်းမသုံးရဘူးလို့ ညွှန်ကြားချက်ထုတ်ထားတာ၊ ခင်ဗျားက အခုပြောချင်တာပြောနေတာ အပြင်က ဖုန်းဝင်လာရင် ဘယ်လိုလုပ်မလဲ"

အပျိုကြီးမရင်မေက သူခိုးလူမိလို့ ရှက်သလို၊ ရွံ့သလို၊ ကြောက်သလိုပုံစံမျိုးနဲ့ . . .

"မဟုတ်ပါဘူး ဆရာကလည်း . . . ကျွန်မအလုပ်ကိစ္စပြောနေတာပါ"

"အလုပ်ကိစ္စဟုတ်လား၊ အဲဒီအလုပ်ကိစ္စက စိတ်မကောက်နဲ့တော့လို့၊ ပန်းခြံမှာ ချော့မယ်တို့၊ ဟိုရက်တွေကလို မဆိုးရဘူးတို့၊ တစ်ခြားကောင်မလေးတွေ မကြည့်ရဘူးတို့၊ ရုံးအလုပ်တောင် မလုပ်နိုင်ဘူးလို့၊ ဖုန်းထဲကနေပဲ 'အာဘွား' လို့ဆိုတာတွေက ကျုပ်တို့ရဲ့အခွန်ဌာနမှာ ဒီ





စကားလုံးတွေ ရှိလို့လား"

"ဆရာကလည်း သူများရှက်လိုက်တာ"

"ရှက်ချင် ခင်ဗျားရဲ့မောင်နဲ့ကျမှရှက်၊ နောက်တစ်ခါ ရုံးချိန်မှာ ခင်ဗျားကိုယ်ရေးကိုယ်တာကိစ္စ စကားပြောရင် ခင်ဗျားကို ဒီအလုပ်က ထုတ်ဖို့ စာတင်မယ်၊ ပြီးရင် ပန်းခြံထဲမှာ PCO ဖုန်းဆိုင်ဖွင့်ပြီး ခင်ဗျားရဲ့မောင်နဲ့ ဖုန်းပြောဖို့ ရေအိုးချပြီးတော့ကိုမောလိုက်ရေသောက်လိုက်ကိုပြောနိုင်းပစ်မယ် . . . မှတ်ထား"

"ဟုတ် . . . ဟုတ်ကဲ့ . . . ဆရာ"

အပျိုကြီးမရင်မေက စကားကို တုန်တုန်ရီရီပြောရင်းက ကတိပေးပါတယ်။

"ဟာ . . . ထည်ဝါ၊ ငါ့ရုံးကို မလာစဖူးပါလား"

ကိုကြီးကျော်က သူ့စားပွဲပြန်ရောက်တဲ့အချိန်မှာ ခုံမှာထိုင်နေတဲ့ ထည်ဝါကိုတွေ့လို့ နှုတ်ဆက်လိုက်ပါတယ်။

"အေးကွာ . . . လူကြီးလုပ်ရတာ မလွယ်ဘူး၊ အခုလည်း နှုတ်ကွင်းကိစ္စရှင်းနေရတယ်၊ မင်းကို ပြောပြရဦးမယ်"

"ပြောပြချင်ရင် နောက်မှပြော၊ ကျွန်တော် အရင်ပြောပြမယ်၊ နားထောင်ပြီးလို့ရှိရင် ထမင်းစားချိန်ရောက်ရင် သံချေးကို လိုက်ရမယ်"

"ဘာတွေလဲကွာ . . . ထည်ဝါရာ"

ထည်ဝါက ဦးရွှေတောင်အကြံပေးတာကို ပြောပြပြီး ခွေးလိုက်ဝယ်ပေးဖို့ အကူအညီတောင်းတာကို လက်ခံပြီး ကိုကြီးကျော်က စောစောက သူဖြေရှင်းရတဲ့ ကိစ္စနှစ်ခုကို ထည်ဝါအား အသေးစိတ်ပြောပြရင်း သူလုပ်တာမှန်ကြောင်း သက်သေထူလို့ နေပါတယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်တွေမှာ
တက်နိုင်သလောက်
သူတို့ထမ်းနိုင်တဲ့ဝန်နဲ့
နားခိုသူတွေကို
အေးမြတဲ့အရိပ်ပေးရှာပါတယ်။
မတက်နိုင်သေးလို့ပေါ့
တက်များတက်နိုင်လို့ကတော့
မင်းလျှောက်လာမယ့်လမ်းတလျှောက်
အရိပ်တွေမိုးပေးတဲ့
သစ်ပင်တွေဖြစ်လိုက်ချင်ပါရဲ့။

## အခန်း (၂၂)

ဒီခွေးလေးက တော်တော်လိမ္မာပါတယ်။ အဖြူရောင်အမွေးပွပွနဲ့ ဝဝဖြိုးဖြိုးနဲ့ မိခင်နဲ့နှိုခွဲထားတဲ့ အရွယ်လေးပါ။ ဈေးကလည်း တစ်သိန်းနီးပါးတောင် ပေးရတယ်။ နိုင်ငံခြားခွေးမျိုးအစစ်တဲ့။ ခွေးကလေးမှာ ချစ်ဖို့ကောင်းတာက သူ့မျက်နှာက ဖေါင်းဖေါင်းကလေးပါ။ ဒီခွေးလေးကို မြင်လိုက သံမြသာတစ်ယောက် ခွေးမချစ်တတ်လျှင်တောင်မှ ချစ်သွားမှာသေချာပါတယ်။ ခွေးကလေးက သန္တေလည်း ကောင်းတယ်လို့ ဆိုရမယ်။ ညက ထည်ဝါရဲ့အခန်းထဲထည့်ထားပြီး ထည်ဝါနဲ့ဆော့တာ ခွေးလေးက လုံးဝမဟောင်ပါ။ အစာဝလို့လား မသိဘူး။ အိပ်လိုက်တာ မပြောနဲ့။ ထည်ဝါရဲ့အမေက မေးလို့တောင် ဖြေရသေးတယ်။ သူငယ်ချင်းတစ်ယောက်ကို လက်ဆောင်ပေးမလို့လို့။ ကျေးဇူးတင်ရမှာက ကိုကြီးကျော်။ ဒီခွေးကလေးကို သူက ဆိုင်ရှင်ကို စပ်စပ်စုစုမေးပြီးမှ ရွေးဝယ်လို့ပါ။

ဒါ့အပြင် ထပ်ကျေးဇူးတင်ရမယ့်သူက ရှိပြန်သေးတယ်။ ပစ်ကြီးနဲ့ အေးသိန်းပါ။ ဦးရွှေတောင်ပြောတဲ့ ညွှန်ကြားချက်ကိုလုပ်ဖို့ သူတို့နှစ်ယောက် အကူအညီမပါလို့က မပြီးပါ။

ကျောင်းကို ခွေးလေးကားထဲထည့်ယူလာလျှင် ကျောင်းသုံး[illegible] နေတွေနှင့် စကားများမှာစိုးသဖြင့် ကျောင်းဝင်းပြင်ပတွင်ရှိသော လတ်

www.burmeseclassic.com



ဖက်ရည်ဆိုင်မှာ အေးသိန်းနှင့် ထည်ဝါက စောင့်ဆိုင်းနေပြီး သံမြသာ အခြေအနေကို အကဲခတ်ဖို့ ပစ်ကြီးကို သံမြသာတို့အဖွဲ့ ဘာတွေဘယ်လို လုပ်သလဲဆိုတာ သံမြသာတို့ စာသင်ခန်းအနီးအနားမှာ သံမြသာတို့ အခြေအနေကို အကဲခတ်ပြီး ဖုန်းဆက်သတင်းပို့ခိုင်းတာ ပစ်ကြီးက တာဝန်ကျေပါတယ်။ ဖုန်းခဏခဏဆက်ရသဖြင့် ဒီကောင်ဖုန်းကတ်ဖိုး တော်တော်ကုန်လောက်ပြီ။

အခုလည်း ကျောင်းချိန်က လွတ်ခါနီးပြီဆိုတော့ ပစ်ကြီးဆီက နောက်ဆုံးသတင်း ဖုန်းဝင်လာပါတယ်။ သံမြသာတို့အဖွဲ့ စာသင်ခန်းက ထွက်လာဖို့ ဟန်ပြင်နေပြီတဲ့။ လက်ဖက်ရည်ဖိုးအမြန်ရှင်းကာ ကျောင်းထဲသို့ ကားကိုလီဟာတင်မောင်းခဲ့ပြီး သံမြသာရဲ့ရပ်ထားတဲ့ကားနဲ့ မလှမ်းမကမ်းမှာ ထည်ဝါက ရပ်လိုက်ပါတယ်။ ပြီးတော့ သံမြသာတို့အဖွဲ့ အခြေအနေကို လေ့လာတော့ အခြေအနေက အခုထိ ကိုယ့်ဖက်မှာ ရှိတုန်းပါပဲ။

"အေးသိန်း . . . ခွေးကိုယူသွားတော့၊ သေသေချာချာ ကြိုးချည် နော်၊ တော်ကြာ . . . ကြိုးပြေသွားလို့ ခွေးက ကျောင်းဝင်းထဲ လျှောက်ပြေးလို့ ကားတိုက်သွားဦးမယ်၊ ပြီးရင် ငါ့ကို အားလုံးအိုကေရင် ဖုန်းဆက်"

"စိတ်ချပါကွာ . . . ငါအပိုင်ဆုံး ပိရိအောင် လုပ်ပြမယ်"

အေးသိန်းက ထည်ဝါ့ကားထဲမှ ခွေးကလေးကို ပွေ့လိုက်ပြီး ကားတံခါးဖွင့်ကာ ဆင်းသွားသည်။ ထည်ဝါက ကားကို သံမြသာတို့ကား နှင့် ခပ်လှမ်းလှမ်းတွင် ရပ်လိုက်ပြီး ကားထဲမှာပဲ ထိုင်နေရင်းက သံမြသာ တို့ ကားရပ်ထားသည့် နေရာသို့သာ ကြည့်နေမိပါတယ်။

အေးသိန်းကတော့ ခွေးကိုပွေ့ရင်း ကားနားမှာ တဝဲလည်လည် လုပ်နေတာကို မြင်နေရပါတယ်။ ဟော . . . အေးသိန်း ဘာကိုမြင်လို့ထဲ မသိ။ ခွေးကလေးလည်ပတ်မှာ ချည်ထားတဲ့ကြိုးကို သံမြသာရဲ့ကားရှေ့ ခန်းဗန်ပါမှာ ချည်နေလို့။

သံမြသာတို့အဖွဲ့ တွေ့လို့ကတော့ ဘာတွေဖြစ်လေမလဲ။ ကျန်တဲ့ အပိုင်းကိုတော့ ထည်ဝါဆက်ကရတော့မှာပါ။

❑





သံမြသာ ဒီနေ့စာသာသင်နေခဲ့ရတယ်။ စိတ်ကမပါ။ မွေးကိုက် လို့သေသွားတဲ့ သူမရဲ့ခွေးလေးဘော်နီကိုသာ သတိရနေပါတယ်။ ဒီတစ် ရက်နှစ်ရက်အတွင်း သူမဆီမှာ တစ်ခုခုလိုနေသလို ခံစားရပါတယ်။ အရင်က သူမဘယ်သွားသွား ပြန်လာလျှင် ဘော်နီလေးက ဆီးကြိုနေတာ၊ ခြံထဲမှာ စာကျက်လျှင်လည်း ဘော်နီလေးက သူမနံဘေးမှာ ခုန်ပေါက် မြူးတူးဆော့ကစားနေလို့ သတိမရအောင် လုပ်ပေမယ့် အချည်းအနှီး သာ ဖြစ်ခဲ့ရပါတယ်။

"သံမြသာ . . . နင့်ကြည့်ရတာ ဒီနေ့နည်းနည်းထူးခြားတယ်၊ ဘာတွေဖြစ်နေလို့လဲ"

"ချိုချိုစုရာ . . . တစ်နေ့လုံး သေသွားတဲ့ ငါ့ခွေးလေးဘော်နီကို သတိရနေလို့ပါ"

"ဒါများဟယ် . . . နောက်ထပ် ခွေးတစ်ကောင် ထပ်မွေးပေါ့"

"မျိုးမျိုးသွယ်ရာ . . . ဒီခွေးလေးက ငါမွေးလာတာ ကြာပြီဆို တော့ သံယောဇဉ်က တွယ်နေပြီလေဟာ"

အဲဒီနောက်တော့ သံမြသာက ဘာစကားမှမပြောဘဲ ကားရပ် ထားတဲ့နေရာနားဆီ လျှောက်လာပါတယ်။ ရုတ်တရက်ဆိုသလို သူမရဲ့ ကားဗန်ပါရှေ့မှာ လှုပ်လှုပ်ရွရွနဲ့ တစ်စုံတစ်ရာက ပြေးလွှားနေတာကို မြင်လိုက်ရလို့ ဘာများလဲဆိုပြီး အသေအချာကြည့်မိပါတယ်။

"ဟဲ့ . . . ဟဲ့ . . . ငါ့ရဲ့ကားဗန်ပါမှာ ကြိုးနဲ့ချည်ထားတဲ့ ခွေး ပေါက်လေးတစ်ကောင်ပါလား"

သံမြသာက ဣန္ဒြေတောင် မဆောင်နိုင်ဘဲ သူငယ်ချင်းမတွေကို ပြောရင်းက ကားဗန်ပါမှာ ချည်ထားတဲ့ကြိုးကို အမြန်ဖြည်လိုက်ရင်း ခွေးကလေးကို ချီပွေ့လိုက်ပါတယ်။ ခွေးကလေးက သူမရင်ခွင်ကို ခေါင်း တိုးဝှေ့နေလို့။

"ခွေးကလေးက အထီးလေးဟ၊ ဝဝတုတ်တုတ်လေးနဲ့ ချစ်စရာ လေး၊ ဟယ် . . . ဒီခွေးလေးလည်ပတ်မှာ စာရွက်ခေါက်လေးပါလား"

သံမြသာက စာရွက်ခေါက်လေးကို ခွေးလည်ပတ်ကြိုးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ညှပ်ထားတာကို ဆွဲယူလိုက်ပါတယ်။ ပြီးတော့ ဖွင့်ဖတ်ကြည့်လိုက်ပါတယ်။

> လူဆိုတာ ဘဝမှာ တိုင်ပင်ဖော် လိုသလို အထီးကျန်ဆန်မှုကို ဖြေဖျောက်ဖို့ လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် လိုအပ်ပါတယ်။ ဒီခွေးလေးက မင်းအတွက် တစ်စုံတစ်ခုကို ပေးစွမ်းစေနိုင်မှာပါ။ ခွေးကလေးနာမည်ကို Love လို့ အမည်ပေးပါ။

သံမြသာ စာကိုဖတ်ပြီး သူငယ်ချင်းတွေကိုဖတ်ဖို့ ပေးလိုက်ရင်းက ပွေ့ထားတဲ့ ခွေးကလေးရဲ့လည်တိုင်ကို ပွတ်ပေးနေပါတယ်။

"သံမြသာ . . . ဒါဘယ်လိုလုပ်မလဲ၊ ငါတို့တော့ မစဉ်းစားတတ်တော့ဘူး၊ နင့်ရဲ့ခွေးကလေး ဘော်နီသေလို့ နင်ဒီလောက်ခံစားနေရတဲ့အချိန်မှာ ဒီခွေးလေးကို ပို့ပေးတဲ့သူက ဘာဖြစ်လို့ ဒီလောက်တောင် တိတိကျကျ သိနေရသလဲ"

ခင်သန်းဆင့်က ဖတ်ပြီးသွားတဲ့ စာရွက်ခေါက်ကို သံမြသာကို ပေးရင်းက သူမထင်မြင်ချက်ကို ဖွင့်ဆိုပါတယ်။

"ငါလည်း မတွေးတတ်တော့ဘူးဟာ၊ ငါက ခွေးဒီလောက်ချစ်တတ်တာ၊ ဥပမာ-ဒီနေ့လိုနေ့မျိုး ခွေးလေးဘော်နီအတွက် သတိရလို့ ဝမ်းနည်းနေချိန်မျိုးမှာ ဒီခွေးလေးအစားပြန်ရတာ ဝမ်းသာတာမှန်ပေမယ့် တစ်ဖက်ကကြည့်တော့ ဒီလိုပဟေဠိကိစ္စတွေကို မဖော်ထုတ်နိုင်တာက မခံချိမခံသာ ဖြစ်နေတယ်"

"ဒါပေမယ့်ဟယ် . . . အဲဒီပဟေဠိလုပ်ပြီး ပို့တဲ့သူက နင့်ကို တကယ်တမ်း စွဲစွဲလန်းလန်း မြတ်နိုးတဲ့သူဖြစ်မှာကတော့ သေချာတယ်၊ တော်ရုံတန်ရုံလူက တန်ဖိုးမထားဘဲ လုပ်မှာမဟုတ်ဘူး"

မျိုးမျိုးသွယ်က သံမြသာပွေ့ထားတဲ့ ခွေးလေးကိုကြည့်လိုက်ပြီး လေးလေးနက်နက် ပြောလိုက်ပါတယ်။

"သံမြသာ . . . ဟိုမှာ ထည်ဝါက နင့်ဆီလာနေပါလား"

ချိုချိုစုက သံမြသာတို့ရှိရာသို့လာနေတဲ့ ထည်ဝါကို မြင်လိုက်ရ





လို့ ပြောလိုက်ပါတယ်။

ထည်ဝါက သံမြသာရဲ့အနားရောက်လာတဲ့အခါမှာ သံမြသာလက်ထဲမှာရှိတဲ့ ခွေးကလေးက သခင့်ကို သိသည့်အလား [illegible] တိုးညှင်းညှင်းနဲ့ 'အီ'သလိုအမူအရာမျိုး လုပ်နေပါတယ်။

"ဟာ . . . ခွေးကလေးက ချစ်စရာလေးပဲ၊ ကြောင်တို့ ခေါ်ထားတာလား"

ထည်ဝါက သံမြသာပွေ့ထားတဲ့ ခွေးကလေးကို ကျောသပ်ပေးလိုက်ရင်းမှ မေးလိုက်ပါတယ်။ သံမြသာက ထည်ဝါ့ကို အကဲခတ်ရင်း-

"ဆိုပါဦး . . . ထည်ဝါ့မှာ ဘာကိစ္စရှိလို့လဲ"

"ဒီလိုလေ သံမြသာရဲ့၊ ဟိုတစ်ခါ အထူးကုဆေးရုံမှာ နှလုံးရောဂါပြတဲ့ အဘွားကြီးလေ၊ အခုဆေးရုံတင်ထားရတယ်၊ ဆေးဖိုးဝါးခလိုတယ်ပေါ့ဗျာ၊ သံမြသာက တကယ်လို့ အဲဒီအဘွားကြီးတစ်ခုခုလိုရင် လှူမယ်ပြောလို့ ကျွန်တော်လာပြောတာ၊ အတန်းဖက်သွားရှာတော့ အတန်းဆင်းသွားလို့၊ ကျွန်တော်လိုက်ရှာရင်း အခုမှတွေ့တာ"

"နေဦး . . . ကျွန်မမှာ အခုပိုက်ဆံမပါလာသေးဘူး၊ ကျွန်မစုထားတဲ့ထဲက ငွေငါးသောင်းလှူမယ်၊ ရှင့်မှာရှိရင် ခဏစိုက်ထားပေးလိုက်၊ ကျွန်မပြန်ပေးမယ်"

"ရပါတယ်ဗျာ၊ သာဓု . . . သာဓု . . . သာဓုပါဗျာ၊ ကျန်းမာပါစေ . . . ချမ်းသာပါစေ၊ ဒါဖြင့်ရင် အားလုံးပဲ ကျွန်တော်သွားမယ်"

ထည်ဝါက သံမြသာတို့အဖွဲ့ကို နှုတ်ဆက်ပြီး ထွက်သွားပါတယ်။

မျိုးမျိုးသွယ်က ထည်ဝါထွက်သွားတာကိုကြည့်ပြီး . . .

"သံမြသာ . . . ဒီတစ်ခါကော တိုက်ဆိုင်တယ်လို့ ပြောမလား၊ ပီကေကိစ္စ၊ သစ်ခွပန်းကိစ္စ၊ မင်္ဂလာထိမ်းမြားတဲ့ စာအုပ်ကိစ္စတွေ နင်ပဟေဠိအဖြစ် လက်ခံရတဲ့အချိန်မှာ တစ်နည်းမဟုတ်တစ်နည်း ထည်ဝါကို တွေ့ရတယ်၊ အခု ဒီခွေးလေးကိစ္စမှာလည်း ထည်ဝါက ရောက်လာတယ်၊ တိုက်ဆိုင်မှုက လေးကြိမ်လောက်ကို တိုက်ဆိုင်တတ်သလား"

"မျိုးမျိုးသွယ် . . . တိုက်ဆိုင်တော့ကော ဘာဖြစ်သလဲ၊ ထည်ဝါ



www.burmeseclassic.com

www.burmeseclassic.com



တို သံမြသာက ငြင်းစရာလား၊ ဘာအပြစ်ပြောဖို့ ရှိလို့လဲ”

“တော်ပါဦး ခင်သန်းဆင့်ရယ်၊ ဒီအဖြေကို မရရအောင် ဖေါ်ထုတ်မယ်၊ အခုတော့ ဒီခွေးလေးကို Love လို့ပဲ အမည်ပေးရင်း ပဟေဠိဝှက်သူကို ငါတစ်ပတ်အတွင်းရအောင် စုံစမ်းပြမယ်”

သံမြသာက ပွေ့ထားတဲ့ ခွေးကလေးကို ပါးချင်းအပ်လိုက်ပြီး ချို့ချို့စုရဲ့လက်ထဲပြောင်းပေးကာ ကားတံခါးကိုဖွင့်ပြီး ကားစက်နှိုးလိုက်ပါတယ်။

□ □ □



ကျွန်တော်တို့ဝန်းကျင်မှာ

ဝယ်ခြမ်းစရာတွေ ပေါပါတယ်။

ကျွန်တော်တို့ဝန်းကျင်မှာ

မျက်နှာဖုံးစွပ်ထားတဲ့ မိတ်ဆွေတွေ

မြေပြင်မှာကျနေတဲ့အရိပ်တွေ

နေပူနေလို့သာ ရှိနေတာပါ။

ဉတုသုံးလီရာသီမရွေး

မိတ်ဆွေစစ်ကတော့

ကိုယ့်အကျီအိတ်ကပ်ထဲတနေ

ထပ်ကြပ်မကွာလိုက်လို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

စားသောက်ဆိုင်ထဲမှာ အနောက်တိုင်းတေးဂီတသံက သာယာငြိမ်းညောင်းစွာ ပျံ့လွင့်နေတယ်။ စားတဲ့သောက်တဲ့သူက သိပ်မများတော့ စကားသံမဆူညံတော့ဘူးပေါ့လေ။ ဒီအစီအစဉ်ကို ထည်ဝါက အားချင်းစီစဉ်လိုက်ရတာ။ ခွေးကိစ္စအောင်မြင်သွားလို့ ပစ်ကြီးနဲ့အေးသိန်းက သူတို့နှစ်ယောက်စွမ်းဆောင်မှုအတွက် ညစာလိုက်ကျွေးခိုင်းပါတယ်။ ဒီကိစ္စမှာ ကိုကြီးကျော်ကလည်း မပါမဖြစ်ဆိုတော့ သူ့ကိုပါခေါ်ရုံမက ဒီလိုဖြစ်လာအောင် အကြံဉာဏ်ပေးတဲ့ ဦးရွှေတောင်ကိုလည်း ဖုန်းဆက်ပြီး ဖိတ်တာ ဟိုကလည်း လက်ခံပါတယ်။ အရင်ဆုံး ပိုက်ဆံငါးသောင်းကို ဆေးရုံတက်နေတဲ့ နှလုံးရောဂါသည် အဘွားကြီးရဲ့ဆွေမျိုးသားချင်းတွေကို သွားပေးရပါသေးတယ်။ ပြီးမှ ရေအမြန်ချိုးအဝတ်အစားလဲပြီး သူငယ်ချင်းနှစ်ဦးနဲ့ ကိုကြီးကျော်ကိုခေါ်ပြီး စားသောက်ဆိုင်ကို ချီတက်ရပါတယ်။ မှာထားတဲ့ ဟင်းလျာတွေ မရောက်လာခင်မှာ ဦးရွှေတောင်ရောက်လာပါတယ်။ ဒီလိုနဲ့ ဘီယာတစ်ယောက်တစ်ပုလင်းစီ အရင်သောက်လိုက်ရင်း စကားတွေ ဘာတွေပြောလို့ပါပဲ။

ထည်ဝါအကဲခတ်ရတာ ဦးရွှေတောင်တစ်ယောက် တစ်ခုခုကို ကျေနပ်နေသလို အမူအရာမျိုးကို တွေ့နေရပါတယ်။





"ဒါနဲ့ ငါ့တူ . . . အန်ကယ်မေးပါရစေဦး၊ အခု ငါ့တူက ငါ့တူမြတ်နိုးတဲ့ ကောင်မလေးက ဒီကိစ္စအမှန်တွေကိုများ သိသွားရင် ငါ့တူဖက်က ဘာတွေပြင်ဆင်ထားလဲ"

ဦးရွှေတောင်က ဘီယာကို မော့ချလိုက်တယ်။ ပြီးတော့ အာလူးကြော်နှစ်ဖတ်ကို မြည်းပါတယ်။

"ဒီပဟေဠိကိစ္စက ကြားထဲမှာ သံမြသာသိသွားခဲ့ရင်လည်း ကျွန်တော့်ဖက်က အမှန်အတိုင်းပြောဖို့ ဝန်မလေးပါဘူး၊ ကျွန်တော်က သူ့ကို သိက္ခာကျစရာဖြစ်အောင် လုပ်တာမှ မဟုတ်တာ အန်ကယ့်ရယ်၊ သူ့ကို မြတ်နိုးလို့ ဖွင့်မပြောရဲလို့ အန်ကယ်နဲ့ အမှတ်မထင်တွေ့ပြီး အန်ကယ့်သွန်ကြားချက်တွေကြောင့် သူ့ဆီပို့လိုက်တဲ့ ပဟေဠိလေးတွေကနေ စကားပြောရတာလေ၊ အဖြစ်မှန်ကို ဖွင့်ပြောတဲ့အခါ အန်ကယ့်အကြောင်းတောင် ပြောဖြစ်အောင် ပြောရဦးမှာ"

"ငါ့တူက ချစ်လာတော့ သတ္တိတွေ ရှိလာတာပေါ့၊ အင်း . . . ဒါကလည်း အချစ်ရဲ့ခွန်အားပဲကိုးကွ၊ တကယ်လို့ ငါ့တူရာ . . . မင်းရဲ့ကောင်မလေးက မင်းကို အဖြစ်မှန်ပြောလို့ မင်းလိုချင်တဲ့ အဖြေပေးပြီးပြီတဲ့၊ ဒါပေမယ့် သူ့မိဘတွေက သဘောမတူရင်ကော ငါ့တူဘာလုပ်မလဲ"

"ဒါကတော့ အန်ကယ်ရယ် . . . သူ့ကို မိဘနှစ်ပါးက မွေးထားတာပဲ၊ သူ့ရဲ့မိဘတွေအနေနဲ့ အဲဒီလောက်တော့ မိဘဖြစ်တဲ့အတွက် လုပ်ပိုင်ခွင့်ရှိမှာပေါ့၊ ဒါကို ကျွန်တော်က မတရားဘူးလို့ ပြောလို့မရဘူးလေ အန်ကယ်ရ၊ အဲဒါကတော့ ကျွန်တော်ကံပေါ့ဗျာ၊ ဪ . . . အန်ကယ် သံမြသာရဲ့အမေက အန်ကယ်ရဲ့ဇနီးလိုပဲ အထူးကုဆရာဝန်ပဲ"

"ဟုတ်လားကွ . . ."

ဦးရွှေတောင်က ဘီယာအနည်းငယ် ခွက်ထဲထပ်ထည့်လိုက်ပါတယ်။

"ဒီခွေးကိစ္စကတော့ အစ်ကိုကြီးရေ၊ ဒီကောင် ဘာဂျီးများသလဲမမေးနဲ့၊ ကျွန်တော့်မှာ ခွေးကို နွားဝယ်သလိုကို ရွေးရတာ၊ ဒီကောင့်ကိစ္စ ကျွန်တော့်မှမဟုတ်ပါဘူး၊ သူ့သူငယ်ချင်း ဒီနှစ်ယောက်လည်း ဘယ်



www.burmeseclassic.com

www.burmeseclassic.com



နေရမလဲ”

“ကိုကြီးကျော်ပြောတာ ဟုတ်တယ် အန်ကယ်၊ ဒီနေ့ဆို ကျွန်တော့်မှာ သံမြသာအခန်းနားကနေ တစ်နေ့လုံး ဖုန်းနဲ့သတင်းပို့နေရတာ၊ ဒီကောင် အေးသိန်းဆို ပိုဆိုးသေးတယ်”

“အန်ကယ်ရာ . . . ကျွန်တော့်မှာ ထည်ဝါနဲ့ လက်ဖက်ရည်ဆိုင် တစ်နေ့လုံးထိုင်ရ၊ ခွေးကိုပိုက်ပြီး ကားဘေးနားမှာ မယောင်မလည်လုပ်ပြီးမှ လူရိပ်လူခြေကြည့်ပြီး ကြိုးချည်ရတာ လွယ်တာမှတ်လို့၊ ရင်တုန်လိုက်တာဆိုတာ”

အေးသိန်းပြောတော့မှ ထည်ဝါက တစ်ခုခုကို သတိရသွားသလိုဖြစ်ကာ . . .

“ဟုတ်တယ် အန်ကယ်၊ ကျွန်တော်က သံမြသာခွေးကိုတွေ့ပြီးလို့ သူ့ဆီသွားတာ ခွေးက ကျွန်တော့်အိမ်မှာ တစ်ရက်လောက်နေတာဆိုတော့ သခင်ကိုမှတ်မိသလို ‘အီ’တာရယ်၊ ကျွန်တော်ကလည်း ယောင်ပြီး ခွေးရဲ့လည်ဂုတ်ကို ပွတ်ပေးမိသေးတယ်၊ နောက်မှ ပြဿနာတွေတက်တော့မှာပဲဆိုပြီး မနည်းသတိထားလိုက်ရတာ”

အဲဒီအချိန်မှာပဲ မှာထားတဲ့ စားဖွယ်ဟင်းလျာတွေ လာချပေးတယ်။ အငွေ့တထောင်းထောင်းနဲ့ စားချင်စရာပါပဲ။

“ကဲ . . . အောင်မြင်မှုအတွက် ချီးယားစ်”

ထည်ဝါက ဘီယာခွက်ကို မြှောက်လိုက်ပြီး ပြောတဲ့အခါ ကျန်တဲ့လေးဦးကလည်း ပြိုင်တူမြှောက်ပြီး သံပြိုင်အော်လိုက်ပါတယ်။

ထည်ဝါက ဦးရွှေတောင်ရဲ့ပန်းကန်ထဲ ဟင်းတွေထည့်ပေးလိုက်ပါတယ်။

“အန်ကယ် ဖြေးဖြေးစားနော်၊ အခု ဒီဆိုင်မှာ ဖွင့်ထားတဲ့ ဂီတသံကို နားဆင်ပြီးစားရင် အချိန်ပိုယူသလိုဖြစ်ပြီး စားတာပမာဏနည်းပြီး ကျန်းမာရေးပိုကောင်းလာမှာ”

“ငါ့တူ မင်းရဲ့စကားကို ရှင်းပါဦးကွ”

ဦးရွှေတောင်က စားနေရင်းကနေ မေးပါတယ်။





“ဂီတခပ်မြူးမြူးကို ဖွင့်ထားပြီးစားရင် သူ့ရဲ့တုန့်ပြန်မှုက လူတာအစားအသောက်ပိုစားပြီး ကျန်းမာရေးနဲ့ကြည့်ရင် မကောင်းဘူး၊ လူတာဝတာတွေဘာတွေ အဖြစ်များတယ်၊ ငြိမ်းညောင်းတဲ့ ဂီတသံနောက်ခံဖွင့်ထားပြီးစားတော့ နှိုင်းနှိုင်းချိန်ချိန် ပိုဖြစ်တယ်တဲ့၊ ဒါကို အမေရိကန်နိုင်ငံ ဂျွန်ဟော့ပ်ကင်းစ်တက္ကသိုလ် သုတေသနပညာရှင်တွေက လေ့လာခဲ့ဘူးတယ်၊ သာမန်လူတစ်ယောက်က သွက်လက်တဲ့ဂီတကို နားထောင်ပြီးစားရင် တစ်မိနစ်ကို အစာငါးလုတ်စားတယ်၊ ဂီတသံနားမထောင်ဘဲစားရင် တစ်မိနစ်ကို လေးလုတ်စားတယ်တဲ့၊ ငြိမ်းညောင်းတဲ့ ဂီတသံစဉ်ကိုဖွင့်ပြီးစားရင် တစ်မိနစ်ကို သုံးလုတ်ပဲစားတယ်တဲ့၊ အဲဒီလိုစားတဲ့အတွက် အစာစားတာ နည်းပါးပြီး ဝတာတွေမဖြစ်ဘဲ ကျန်းမာရေးနဲ့ ညီညွတ်တယ်တဲ့၊ ဒါကြောင့် ဟော်တယ်တွေမှာ ငြိမ့်ညောင်းတဲ့ဂီတသံစဉ်တွေကိုပဲ ဖွင့်တာပေါ့”

“ငါ့တူကတော့ကွာ . . . ဒါလည်း သိတာပဲ၊ အန်ကယ်လည်း ဟော်တယ်တွေမှာ ဒါမျိုးကြုံဖူးပါတယ်၊ ငါ့တူ စဉ်းစားသလို မစဉ်းစားမိဘူး”

ဦးရွှေတောင်က ထည်ဝါ့ကို အထင်ကြီးလေးစားတဲ့ လေသံမျိုးနဲ့ ပြောပါတယ်။

“အလကား . . . ဒီကောင်လျှောက်ပြောနေတာ၊ သူက ကျွန်တော်တို့ အရမ်းစားရင် ပိုက်ဆံတွေကုန်မှာစိုးလို့ ပြောနေတာ၊ ဒီကောင် လျှောစားခိုင်းနေတာ၊ ကျွန်တော်တို့ကတော့ စားမှာပဲ”

ပစ်ကြီးက ဦးရွှေတောင်အား ထည်ဝါ့စကားကို ပြန်ဝေဖန်ရင်းမှ သူ့ပန်းကန်ထဲ ဟင်းတွေထပ်ထည့်ပြီး ဘီယာသောက်လိုက်စားလိုက်နဲ့ အားပေးနေပါတော့တယ်။

“အန်ကယ်ထင်ပါတယ် . . . ငါ့တူနဲ့ ငါ့တူရဲ့ကောင်မလေးတို့ရဲ့ ဟောင်ဝိဇာတ်လမ်းက သာယာချိုမြိန်မှုတွေနဲ့ ဇာတ်သိမ်းတော့မှာပါ”

ဘီယာသောက်နေရင်း ပြောလိုက်တဲ့ ဦးရွှေတောင်စကားက ဘယ်လိုအဓိပ္ပါယ်နဲ့ ပြောသလဲဆိုတာ ထည်ဝါတစ်ယောက် စဉ်းစားလို့



www.burmeseclassic.com

www.burmeseclassic.com



မရအောင် ဖြစ်သွားရင်းက မစဉ်းစားတော့ဘဲ နေလိုက်ပါတော့တယ်။

သင်ကြားနာစံစရာတွေ
တော်တော်များတဲ့ လောကကြီးပဲဗျား
ဂေါက်သီးရိုက်နည်းလည်း သင်ရ
ပိုက်ဆံရဖို့လည်း ဟန်ဆောင်ပြရ ,
ကားမတိုက်အောင်လည်း သတိထားရ
ရေမနစ်အောင်လည်း ရေကူးသင်ရသေး
တွေ့တဲ့လူပြုံးပြရတာလည်း ပါသေးရဲ့၊
အတော် 'ခွ' ကျတဲ့ လောကပဲလေ ...
ပိုဆိုးတာက ချစ်ခြင်းမေတ္တာပဲ
လေ့လာလေ့ကျင့်ရတာ အကြိမ်ကြိမ်
အမှန်တရားဆိုတာကြတော့
သင်ဖို့ကို မလိုပါဘူးတဲ့၊
နှိုးဆော်ထကြွဖို့အတွက်
သူကတော့ 'ရယ်ဒီ' ပဲတဲ့၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ကင်တင်းမှာ ဒီနေ့မှ အဖွဲ့နှစ်ဖွဲ့က လာဆုံကြတယ်။ သံမြသာတို့အဖွဲ့က လူစုံပြီး ထည်ဝါတို့အဖွဲ့က ပစ်ကြီးနဲ့အေးသိန်းပဲ တွေ့ရပြီး ထည်ဝါက ကျောင်းနောက်ကျနေတာလား၊ အတန်းတက်နေလို့လားမသိ မပါလာပါ။ ဒီတော့ ရှိတဲ့လူတွေက ကိုယ့်ဖာသာမှာပြီး ကြိုက်ရာစားလို့နေပါတယ်။

“သံမြသာ . . . ညက နင်ပဟေဠိအဖြစ်ရတဲ့ ခွေးလေးက နေရဲ့လား”

ပထမဦးဆုံး မနေ့ကိစ္စကို ချိုချိုစုကစမေးပြီး ပြောလိုက်လို့ လက်ဖက်ရည်သောက်နေတဲ့ ပစ်ကြီးနဲ့ အေးသိန်းတောင် ‘နင်’မလို ဖြစ်သွားပါတယ်။ ချိုချိုစုတစ်ယောက် ပြောစရာစကားရှားလို့ သွားအစဖော်ပေးလျှက်တယ်လို့။ သူတို့ရှေ့မှာ မသိချင်ယောင်ဆောင်ရမှာ အတော်တော့ ခက်ပြီဆိုပြီး နှစ်ယောက်သားတွေးနေပါတယ်။

“ခွေးလေးက အရမ်းလိမ္မာတာ Love လို့ နာမည်ပေးထားတဲ့အတိုင်း လိမ္မာလိုက်တာ၊ သေသွားတဲ့ ဘော်နီလေးအတိုင်းပဲ၊ မနက်ကျောင်းသွားခါနီးတောင် အမြီးလေးနန့်တန့်တန့်နဲ့ နှုတ်ဆက်သေးတယ်”

“သံမြသာရယ် . . . ဒါဆို နင့်ဆီကို နင်မသိအောင် ပို့ပေးတဲ့





သူကို ကျေးဇူးတင်ရမှာ၊ သိပ်လိမ္မာတဲ့ ခွေးလေးကို အစားထိုးပေးတာ၊ နောက်ဆို သူ့နေရာမှာ အဲဒီလူက အစားထိုးလာရင် ဘယ်လိုလုပ်မလဲ၊ ဒီကိစ္စတွေ အဖြစ်မှန်သိသွားတဲ့အခါပေါ့”

“ခင်သန်းဆင့် . . . ပြောလို့တော့ မရဘူးနော်၊ အဖြေမှန်သိသွားရင် အဲဒီလူကို သံမြသာက မချစ်ဘူးလို့ ပြောလို့မရဘူး . . . သိလား”

မျိုးမျိုးသွယ်က သံမြသာကိုကြည့်ရင်း ပြောပါတယ်။ တစ်ဆတ်တည်းဆိုသလို ပစ်ကြီးနဲ့ အေးသိန်းကို . . .

“ရှင်တို့နှစ်ယောက်ကလည်း လာကတည်းက စကားမပြောဘဲ လက်ဖက်ရည်ပဲ သောက်နေတော့တာပဲ”

“မသောက်လို့ မရဘူးလေဟာ၊ ဗိုက်ဆာနေတာကိုး၊ နင်တို့ပြောနေတာ ဘာတွေမှန်းလဲ မသိဘူး၊ ခွေးတွေကော ပဟေဠိတွေကော ချစ်တာတွေကော ရှုပ်နေတာပဲလေ”

ပစ်ကြီးက ဘာမှမသိသလိုမျိုး ပိပိရိရိ သရုပ်ဆောင်ကောင်းကောင်းနဲ့ ပြောပါတယ်။

“သံမြသာ ကိစ္စပါဟယ်၊ နောက်တော့ သိရမှာ၊ သံမြသာ . . . မနေ့ကပြောပုံအရဆို ကာယကံရှင်ဟာ ဘယ်သူလဲဆိုတာ သိကိုသိရတော့မှာ ဟုတ်တယ် မဟုတ်လား၊ သံမြသာ . . . နင့်ကို သတိထားမိတယ်၊ နင်သိပ်ကြိုက်တဲ့ ပီကေတောင် စားတာမတွေ့ဘူး”

“မစားတာ ကောင်းတာပေါ့ဟ၊ တစ်ချို့ယောက်ျားလေးတွေဟာ မိန်းကလေးပီကေစားနေတာတွေ့ရင် ပါးစပ်နံလို့ စားတယ်လို့ပဲ ထင်နေကြတာ၊ အဲဒီလို အထင်မခံရဘူးပေါ့”

“အေးသိန်း . . . နင်ပြောတာ ဖြစ်နိုင်တယ်၊ သံမြသာနဲ့ မတည့်တဲ့ ထည်ဝါက အဲဒီလိုထင်မှာစိုးလို့ သူမစားတာလားမှ မသိတာ၊ ပြောလိုက်ပါဟယ် . . . ထည်ဝါကို ငါသူငယ်ချင်းသံမြသာက ပါးစပ်မနံပါဘူး အာခံတွင်းက ကြာညိုနံ့သင်းနေတယ်လို့”

ယောက်ျားသားနှစ်ယောက်ရှေ့မှာ မျိုးမျိုးသွယ်တို့ကတော့ ပြောချင်ရာတွေ စွတ်တင်ပြီး ပြောနေပြီလို့။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မျိုးမျိုးသွယ်ရေ၊ ပါးစပ်ညောင်းလို့ . . . ပြီးတော့ ယောက်ျားတွေ ဆေးလိပ်သောက်သလိုမျိုး ကွမ်းစားသလိုမျိုး ပီကေမရှိရင် ဝယ်ဝယ်နေရတာ အလုပ်ရှုပ်လို့ပါဟာ"

"ဒါဆို နင်ပြောတဲ့ ပဟေဠိလုပ်တဲ့လူကို ဖေါ်ထုတ်မယ်ဆိုတာကကော . . ."

အဲဒီအခါ သံမြသာက ပြုံးလိုက်ပြီး . . .

"အဖြေက ငါးဆယ့်ငါးဆယ်ဖြစ်နေတယ်၊ ငါ့ရဲ့တွက်ချက်မှုအရ ငါးဆယ်က မှန်သလိုလို ဖြစ်နေပေမယ့် ကျန်တဲ့ငါးဆယ်က သိပ်မသေချာဘူး၊ ငါ့ရဲ့အသေးစိတ်ကိစ္စတွေကို သိနေတာကိုက အဖြေမှန်ရဲ့တစ်ဖက်က မရေရာတဲ့ ငါးဆယ်မျိုး ဖြစ်နေတယ်"

"တော်ပြီ . . . သံမြသာ ခေါင်းစားတယ်၊ ဘာတွေမှန်း မသိဘူး ဟဲ့ . . . စားမှာစား၊ နောက်မှပဲ သူ့အဖြေမှန်မှ ကြည့်တော့မယ်"

မျိုးမျိုးသွယ်က စိတ်မရှည်တဲ့အဆုံးမှာ ကျန်သူတွေကို စားလက်စတွေ ထပ်စားခိုင်းပါတယ်။

"ဟဲ့ . . . နင်တို့က သံမြသာကိုကျတော့ ရည်းစားကိစ္စ၊ အချစ်ကိစ္စပြောတယ်၊ နင်တို့လည်း ရည်းစားတွေဘာတွေနဲ့ တွဲတာမတွေ့ဘူး ကြိုက်မယ့်သူ မရှိဘူးလား"

"အံမယ် . . . ပစ်ကြီး၊ နင်တို့က ဒါငါတို့ကို အထင်သေးတာလား၊ ငါတို့ထဲမှာ ခင်သန်းဆင့်က စွံပြီးသား၊ တို့အုပ်စုထဲမှာ 'အ'ပါတယ်ဆိုတဲ့ ခင်သန်းဆင့်က ဒီနေရာမှာတော့ သာတယ်ဟ"

"ချိုချိုစု . . . ခင်သန်းဆင့်ရဲ့လူက ဘယ်ကလဲ၊ ဒီတက္ကသိုလ်ထဲကပဲလား"

အေးသိန်းက သိချင်စိတ်နဲ့ မေးပါတယ်။

"ဘယ်ကသာ၊ မိဘတွေက သဘောတူထားလို့ သူတို့အိမ်အဝင်အထွက်လုပ်နေတာ၊ သူကလည်း သဘောကျတယ်လေ"

ချိုချိုစုစကားကြောင့် ခင်သန်းဆင့်က ရှက်သလိုဖြစ်ရင်းမှ . . .

"ငါ နင်တို့ကို ပြောရဦးမယ် သိလား၊ မပြောဖြစ်သေးတာ၊ အခု





တော့ ဒင်းအကြောင်းပြောမယ်၊ ဟိုတစ်ရက်က ငါ့ရဲ့လူနဲ့ ငါတို့ အင်းလျားတန်ပေါင်ဖက်သွားကြတယ်၊ ခုံတန်းလျားမှာထိုင်ရင်း သူက ငါ့လက်ကလေးကိုကိုင်ရင်း ပြောတယ်၊ သူကတဲ့ ကမ္ဘာပေါ်မှာ အချောဆုံး၊ အလှဆုံး၊ အလိမ္မာဆုံး မိန်းကလေးတစ်ယောက်ကို အမြန်လက်ထပ်တော့မယ်တဲ့၊ ငါလေ တစ်ခါတည်းဒေါသထွက်ပြီး ငါနဲ့လူကြီးချင်းသဘောတူတာတောင် နောက်လူကို ငါ့ထက်သာတယ်ဆိုပြီး ယူမယ်ပေါ့၊ ဒါဆိုရတယ် . . . လမ်းခွဲမယ်ဆိုပြီး နှစ်ရက်လောက်ရှိပြီ မတွေ့မခံတာ၊ ဟိုက ရှင်းပြမယ်ပြောတာတောင် ငါက လက်မခံဘူး၊ ငါ့ကို ဒါမျိုးလာလုပ်လို့ ဘယ်ရမလဲ"

ခင်သန်းဆင့်စကားကြောင့် နားထောင်သူအားလုံး ပြုံးစိစိဖြစ်လို့ ခင်သန်းဆင့်က . . .

"ဟဲ့ . . . ငါ့စကားထဲမှာ ဘာရယ်စရာပါလို့လဲ"

အဲဒီအခါ မျိုးမျိုးသွယ်က . . .

"ခင်သန်းဆင့်ရယ် . . . နင်ဟာ တကယ်ပဲ 'အ'တယ်ဆိုတာ ယုံသွားပြီ၊ နင့်လူက အဲဒီလိုပြောတာ ချစ်သူတို့ဘာသာဘာဝ နှစ်ကိုယ်တည်းရှိလို့၊ ချစ်လို့ တင်စားပြောတာ၊ အီစလီကီစလီလုပ်တာ၊ ရုပ်ရှင်ဗွီဒီယိုတွေထဲမှာ နင်မကြည့်ဖူးဘူးလား"

"ဟယ် . . . ဟုတ်လား၊ ဒါဆို သူသိပ်ခံစားနေရတော့မှာပဲ၊ မဖြစ်ပါဘူး . . . အခုပဲ သူ့ရုံးကို ဖုန်းဆက်မယ်"

ခင်သန်းဆင့်တို့မှား အဲဒီလို 'အ'ရင်းက အဖြစ်မှန်သိလို့ သူငယ်ချင်းတွေကိုတောင် မရှက်နိုင်ဘဲ ဖုန်းဆက်ပြီး ဖုန်းထဲကနေ တစ်ဖက်ကလူကို မိန်းမတို့မာယာနဲ့ ပြောနေတာ စကားပြောပုံအရ 'အိုကေ'အဆင်ပြေနေပြီလို့ ထင်ရပါတယ်။

"ဟဲ့ . . . ဟိုမှာ ထည်ဝါပါလား၊ ဟော . . . ဆိုင်ထဲမှာ ဘယ်သူရှိလဲ ကြည့်နေတယ်"

ချိုချိုစုက ဆိုင်ရှေ့ကို လက်ညှိုးထိုးပြရင်း ထည်ဝါက ဆိုင်ထဲလှမ်းကြည့်ပြီး ဝင်ချလာပါတယ်။

"ထည်ဝါ ဘာလဲ . . . သံမြသာဆီက ငါးသောင်းစိုက်ထားလို့



www.burmeseclassic.com

www.burmeseclassic.com



အကြွေးလာတောင်းတာလား"

"မဟုတ်ပါဘူးဗျာ . . ကျွန်တော်က အတန်းတက်နေတာ၊ ပစ်ကြီး နဲ့ ဒေါ်းသိန်းရဲ့အခန်းဖက် သွားရှာသေးတယ်၊ မတွေ့တာနဲ့ ဖုန်းမဆက် တော့ဘဲ ကင်တင်းဖက်မှာ တွေ့နိုင်မယ်ဆိုပြီး ထွက်လာတာပါ"

ချိုချိုစုအမေးကို ထည်ဝါက ဖြေရင်း . . .

"ပစ်ကြီးနဲ့ ဒေါ်းသိန်းမပြောဘူးလား၊ သံမြသာလှူတဲ့ပိုက်ဆံကို ဆေးရုံတက်နေရတဲ့ အဘွားကြီးကို မနေ့ညနေကပဲ သွားပေးတယ်ဆိုတာ"

"ဘာလို့ပြောရမှာလဲကွ၊ ကာယကံရှင်ကို မင်းက ဦးတည်တာပဲ မင်းပြောပေါ့"

ပစ်ကြီးက ထည်ဝါ့ကိုပြောလို့ စကားအဆုံးမှာ ထည်ဝါက . . .

"ဒီနေ့မှ ဘယ်လိုဖြစ်လို့ ဒီနှစ်ဖွဲ့က ဆိုရတာလဲ"

"အမယ်လေး . . . ရေစက်တွေကြောင့်ပေါ့ဟယ်၊ ပြောရတဲ့ အကြောင်းတွေကလည်း အများကြီးပဲ"

"အဲဒါတော့ မှိုးမှိုးသွယ်ပြောတာ ဟုတ်တယ် ထည်ဝါ၊ ငါနဲ့ စကားအရမ်းများပါတယ်ဆိုတဲ့ ပစ်ကြီးတောင် ဘာမှမပြောနိုင်ဘဲ ငုတ် တုတ်မေ့နေကော"

"တီ! . . . တီ! . . . တီ!"

ဒေါ်းသိန်းစကားပြောပြီးတဲ့ အချိန်မှာပဲ ထည်ဝါ့ဟမ်းဖုန်းက မြည်လာလို့ ထည်ဝါက သူ့အကျႌအိတ်ကပ်ထဲ လက်နှိုက်ပြီးယူလိုက်တာ ဟမ်းဖုန်းကော ခွေးပုံလေးပါတဲ့ ကားသော့နဲ့ချိတ်ထားတဲ့ သော့ချိတ်ပါ လက်ထဲပါလာပါတယ်။ ထည်ဝါက ကားသော့ကို စားပွဲခုံပေါ် ချလိုက်ပြီး ဖုန်းကို နားထောင်လိုက်ပါတယ်။

"× × × × × × × × × × × × × × × × × × × × × ×
× × × × × × လုပ်စရာရှိတာ လုပ်ထားပါ၊ အခုလာခဲ့မယ်"

ထည်ဝါက ဟမ်းဖုန်းကိုပိတ်လိုက်ပြီး အကျႌအိတ်ကပ်ထဲ ပြန် ထည့်ရင်းက သူရောက်ကတည်းက ဘာစကားမှမပြောဘဲ သူ့ကိုအထဲ ခတ်နေတဲ့ သံမြသာကို ကြည့်လိုက်ပြီး . . .





"သံမြသာရေ . . . စိတ်တော့ မကောင်းဘူးဗျာ၊ ခင်ဗျားငွေ ငါးသောင်းလှူတဲ့အဘွားကြီး ဆေးရုံမှာ ကွယ်လွန်သွားပြီတဲ့၊ အဲဒါ ကျွန် တော်တို့ နှလုံးလှုအဖွဲ့က ဖုန်းဆက်လို့ မပြေလည်တော့ သူတို့နာရေး ကိစ္စစီစဉ်ဖို့ ငွေကလိုပြီ၊ ကိုကြီးကျော်က ဘဏ္ဍာရေးမှူးဆိုတော့ သူ့ဆီ သွားယူရမယ်၊ ဒါပေမယ့် ခင်ဗျားကုသိုလ်ရပါတယ်ဗျာ၊ မသေခင်မှာ သူ့အတွက် လိုအပ်တဲ့ ဆေးလှူခွင့်ရလို့လေ" -

ထည်ဝါဖုန်းပြောနေကတည်းက စားပွဲခုံပေါ် ချထားတဲ့ ခွေးရုပ် ပုံလေးပါတဲ့ သော့ချိတ်ကိုကြည့်ပြီး စဉ်းစားနေတဲ့ သံမြသာက . . .

"ဒါပေါ့လေ . . . သူ့အသက်ရှည်အောင် လုပ်တာပဲ၊ သူ့ကံပါ သရွေ့ပေါ့၊ ဩော် . . . ထည်ဝါရဲ့ ကျွန်မအလှူအတွက် စိုက်ထားတဲ့ ငွေငါးသောင်းကို ဒီနေ့ယူလာဖို့ ကျွန်မကျောင်းလာခါနီးမှ မေ့သွားတယ်၊ ဒီလိုလုပ်ပါလား . . . နက်ဖြန် ကျွန်မရဲ့အိမ်ကို မနက်ပိုင်းလာခဲ့လေ၊ ကျောင်းပိတ်တာပဲ . . . ကျွန်မ အိမ်ကစောင့်နေမယ်၊ ကျွန်မအိမ်က အောက်ထော်ထဲမှာ × × × × × × × × × × ×"

ထည်ဝါက သံမြသာပြောတဲ့ အိမ်နံပါတ်လိပ်စာကို စိတ်ထဲက နေမှတ်ရင်း အလွတ်ကျက်လိုက်ပါတယ်။

"ဟာဗျာ . . . အားနာစရာကြီး၊ နောက်မှပေးလည်း ရပါတယ်"

"မရပါဘူး . . . လာသာလာယူပါ . . . ဒါပဲ"

"ဒါဆိုလည်း ကောင်းပြီလေ၊ ပစ်ကြီးနဲ့ဒေါ်းသိန်း . . . မင်းတို့ ပါလိုက်ခဲ့၊ ကိုကြီးကျော်ဆီသွားရအောင်"

ထည်ဝါက ပစ်ကြီးနဲ့ ဒေါ်းသိန်းကိုခေါ်ပြီး ဆိုင်ထဲကနေ ထွက် သွားပါတယ်။

ဆိုင်ထဲက ထွက်သွားတဲ့ ထည်ဝါတို့အဖွဲ့ကိုကြည့်ပြီး မှိုးမှိုးသွယ် က . . .

"သံမြသာ . . . ဘာဖြစ်လို့ နင်က ထည်ဝါ့ကို ပိုက်ဆံပေးဖို့ နင့်အိမ်ကိုချိန်းလိုက်ရတာလဲ၊ နင့်မှာ ပိုက်ဆံပါလာတာ ငါတို့သိသားပဲ ဟာ၊ ပြီးတော့ ငါသတိထားမိတယ်၊ ထည်ဝါဖုန်းဆက်တော့ သူ့လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားတဲ့ ခွေးရုပ်ပုံလေးပါတဲ့သော့ချိတ် စားပွဲပေါ် ချထားတာ နှင်တကြည့်ပြီး စဉ်းစားနေတယ်ဆိုတာ အဲဒါကကော"

"နက်ဖြန်မှာ ထည်ဝ့ါကို ငါစာမေးပွဲစစ်ရမယ့် အကွက်တစ်ကွက်ရှိတယ်၊ အဲဒီဟာ သချာဖို့ မေးခွန်းက ငါ့မှာရှိတယ်၊ အဖြေက ထည်ဝ့ါဆီမှာရှိတယ်၊ ထည်ဝ့ါဆီမှာရှိတဲ့ အဖြေဟာ မှန်တာလား၊ မှားတာလားဆိုတာ သချာပြီဆို နောက်ထပ်ကျန်တဲ့ဟာက သူ့အလိုလို ပေါ်လာပြီး ငါ့ဆီရောက်လာတဲ့ ပဟေဠိရဲ့အဖြေကို ရပြီပဲလို့ ငါယုံတယ်"

သံမြသာက နောက်ထပ်ဘာစကားမှ မပြောတော့ပါ။ နက်ဖြန်မှာ သူမမေးမယ့် မေးခွန်းကို ထည်ဝါဘယ်လိုဖြေမလဲဆိုတာ တွေးနေမိပါတော့တယ်။

❑ ❑ ❑



ကမ္ဘာဦးကတည်းက
ပွင့်တဲ့ပန်းဟာ
မင်းနဲ့ကိုယ့်ရဲ့လက်ထဲမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ရင်တွေ နည်းနည်းခုန်နေပါတယ်။ ကားကိုသာ မောင်းနေရပေမယ့် ထည်ဝါစဉ်းစားလို့မရတာ ရှိနေပါတယ်။ သံမြသာက သူစိုက်ပေးထားတဲ့ ငွေငါးသောင်းကို သူမအိမ်မှာ လာယူခိုင်းတာ တကယ်ပဲ မနေ့က ပိုက်ဆံယူလာဖို့ မေ့လာလို့လား၊ ဒါမှမဟုတ် သူမဆီပို့ပို့ပေးတဲ့ ပဟေဠိဆန်ဆန်တွေကြောင့်လား ဘာဆိုဘာလည်း မဝေခွဲတတ်ပါ။ မနေ့က ကျောင်းကနေ နှလုံးရောဂါသည်အဘွားကြီးနာရေးအတွက် ကိစ္စအဝဝကို သွားရောက်ပြီး ထည်ဝါတို့ လူမှုရေးအဖွဲ့က ကူညီပေးတာ ညခုနှစ်နာရီလောက်မှ ပြီးပါတယ်။ ပြီးပြီးချင်းမှာ ဒီကိစ္စတွေကို အကြံပေးတဲ့ ဦးရွှေတောင်ဆီ ဘာဆက်လုပ်သင့်သလဲလို့ ဖုန်းဆက်တော့ ဦးရွှေတောင်က အခြေအနေကောင်းတာပဲ ရဲရဲသာသွားလို့ အကြံပြုပါတယ်။ တော်ရုံတန်ရုံ မိန်းကလေးက ကိုယ့်စိတ်မဝင်စားဘဲနဲ့ ဘယ်သူမှ ကိုယ့်အိမ်မခေါ်ဘူးလို့ ဖုန်းထဲကပြောလို့ ရဲရဲဝံ့ဝံ့လာခဲ့တာပါ။

ဒီကိစ္စနဲ့ပတ်သက်ပြီး ပစ်ကြီး၊ အေးသိန်းနဲ့ ကိုကြီးကျော်တို့ကတော့ ဒါကပြဿနာမဟုတ်တဲ့အကြောင်း အားပေးပါတယ်။

ဘောက်ထော်ထဲမှာ သံမြသာတို့အိမ်ကိုရှာရတာက လွယ်ပါတယ်။ သံမြသာပြောတဲ့အတိုင်းသာဆို ထည်ဝါကားမောင်းနေတဲ့ ညာ





ဖက်အခြမ်းမှာရှိတဲ့ လှမ်းမြင်နေရတဲ့ နှစ်ထပ်တိုက်ဆောက်ထားတဲ့ ခြံဝင်းနဲ့အိမ်ပဲ ဖြစ်ရမယ်ဆိုပြီး ကားကိုခြံဝင်းတံခါးဖွင့်ထားလို့ ဝင်လာခဲ့ပါတယ်။

❑

ခြံထဲက ဒန်းမှာ ခွေးကလေး Love ကို ပွေ့ချီထားတဲ့ သံမြသာက ထည်ဝါရဲ့ကား သူမတို့ခြံထဲဝင်လာတာမြင်တော့ ပြုံးလိုက်ပါတယ်၊ ဒီနေ့တော့ သူမသိပ်သိချင်နေတဲ့ အဖြေကို သိရတော့မှာမို့။ သူမမေးမယ့်မေးခွန်းကို ထည်ဝါဘယ်လိုဖြေမလဲလို့။ သူမဆီ ပဟေဠိဆန်ဆန်ပို့ထားတဲ့ ဟာတွေနဲ့ပတ်သက်ပြီး သူမရဲ့ဖခင်ကိုတောင် ညကမှ ပြောပြခဲ့တာပါ။ ဒါတောင် ခွေးကလေး Love ကို သံဈေးက ဝယ်လာတာလို့တောင် ပထမတော့ သူမက လိမ်ပြီး ပြောမိသေးတယ်။ သူမရဲ့ဖခင်ကတော့ သမီးကြိုက်သလိုဆုံးဖြတ်လို့သာ ပြောပါတယ်။

ထည်ဝါ့အကြောင်းတွေးနေတုန်း ထည်ဝါက ကားကိုရပ်ပြီး သူမရှိတဲ့ ဒန်းဆီသို့ လာနေပါတယ်။

"အိမ်ကို တော်တော်ရှာရလား"

"သိပ်မရှာရပါဘူး၊ သံမြသာတို့အိမ်က ရှာရတာ လွယ်ပါတယ်"

"ထိုင်လေ . . . ပြီးမှ ကျွန်မရဲ့ဒယ်ဒီနဲ့ မိတ်ဆက်ပေးမယ်"

သံမြသာက သူမထိုင်နေတဲ့ ဒန်းမှာ ထိုင်ခိုင်းလို့ ထည်ဝါတသံမြသာနဲ့ မလှမ်းမကမ်းမှာ ထိုင်လိုက်ချိန်မှာပဲ သံမြသာရဲ့လက်ထဲမှာ ပွေ့ထားတဲ့ ခွေးကလေး Love က အတင်းရုန်းပါတယ်။ သံမြသာတပွေ့ထားတာကို ဒန်းပေါ်ထားလိုက်တဲ့အခါ ခွေးကလေး Love က ထိုင်နေတဲ့ ထည်ဝါရဲ့ပေါင်ပေါ်တက်လိုက်ပြီး ပါးစပ်က ညည်းသံလိုပေးရင်းက အမြီးလေးနန့်ပြီး သူ့ခေါင်းနဲ့ ထည်ဝါရဲ့ဝမ်းဗိုက်ကို ဟိုယိမ်းဒီယိမ်းလုပ်ရင်း ဆော့နေပါတယ်။

ဒီမြင်ကွင်းကိုကြည့်ပြီး သံမြသာပြုံးလိုက်ပါတယ်။ သူမရဲ့အပြုံးက သူမအဖြေကို သိလိုက်ရလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ခွေးကလေးက လိမ္မာသားပဲ၊ လူယဉ်တယ်နော်"

ထည်ဝါက ခွေးကလေး Love အကြောင်းပြောတော့ သံမြသာက . . .

"လူယဉ်မှာပေါ့၊ ခွေးဆိုတာ တစ်နေ့တစ်ရက်မြင်တဲ့လူကိုတောင် မှတ်မိတာပဲ၊ သခင်ကို သိလို့ပေါ့"

"သံမြသာပြောတာ ကျွန်တော်နားမလည်ဘူး"

"ရှင် . . . ဘာမှနားမလှည်ချင်ယောင်ဆောင်မနေနဲ့၊ ကျွန်မ မသိအောင် ကျွန်မလိုအပ်နေတဲ့ ကျွန်မစားတတ်တဲ့ ပီကေ၊ သစ်ခွပန်း အနက်ကျားသုံးပွင့်၊ မဂ်လာလက်ထပ်ထိမ်းမြားခြင်းစာအုပ်နဲ့ ဟော့ဒီ ခွေးလေး Love ကို ရှင်ပဟေဠိဆန်ဆန် ဘာကြောင့်ပို့ရတာလဲ၊ လုပ်ရတာလဲ၊ အဲဒါတွေရဲ့ အဖြေကိုသိချင်လို့ ဒီနေ့ရှင့်ကိုပေးစရာရှိတဲ့ ငွေငါးသောင်းကိုပေးရင်း မေးခွန်းထုတ်လိုက်တာ၊ ကျွန်မအဖြေရသွားပြီ၊ ခွေးဆိုတာမျိုးက ကိုယ်နဲ့ရင်းရင်းနှီးနှီးမနေဘူးရင် ခွေးလေး Love လိုမျိုး အမြီးနန့်တာတို့ ခေါင်းတိုးတာမျိုးတို့ မလုပ်ဘူး၊ အခုပဲကြည့် . . . ကျွန်မပွေ့ထားတဲ့ဆီကနေ အတင်းရုန်းပြီး ရှင့်ဆီလာတာလေ၊ ရှင်ဘာငြင်းမလဲ"

ခွေးကလေး Love ကို လက်နှင့်ပွတ်သပ်နေတဲ့ ထည်ဝါက . .

"သံမြသာက ဘယ်လိုဖြစ်လို့ ဒီလိုတထစ်ချပြောနိုင်ရတာလဲ"

"ဒါကတော့ ကျွန်မကောက်ချက်ချကြည့်တာလေ၊ ဒီလိုပဟေဠိကိစ္စတွေဖြစ်တိုင်း ကျွန်မအနီးနားမှာ ရှင့်ကို အမြဲတွေ့ရတာပဲလေ၊ ပထမသံသယဖြစ်မိတာက ခွေးကလေး Love ကို ကျွန်မရဲ့ကားရှေ့မှာ ကြိုးနဲ့ချည်ထားတာတွေ့တုန်း ရှင်ရောက်လာတယ်၊ အဲဒီအချိန်မှာ ခွေးလေး Love က သူ့သခင်မှန်းသိလို့ အမူအရာပြတယ်၊ ဒါက ပထမသံသယ ဒုတိယသံသယက မနေ့က ရှင်ကင်တင်းက ဆိုင်မှာရောက်တုန်း ဖုန်းလာတော့ ရှင့်ရဲ့ကားသော့နဲ့ ခွေးရုပ်ပုံလေးပါတဲ့ သော့ချိတ်ကို စားပွဲပေါ်ချထားလိုက်တာမှာ ဒုတိယသံသယဖြစ်မိတယ်၊ အဲဒီသံသယနှစ်ခုရယ် ဒီပဟေဠိဝှက်တဲ့ဟာပို့တိုင်း ရှင်နဲ့တွေ့တွေ့နေရတာ ဆက်စပ်နိုင်လောက်သလားဆိုပြီး ကျွန်မရဲ့အိမ်ကို အခုလိုခေါ်ပြီး နောက်ဆုံးခွေးလေး Love





နဲ့ အဖြေရှာလိုက်ရတာပဲ"

သံမြသာကို ထည်ဝါမချီးကျူးဘဲ မနေနိုင်ပါ။ သူ့ဖက်က အားလုံးဝိပိရိရိရှိလှပြီထင်နေတာ ခွေးလေး Love နဲ့ကျမှပဲ အားလုံးအမှန်တွေပေါ်ကုန်ပြီလို့။

"ကျွန်မ ထပ်မေးမယ်၊ ရှင် ဒါတွေကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ လုပ်ရတာလဲ"

"ကျွန်တော် အမှန်အတိုင်းပြောမယ်နော်၊ သံမြသာကို ကျွန်တော်ချစ်မြတ်နိုးစုံမက်လို့ပါ၊ တွေ့စတုန်းက အဆင်မပြေဖြစ်ခဲ့တာတွေက ကျွန်တော်က ခင်ဗျားကို မြတ်နိုးဖို့ ဖြစ်လာရတာပဲဆိုပါတော့၊ ဒါနဲ့ပဲ ဒီလိုမြတ်နိုးမိခဲ့လို့ အခုလို ထူးထူးဆန်းဆန်းလေးဖြစ်ရင် သံမြသာက သူ့ဆီပို့နေတဲ့ ပစ္စည်းတွေဟာ ဘယ်သူလဲလို့ စိတ်ဝင်တစားဖြစ်လာမှာလားဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ၊ တကယ်လို့ ကျွန်တော့်အပြုအမူဟာ ရိုင်းပျခဲ့ယ်ဆိုရင် အဲဒါသံမြသာကို ချစ်မြတ်နိုးခဲ့လို့ဆိုတာပဲ မှတ်ယူပေးပါ"

ထည်ဝါက သူ့ပေါင်ပေါ်မှာရှိနေတဲ့ ခွေးကလေး Love ကို မြတ်ခင်းပေါ်ချလိုက်တော့ ခွေးကလေး Love က သူတို့နှစ်ယောက်နားမှာ လှည့်ပတ်ဆော့ကစားနေပါတယ်။

သံမြသာကတော့ ဘာမှမပြောဘဲ ဆိတ်ဆိတ်နေနေလို့၊ ပြီးမှ-

"အဲဒါတွေကို ကြံစည်ဖို့ ရှင်ဘယ်လိုအကြံရသလဲ"

"ကျွန်တော်အမှန်အတိုင်းပြောရရင် အခုလိုမျိုးလုပ်ဖို့ ဘယ်ကြံညီရဲပါ့မလဲ၊ စိတ်ထဲကနေပဲ သံမြသာကို တိတ်တခိုးပဲ မြတ်နိုးနေမိမှာပါပေမယ့် သံမြသာဆီက မေတ္တာတောင်းခံဖို့ သတ္တိတွေရှိလာအောင် အားပေးတဲ့သူက ရှိတယ်လေ၊ သူက သံမြသာဘာကြိုက်တတ်မယ်ဆင်တယ်၊ ဘာလေးကတော့ လိုအပ်လောက်တယ်၊ အဲဒါကို ပါဆယ်ထုပ်ပဟေဠိအဖြစ် ဝှက်ဆိုပြီး တစ်ခုပြီးတစ်ခု လုပ်နိုင်ခဲ့တာ"

ထည်ဝါ့စကားကို သံမြသာစိတ်ဝင်တစား ဖြစ်သွားပါတယ်။

"ရှင်ပဟေဠိအဖြစ် ပို့လိုက်တဲ့ ပစ္စည်းတွေက ကျွန်မလိုအပ်တဲ့ ကြိုက်တတ်တဲ့ အရာတွေ ဖြစ်နေတာကတော့ ထူးဆန်းတယ်၊ အဲဒါ ဘယ်သူ

က ညွှန်ကြားအကြံပေးခဲ့တာလဲ"

"အဲဒီအကြံကိုပေးတာ ဘယ်သူမှမဟုတ်ဘူး . . . ဒယ်ဒီပဲ"

"ရှင်! . . ."

"ဟာ! . . . အန်ကယ်"

ထည်ဝါနဲ့ သံမြသာတို့ စကားပြောတဲ့နေရာကို ဦးရွှေတောင်က ရောက်လာရင်းမှ ထည်ဝါကို သံမြသာက မေးတာဖြေလိုက်လို့ သံမြသာက အံ့အားသင့်သွားသလို ထည်ဝါလည်း ဦးရွှေတောင်ကို တွေ့လိုက်ရလို့ အံ့အားသင့်ရုံမက သင့်သွားပါတယ်။

"အန်ကယ်က သံမြသာရဲ့အဖေလား"

"ဟုတ်တာပေါ့ ငါ့တူရ"

"ဒယ်ဒီက ထည်ဝါကို အကြံပေးလမ်းညွှန်တယ် . . ဟုတ်လား"

"ဟုတ် . . . ဟုတ် . . . သိပ်ဟုတ်ပေါ့"

ဦးရွှေတောင်က ထည်ဝါနဲ့ သံမြသာကိုကြည့်ပြီး ပြုံးရင်းက ခေါင်းညိတ်ပြပြီး ပြောလိုက်ပါတယ်။

"ဒီလိုကွဲ့၊ ဒယ်ဒီ့သမီးက ကျောင်းမှာ မောင်ထည်ဝါနဲ့ ပြဿနာ ဖြစ်တာ ပြောပြတယ်၊ ဒယ်ဒီက မထင်မှတ်ဘဲ ပန်းချီပြပွဲမှာ မောင်ထည်ဝါ နဲ့ဆုံပြီး ရင်းနှီးခဲ့ရင်းက သမီးလိုပဲ မောင်ထည်ဝါက လူမှုရေးလုပ်ငန်းတွေ လုပ်နေသူဆိုတာ သိလာရတယ်၊ ပြီးတော့ ယဉ်ကျေးတဲ့လူငယ်၊ သူ့ကို ဒယ်ဒီက ရည်းစားရှိလားဘာလားမေးတော့ သူက သူမြတ်နိုးနေတဲ့သူ ရှိတယ်ဆိုပြီး သမီးရဲ့ဓါတ်ပုံကို ခိုးရိုက်ထားတာပြရင်း သမီးနဲ့ဆုံတာကို ပြောပြတယ်၊ ဒီအခါမှာ ဒယ်ဒီစဉ်းစားတယ်၊ သမီးနဲ့ မောင်ထည်ဝါဟာ လူငယ်တို့ ဘာသာဘာဝမတည့်ရင်သာနေမယ်၊ လူတွေကို ကရုဏာထား တာ၊ လူမှုရေးလုပ်ငန်းတွေကို လုပ်ဆောင်တာ၊ စိတ်တူကိုယ်တူရှိကြတာကို တွေ့ရတဲ့အပြင် မောင်ထည်ဝါရဲ့မိဘတွေက ဒယ်ဒီ့မိတ်ဆွေရဲ့သူငယ်ချင်း တွေဖြစ်လို့ ဒယ်ဒီက သူ့မိဘနှစ်ပါးကိုတွေ့ဆုံပြီး ဒီအဖြစ်အပျက်တွေကို ပြောပြတာ၊ ဒီအဖြစ်အပျက်တွေ မပြီးဆုံးမခြင်း မောင်ထည်ဝါရဲ့မိဘတွေ ကလည်း မောင်ထည်ဝါကို အသိမပေးဘူးလို့ လျှို့ဝှက်ထားတယ်၊ ဒယ်ဒီ





က မောင်ထည်ဝါနဲ့ဆက်ဆံတဲ့အခါ မောင်ထည်ဝါရဲ့နှစ်လေ့လာကျွမ်း ကျင်မှုကို သိလာရတယ်၊ သူဟာ သမီးရဲ့ခင်ပွန်းကောင်း ဖြစ်ထိုက်တယ် လို့ ဒါကြောင့် ဒယ်ဒီက သူ့ကို အကွက်ချစီစဉ်ခိုင်းတာ၊ သမီးသတိမထား မိလို့ပါ။ သမီးတစ်ခုခုလိုအပ်လို့ ပြောတဲ့အခါတိုင်း ဒယ်ဒီက အနားမှာရှိ နေတာလေ"

သံမြသာ ဘာပြောရမှန်း မသိပါ။

"ဪ . . . ဒါကြောင့် သမီးလိုအပ်နေတာတွေကို ပဟေဠိ အဖြစ် ပါဆယ်ပို့တဲ့သူက သိလှချည်လားလို့၊ ကိုယ့်ရဲ့အနီးစပ်ဆုံးဒယ်ဒီ က ပိပိရိရိဖန်တီးခဲ့တာကိုး"

"အန်ကယ်ရှာ . . . ပြန်တွေးကြည့်တော့ ရယ်ရမလိုလို၊ ရှက် စရာလိုလို၊ ကျွန်တော်တော့ အခုမှ မျက်နှာပူလာတယ်၊ sorry နော် အန်ကယ်၊ သူငယ်ချင်းတွေက ဘာတွေပြောကြဦးမလဲ မသိဘူး"

"ဟုတ်တယ် ဒယ်ဒီ၊ သမီးရဲ့သူငယ်ချင်းတွေလည်း ဒီအကြောင်း သိရင် ဘာပြောကြမလဲ မသိဘူး၊ အံ့အားသင့်ကုန်မှာပဲ"

ဦးရွှေတောင်က သံမြသာကို ကြည့်လိုက်ရင်း . . .

"သမီး . . . လောကမှာ လူ့အကျိုးသယ်ပိုးတဲ့ နိမ့်ကျနွမ်းပါးတဲ့ သူတွေကို စာနာတတ်ပြီး ကူညီကြတဲ့ သမီးနဲ့ မောင်ထည်ဝါက သမီးတို့ ဘဝခရီးမှာ ရှေ့သွားနောက်လိုက်ညီတယ်ကွဲ့၊ ဒယ်ဒီက မေးပါမယ်၊ သမီး မှန်မှန်ဖြေ၊ သမီးက မောင်ထည်ဝါကို နည်းနည်းလေးတောင် စိတ်မဝင် စားဘူးလား"

ဦးရွှေတောင်ရဲ့မေးလိုက်တဲ့ စကားကြောင့် သံမြသာဘာကိုဖြေ ရမှန်းမသိဘဲ သူမလက်ချောင်းတွေ သူမပြန်လိမ်နေပါတယ်။

"သူက သမီးစိတ်ဆိုးအောင် 'ဘု'တောတောတာ"

"သံမြသာလည်း စွာတာပါပဲဗျာ"

ဦးရွှေတောင်က အပြန်အလှန်ပြောသူနှစ်ယောက်ကိုကြည့်ရင်း

"သမီး . . . ဘာမှဆက်မပြောနဲ့တော့၊ ဒယ်ဒီသဘောပေါက်ပြီ သမီးရဲ့နှလုံးသားကို သမီးမလိမ်နဲ့၊ အနည်းနဲ့အများ မောင်ထည်ဝါကို

www.burmeseclassic.com



သမီးစိတ်ဝင်စားနေတယ်ဆိုတာပဲ၊ သမီးရဲ့အခန်းထဲက မှန်တင်ခုံပေါ်မှာ မောင်ထည်ဝါပဟေဠိလုပ်ပြီး ပို့ထားတဲ့ ပီကေဗူး၊ သစ်ခွပန်းခြောက်သုံးပွင့်၊ မင်္ဂလာလက်ထပ်ထိမ်းမြားခြင်းစာအုပ်နဲ့ စာရွက်ခေါက်လေးတွေ၊ ဟောဒီခွေးလေးကို Love လို့ အမည်ပေးတာကိုက မောင်ထည်ဝါမှန်း မသိဘဲ ပဟေဠိလုပ်သူကို သမီးမြတ်နိုးနေတာပဲ၊ ဒါကြောင့် သမီးဒီပစ္စည်းတွေကို မသုံးဘဲ ထားတာပေါ့"

သံမြသာ ဘာပြန်ဖြေရမှန်း မသိပါ။ သူမရဲ့ဖခင်ပြောတာတွေက မှန်နေတာကိုး။

"ပြီးရင် ဒယ်ဒီက မောင်ထည်ဝါရဲ့အဖေနဲ့အမေဆီ ဖုန်းဆက်လိုက်တော့မယ်၊ အဖြစ်မှန်တွေသိလို့ အားလုံးပြီးသွားပြီလို့၊ ဪ . . . ခဏကွယ်"

ဦးရွှေတောင်က ထည်ဝါနဲ့ သံမြသာတို့အနားကနေ ထွက်သွားပြီး အနည်းငယ်အပင်ဖြစ်နေပြီဖြစ်တဲ့ ပန်းပင်လေးတစ်ပင်စိုက်ထားတဲ့ ပန်းအိုးလေးကို ယူလာပါတယ်။

"ဟောဒီအပင်ကလေးက သမီးနဲ့ မောင်ထည်ဝါတို့ကို ရည်ရွယ်ပြီး စိုက်ထားတာ၊ ဒီအပင်လေးကို ရှင်သန်ကြီးထွားလာအောင် ဒယ်ဒီက ရေလောင်းပြုစုယုယတယ်၊ ဒီအပင်လေးကို သမီးနဲ့ မောင်ထည်ဝါအတွက် ပေးမယ်၊ ဒီအပင်လေးကို သမီးတို့နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ပြုစုပျိုးထောင်ရှင်သန်ကြီးထွားအောင်လုပ်ရင်း ဒီအပင်လေးက ပွင့်တဲ့ ပန်းကို ဘုရားလှူ၊ ဒီအပင်လေး ရှင်သန်ကြီးထွားသလိုမျိုး သမီးနဲ့ မောင်ထည်ဝါတို့ရဲ့ အနာဂတ်ခရီးမှာလည်း လူမှုရေးပရဟိတလုပ်ငန်းတွေ ဖန်းမောင်နဲ့နှစ်ယောက် သားစဉ်မြေးဆက်တိုင်အောင် လုပ်ဆောင်နိုင်ပါစေလို့ ဒယ်ဒီရည်ရွယ်တာပါ၊ ရော့ . . . ဒါသမီးနဲ့ မောင်ထည်ဝါတို့အတွက် သံသရာပါမယ့် အမွေပဲ"

ဦးရွှေတောင်က သံမြသာနဲ့ ထည်ဝါရဲ့လက်ထဲကို ပန်းအိုးကမ်းပေးတော့ နှစ်ယောက်သားယူလိုက်ပါတယ်။

"အန်ကယ်ပြောတဲ့ဆန္ဒအတိုင်း တစ်ထပ်တည်းဖြစ်ရမယ်လို့





တတိပေးပါတယ်"

"သာဓု . . . သာဓု . . . သာဓုပါကွယ်၊ ဒယ်ဒီ . . . အိမ်ထဲသွားပြီး မောင်ထည်ဝါရဲ့မိဘတွေဆီ ဖုန်းဆက်ဦးမယ်၊ သမီးတို့ပြောစရာရှိတာ၊ စိတ်ဆိုးစရာရှိတာ၊ စိတ်ကောက်စရာရှိတာ၊ ချော့စရာရှိတာ ချော့ကြပေတော့ . . . ဟား . . . ဟား . . . ဟား"

ဦးရွှေတောင်က ရယ်မောရင်းက အနားကနေ ထွက်သွားကာ အိမ်ထဲဝင်သွားပါတယ်။

"သံမြသာ . . . အန်ကယ်ကတော့ ပြောသွားပြီ၊ အင်း . . . တွန်တော့်ဘဝက ကျွန်တော်မြတ်နိုးတဲ့သူက ကျွန်တော့်ကို အဖြေပေးဖို့ ယောက္ခထီးကလည်း သဘောတူ၊ သမီးကလည်း ကြည်ဖြူဆိုတဲ့အတိုင်း အိမ်တိုင်ရာရောက် လာခိုင်းပြီး ဆုလာဘ်တွေပေးသလို ဖြစ်နေပြီ"

"ဟုတ်တယ် . . . အဖြစ်အပျက်က အဲဒီလိုကို ဖြစ်သွားတာ၊ နေဦး . . . အကြွေးပေးရဦးမယ်"

သံမြသာက သူမဘေးနားမှာရှိတဲ့ စာအိတ်ကို ယူလိုက်ပါတယ်။

"ရော့ . . . အကြွေးငါးသောင်း"

"ဘယ်ဆိုးလို့လဲ၊ အကြွေးယူတဲ့သူက ကတိတည်သားပဲ"

သံမြသာပေးတဲ့ စာအိတ်ကိုယူရင်း ထည်ဝါက လက်စ,စကားကို ရပ်လိုက်ပြီး . . .

"ဒီငွေငါးသောင်းကို ဘဏ်မှာအပ်ထားမယ်၊ ပြန်မထုတ်ဘူး နှစ်တွေကြာလို့ ရလာတဲ့အတိုးနဲ့ အရင်းပေါင်းငွေတွေကို ပရဟိတလူမှုရေးတွေမှာ သီးသန့်အဖြစ် သားတွေသမီးတွေအတွက် ငွေပဒေသာပင် စိုက်ရမယ် . . . သဘောတူလား"

"တူရမှာပေါ့ ထည်ဝါရဲ့၊ ဒါက ကောင်းတဲ့စိတ်ကူးပဲဟာ၊ ကုသိုလ်တွေတော့ ရမှာပဲ"

"သံမြသာရယ် . . . ကျွန်တော်တို့တစ်တွေလုပ်တဲ့ လူမှုရေးလုပ်ငန်းတွေဟာ စာနာစိတ်နဲ့ လုပ်တဲ့လုပ်ငန်းဖြစ်လို့ ကုသိုလ်[illegible] အကုသိုလ်မဖြစ်အောင် နေ့စဉ်နေကြရမယ် . . . ခဏ"

www.burmeseclassic.com



ထည်ဝါက ပြောပြောဆိုဆို အင်္ကျီအိတ်ထဲကနေ ပလပ်စတစ်အကြည်အိတ်လေးနဲ့ ပိတ်ထားတဲ့ အရာတစ်ခုကို ယူလိုက်ပါတယ်။

"ဒါလေးကို မှတ်မိလား၊ ကျွန်တော်က သံမြသာပဲပလာတာစားနေတုန်း ဖုန်းလာတာ လက်ပေနေလို့ သံမြသာဘာလုပ်ရမှန်းမသိဖြစ်လို့ မုန့်ကိုကိုင်ပြီး နားနားမှာ ကပ်ပေးခဲ့တာကို ကျေးဇူးအတင်မခံချင်လို့ဆိုပြီး ကျွန်တော်မယူတာတောင် ကျွန်တော်စားမယ့်ဟာအတွက် ငွေတစ်ထောင်တန်ချပေးခဲ့တာလေ၊ အဲဒါလေးကို ကျွန်တော်အမှတ်တရသိမ်းထားတာ၊ အခုတော့ နှစ်ယောက်အတွက် အမှတ်တရပေါ့"

သံမြသာက ထည်ဝါပေးတဲ့ ပလပ်စတစ်အိတ်အကြည်ထဲထည့်ထားတဲ့ ငွေတစ်ထောင်တန်ကိုယူပြီး ကျေနပ်ကြည်နူးတဲ့ အကြည့်တွေနဲ့ ကြည့်လိုက်ပါတယ်။

"ကျွန်မတို့နှစ်ယောက်ဟာ ဘဝမှာ ဘာမဆိုတန်ဖိုးထားတတ်တဲ့ သူတွေဖြစ်အောင် နေကြရအောင် ထည်ဝါရယ်"

"ဒါပေါ့ . . . သံမြသာရယ်၊ လူဆိုတာ ဘာမဆိုတန်ဖိုးထားတတ်ရမှာပေါ့၊ လာ . . . သံမြသာရဲ့ဒယ်ဒီ အမှတ်တရပေးတဲ့ ဒီပန်းပင်နဲ့ ပန်းအိုးလေးကို ဟိုနားမှာထားပြီး ကျွန်တော်နဲ့သံမြသာ အပင်လေးကို အတူတူရေလောင်းကြရအောင်"

ထည်ဝါပြောတဲ့စကားကို သံမြသာမငြင်းဆိုရက်ပါ။ အခုမှမဟုတ် နောင်လည်း ငြင်းဆန်နိုင်မည်မဟုတ်ပါလို့ စိတ်ထဲကနေဆုံးဖြတ်ပြီး ပန်းအိုးထဲက ပန်းပင်လေးကို ထည်ဝါနဲ့အတူ ရေလောင်းပေးနေမိပါတယ်။

ပန်းပင်ကလေးက ရေလောင်းလိုက်လို့လားမသိ၊ ပိုပြီးတော့ လန်းဆန်းသွားသလိုမျိုး ထည်ဝါနဲ့သံမြသာတို့နှစ်ယောက် ထင်ယောင်မိနေစဉ်မှာ ခွေးကလေး Love ကတော့ သူတို့နှစ်ဦးကို ခေါင်းနဲ့ဟိုတိုးလိုက် ဒီတိုးလိုက် ခုန်ပေါက်ပြေးလွှားဆော့ကစားလိုက်နဲ့ပါပဲ။

အဲဒီမြင်ကွင်းတွေ အားလုံးကို အိမ်ထဲကနေကြည့်ပြီး ကျေနပ်ကြည်နူးမဆုံးဖြစ်နေသူကတော့ ဦးရွှေတောင်ပါပဲ။

ဦးရွှေတောင်အဖို့ ကမ္ဘာဦးကတည်းက လူသားတွေစိုက်ပျိုးပြုစု





ပျိုးထောင်လာတဲ့ အချစ်ဆိုတဲ့ ပန်းပင်မျိုးကို သူက ထည်ဝါနဲ့ သံမြသာတို့အတွက် စိုက်ပျိုးခဲ့ပြီးပြီလေ။

မကြာခင်မှာ အဲဒီအပင်လေးကနေ ကမ္ဘာဦးကတည်းကပွင့်တဲ့ပန်းမျိုး ပွင့်လာတော့မှာက အမှန်ပါပဲလို့။



www.burmeseclassic.com